www.burmeseclassic.com


ရန်ကင်းတောင်စာစဉ်(၂၅)

# ဓမ္မကျောင်းတော်

## Dhamma School

အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ အပိုင်း (၂)

BURMESE CLASSIC



ပထမအကြိမ်

အရှင်ခေမာနန္ဒ(ရန်ကင်းတောရ-သပြေပင်)မှ စုစည်းပြုစုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# " ညီလှာ မမေ့စေနှင့် "

ထို့ကြောင့်သားထွေး။ ငယ်ထွေးလေးက
လူရေးလူရာ၊ ရှိစိမ့်ငါဟု
ကျောင်းမှာမြဲနေ၊ စာပေသင်သင်။
သို့လျှင်သို့ဖတ်၊ သို့မှတ်သို့ရေး
သို့မေးသို့ဖြေ၊ သို့နေသို့ထိုင်
သို့ကိုင်သို့ကြွ၊ သို့ကွသို့ကုန်း
သို့သုံးသို့စွဲ၊ သို့လဲသို့ထား
သို့စားသို့သောက်၊ သို့လျှောက်သို့ဆို
သို့ကိုသို့ကျင့်၊ သို့နှင့် သို့လျှိုး
သို့ရှိခိုးဟု၊ မြတ်နိုးလှစွာ
ညီဆရာက၊ မိန့်သမျှကို
ညီလှာမင်းရွှေ၊ မမေ့စေနှင့်။
စေ့ရေမွေးဘ၊ မှာသမျှကို
ညီလှာရွှေနား၊ ချပ်ခါထား၍
သည်းဖျားမှတ်စေချင်၏တည်း။



(အတုလဆရာတော် ခင်ကြီးဖျော်၏ ပုဇ္ဇဿဝါဒဆုံးမစာမှ)

www.burmeseclassic.com

www.burmeseclassic.com

## " မြန်မာမလေး မသိင်္ဂီ "



မြန်မာမလေး မသိင်္ဂီ
စိတ်ထား မွန်မြတ်သည်၊
ဖြောင့်မတ်တည်ကြည် ဖြူစင်သည့်
သစ္စာစောင့်သိ သိက္ခာရှိ။
မိမိဇာတိ မြတ်နိုးကာ
ထုံးတမ်းစဉ်လာ လေးစားတာ၊
မြန်မာ့ရိုးရာ ဓလေ့များ
ပျော်မွေ့တန်ဖိုးထား။
သနပ်ခါးနဲ့ ပါးကွက်ခြယ်
တစ်ပွင့်ပန်းနဲ့ ယဉ်ကျေးတယ်၊
အလိမ္မာကြွယ် လှပရေး
မြန်မာ့သမီးလေး။

ရေနံ့သာမောင်ကျော်ထွန်း

## " သမီးလိမ္မာ "

ရွှေဘိုသနပ်ခါး သွေးပြီးလျှင်
ရိုးရိုးရှင်းရှင်း လိမ်းကာပင်၊
ခေါင်းမှာဆံပင် ကြက်တောင်စည်း
ပန်းပန် တစ်ပွင့်တည်း။
ချစ်သမီးလေး ယဉ်ယဉ်ရွှယ်
ပြောဆိုနေထိုင် ယဉ်ကျေးတယ်၊
အိမ်မှုသွယ်သွယ် ကူညီပေး
ဖေဖေ မေမေ ချစ်ရင်သွေး။
ဖြူစင်စိတ်ထား ကောင်းဖို့ပြင်
မကောင်းမှုမှ ရှောင်ခွာကြဉ်
ပညာသင်စဉ် အလေးဂရု
သမီးငယ်တွေးလိမ္မာမှု
မိဘ ဆရာ ဆုံးမပြု။ ။



ထဂျာဆရာဦးကျော်ဝေအေး (တောင်တွင်း)

www.burmeseclassic.com

www.burmeseclassic.com


အခြေခံပုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာ (အပိုင်း-၂)

**ရန်ကင်းတောင်စာစဉ် အမှတ်(၂၅)**

**အဖုံးနှင့်အတွင်းပုံနှိပ်** = ရွှေနိုင်ငံ (၀၅၇၄၅) အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။

**ထုတ်ဝေသူ** = ဦးမောင်မောင်လှ (ရွှေနိုင်ငံ-၀၄၁၉၃)

**ဖြန့်ချိရေး** = **ရန်ကင်းတောင်စာစဉ်**

**နေပြည်တော်**

ဖုန်း-၀၉-၄၃၀ ၇၅၇၀၄၊ ၀၉-၄၂၀ ၇၁၂၇၅၈၊ ၀၉-၈၃၀ ၄၄၄၆

**ရန်ကုန်**

ဖုန်း-၀၉-၅၁၃၇၀ ၉၇၉၊ ၀၉-၇၃၀ ၇၀၇၈၁၊ ၀၁-၆၄၅ ၈၉၄

**သစ္စာမဏ္ဍိုင်ပိဋကစာပေ (ရွှေတိဂုံဘုရားတောင်ဖက်မုခ်)**

ဖုန်း -၀၉-၇၃၀ ၉၆၈၉၈၊ ၀၁-၃၈၇၈၄၉

**တန်ဖိုး** = ၇၀၀ ကျပ်

**ထုတ်ဝေသည့်အကြိမ်** = ပထမအကြိမ် ၂၀၁၃ ဩဂုတ်လ ( ၅၀၀၀၀ )


BURMESE CLASSIC


**"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း"(CIP)**

၂၄၉.၃

ခေမာနန္ဒ၊ အရှင်၊ ဓမ္မကျောင်းတော် အခြေခံပုဒ္ဓဘာသာသင်ခန်းစာ
အပိုင်း(၂)/ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)။
-ရန်ကုန်၊ ရွှေနိုင်ငံစာပေ(ပထမအကြိမ်)၊ ၂၀၁၃။
၁၆၈-စာ၊ ၁၂.၇ × ၁၇.၇၈ စင်တီ။
(၁) ဓမ္မကျောင်းတော်အခြေခံပုဒ္ဓဘာသာသင်ခန်းစာ အပိုင်း(၂)




www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးဥပကာရမော်ကွန်း

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ ဓမ္မကျောင်းတော် အပိုင်း(၂)စာမူကို သာသနာ့တာဝန် များပြားသည့်အကြားမှ အချိန်ပေးပြီးစိစစ်တည်းဖြတ်ပြင်ဆင်ပေးတော်မူသည့် ကျေးဇူးရှင် မော်ဘီသာသနာ့ဝန်ဆောင် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒသိရီ (ဓမ္မာစရိယ ဝိနယဝိဒူ)နှင့် ကျေးဇူးရှင်ရန်ကုန် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရိကဉ္စနာဘိဝံသ (အဂ္ဂမဟာအကျော်၊ ဒွိပိဋကၢ ပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ)တို့အား ကျေးဇူးဥပကာရ အထူးတင်ရှိပါသည် ဘုရား။

တိုင်းပညာရေးမှူး(ငြိမ်း) ဆရာကြီးဦးမြင့်ဦးနှင့် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း၏ Founder ဦးလှမျိုးတို့၏ တောင်းပန်လျှောက်ထားမှုကြောင့် မပြည့်စုံသည့် ကျန်းမာရေးကို စောင့်ရှောက်ရင်းမှ သင့်လျော်ရာရာစာမူများကို ရွေးချယ်စိစစ် ရေးသားပြုစုကာ ဤစာအုပ်ကောင်း တစ်အုပ်ဖြစ်လာသည်ထိ ကြောင့်ကြစိုက်ပေးတော်မူသည့် ဆရာတော်အရှင်ခေမာနန္ဒ (ရန်ကင်းတောရ သပြေပင်)တို့အားလည်း ကျေးဇူးဥပကာရ တင်ရှိပါသည်ဘုရား။

ဓမ္မကျောင်းတော်ဖြစ်မြောက်ရေးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ဤကောင်းမှု ကုသိုလ်ကြောင့်

ကမ္ဘာပေါ်တွင်

မြတ်ဗုဒ္ဓသာသနာတော်

အစွန့်ရှည်ကြာ တည်တံ့၍

ကမ္ဘာသူ ကမ္ဘာသားများ

ဝိမုတ္တိသုခကို

ရရှိခံစားနိုင်ကြပါစေသော်(ဝ်)

အရှင်ခေမာနန္ဒ(ရန်ကင်းတောရ-သင်ပြြင်)



www.burmeseclassic.com

www.burmeseclassic.com

## အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာ (အပိုင်း–၂)



ဘိုးဘွားတို့မွေးဖွားရာ မြန်မာ့မြေပေါ်မှ ဘုန်းတော်ကြီးကျောင်းတိုင်းတွင် အပတ်စဉ် တနင်္ဂနွေနေ့များ၌ ဓမ္မကိုသင်ကြားပေးသည့် ဓမ္မကျောင်းတော်များ လျှင်လျှင်မြန်မြန် ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ပေးသင့်ပါသည်။ ဗုဒ္ဓဘာသာလူငယ် မောင်မယ်များ ဘာသာသွေးရဲဖို့ ယခင့် ယခင်ကထက် ယနေ့ပို၍ အရေးတကြီးလိုအပ်နေသည်ကို ဉာဏ်အမြော်အမြင်ကြီးမားတော်မူကြသည့် ရဟန်းပညာရှိ၊ လူပညာရှိ အများသိရှိကြပြီး ဖြစ်ပါသည်။

လူငယ်ထုကို ဗုဒ္ဓယဉ်ကျေးမှုဖြင့် ပြုစုပျိုးထောင်မည့် အစီအမံကောင်းများ ဆထက်ထမ်းပိုး ဆောင်ရွက်ပေးနိုင်မှသာ မြန်မာနိုင်ငံတော်၏ အနာဂတ်ကို ပိုင်ဆိုင်ထားကြသည့် လူငယ်မောင်မယ်များအပေါ် ယနေ့လူကြီးမိဘများ တာဝန်ကျေပွန်တော့မည် ဖြစ်ပါသည်။

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ–သပြေပင်)

### သင်သေသွားသော်

ဪ .....

လူ့ပြည်လောက၊ လူ့ဘဝကား အိုရ နာရ သေရဦးမည် မှန်ပေသည်တည့်။

သို့တပြီးကား၊ သင်သေသွားသော် သင်ဖွားသောမြေ၊ သင်တို့မြေသည်

အခြေတိုးမြှင့်၊ ကျန်ကောင်းသင့်၏။

သင်၏မျိုးသား၊ စာစကားလည်း ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။

သင်ဦးချ၍၊ အမျှဝေရာ စေတီသာနှင့် သစ္စာအရောင် ဉာဏ်တန်ဆောင်လည်း

ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း ...။

ဆရာဇော်ဂျီ



www.burmeseclassic.com

www.burmeseclassic.com



# ဆန္ဒနှင့်ပန်ကြား

နေလုံးကြီးက ထွက်လာပြီ၊ ခေါင်းလောင်းသံစီစီ၊
လက်အုပ်တင်ချီ ရှိသေထား၊ ဘုန်းတော်ကျောင်းသို့ သွားစို့လား။

ဘုန်းတော်ကျောင်းက ဘုန်းဘုန်းဆရာ၊ ဘုရားစာပေ သင်ပေးရာ၊
ကျောင်းသားများစွာ ကျောင်းသူများ၊ ယဉ်ကျေးဖွယ်ရာ သင်ပေးကြ။

ကျောင်းဇရပ်က ဆရာကြီးမေ၊ ဆရာလေးတွေလည်း မကျန်ပေ၊
အမျိုးသမီးတွေ လာလာသမျှ၊ ယဉ်ကျေးဖွယ်ရာ သင်ပေးကြ။

ဆရာ၊ ဆရာမ အများတို့ရေ၊ ဘဂဝါဘုရားက မိန့်မှာချေ၊
ယဉ်ကျေးဖွယ်တွေ လိမ္မာရေး၊ ထပည့်တွေကို သင်ကြလေး။

ရွာတိုင်း ရပ်တိုင်း မြို့တိုင်းမှာ၊ ရပ်ကွက်တိုင်းလည်း မကျန်ပါ၊
ယဉ်ကျေးလိမ္မာ သာယာရေး၊ ကြီးသူတွေက သင်ကာပေး။

သမီး, သားတို့ လိမ္မာချင်၊ မိဘများက ဆုံးမသင်၊
ဘိုး, ဘွားတပင် မြေးချစ်တ၊ ပုံတလေးတွေ ပြောတာပြ။

ကောင်းကျိုးကြည့်ကြ မိဘ, ဆရာ၊ အပြောပျင်းလို့ မဖြစ်ပါ၊
သီလငါးဖြာ ဆုံးခုံဘေး၊ ပြည်လုံးမြန်မာ ချမ်းသာအေး၊
တစ္ဆာလုံးလည်း ငြိမ်းချမ်းစေလေး။

ရွှေသုဝဏ်



www.burmeseclassic.com

www.burmeseclassic.com

အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာ (အပိုင်း-၂)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | ကျေးဇူးဥပကာရ မော်ကွန်း | ဂ |
| * | ဤကောင်းမှုဆုတောင်း | ဃ |
| * | တိုင်းပညာရေးမှူး(ငြိမ်း) ဦးမြင့်ဦး၏ တနင်္ဂနွေဓမ္မကျောင်းတော်ဆိုသည်မှာ | ဋ |
| * | မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးအောင်မြင့်၏ တနင်္ဂနွေဓမ္မကျောင်းတော်၏ မဏ္ဍိုင်(၃)ရပ် | ဏ |
| * | ဦးလှမျိုး၏ CCA သင်ကြားသင်ယူ နည်းစနစ်သုံးသည့် တနင်္ဂနွေဓမ္မကျောင်းတော်များ ဖွင့်ကြပါစို့ | ထ |
| ၁ | မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်အစွမ်း | ၁ |
| ၂ | ဗုဒ္ဓ (ဘုရား) | ၁ |
| ၃ | ဓမ္မ (တရား) | ၂ |
| ၄ | သံဃ (သံဃာ) | ၂ |
| ၅ | ဗုဒ္ဓဘာသာ | ၂ |
| ၆ | ဗုဒ္ဓဘာသာဝင် | ၃ |
| ၇ | ဥပါသကာ၊ ဥပါသိကာမ | ၃ |
| ၈ | ဥပါသကာကောင်း၏ သီလဆိုသည်မှာ | ၃ |
| ၉ | ဥပါသကာတို့ မပြုလုပ်ကောင်းသည့် အရောင်းအဝယ် (၅)မျိုး | ၃ |
| ၁၀ | ဥပါသကာယုတ်နှင့် ဥပါသကာကောင်းတို့၏ အင်္ဂါ (၅)ပါး | ၄ |
| ၁၁ | ဥပါသကာ ဆုတ်ယုတ်ကြောင်း (၇)မျိုး | ၄ |
| ၁၂ | ဥပါသကာ ဂုဏ်ရည် (၁၀)မျိုး | ၅ |
| ၁၃ | သရဏဂုံ အကြောင်း | ၆ |
| ၁၄ | သရဏဂုံသုံးပါး | ၇ |




www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅ | သရဏဂုံပျက်သော ရှိခိုးခြင်းနှင့် သရဏဂုံမပျက်သော ရှိခိုးခြင်း | ၇ |
| ၁၆ | သရဏဂုံပျက်သည့် အကြောင်းနှစ်ပါး | ၈ |
| ၁၇ | သရဏဂုံ မြောက်မှု အလေးပြုဖွယ် | ၉ |
| ၁၈ | သရဏဂုံ ဆောက်တည်ရကျိုးများ | ၉ |
| ၁၉ | ဗုဒ္ဓဘာသာဝင်ကောင်းတစ်ဦး နေ့စဉ်ကောန်ဆောင်ရွက်ရမည့် လုပ်ငန်းများ | ၁၀ |
| ၂၀ | ဗုဒ္ဓဘာသာဝင်တိုင်းသိသင့်သည့် ဥပုသ်အမျိုးမျိုး | ၁၇ |
| ၂၁ | သီလ ကျိုး ပေါက် ပြောက် ကျားသည့်အကြောင်း သိကောင်းစရာများ | ၁၈ |
| ၂၂ | ငါးပါးသီလ ကံမြောက်ကြောင်း အင်္ဂါများ | ၁၉ |
| ၂၃ | ဗျာဒိတ်ရပြီးသည့် ဘုရားအလောင်းတော်တို့ မဖြစ်ရာဌာန | ၂၁ |
| ၂၄ | စိတ်ဖြင့်ဆုတောင်း နှုတ်ဖြင့်ဆုတောင်းရုံမက ကိုယ်တိုင်ကိုယ်ကျ ပါရမီတော်ဖြည့်ကျင့် | ၂၃ |
| ၂၅ | ကမ္ဘာ၏အဓိပ္ပါယ် | ၂၃ |
| ၂၆ | ဘုရားအလောင်းတော်၏ နှစ်ကျိပ်လေးဆူသော ဘုရားရှင် ထံပါး ဗျာဒိတ်ခံယူခဲ့သည့်ဘဝများ | ၂၅ |
| ၂၇ | ဘုရားအလောင်းတော် ပါရမီဖြည့်ကျင့်ခြင်း | ၂၆ |
| ၂၈ | ဒီပင်္ကရာဘုရားထံပါး သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူပုံ | ၂၆ |
| ၂၉ | သုမေဓာ၏ ဘဝအမြင် | ၂၆ |
| ၃၀ | သုမိတ္တာကမ်းသည့် ကြာပန်း (၅)ခိုင် | ၂၇ |
| ၃၁ | ခိုင်မာသော အဓိဋ္ဌာန်နှင့် ရဲရင့်သော ကြိုးဝါးချက် | ၂၉ |
| ၃၂ | ဒါနပါရမီ ဖြည့်ကျင့်တော်မူပုံ | ၃၀ |




www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃ | သီလပါရမီ ဖြည့်ကျင့်တော်မူပုံ | ၃၂ |
| ၃၄ | နေက္ခမ္မပါရမီ ဖြည့်ကျင့်တော်မူပုံ | ၃၃ |
| ၃၅ | ပညာပါရမီ ဖြည့်ကျင့်တော်မူပုံ | ၃၄ |
| ၃၆ | ဝီရိယပါရမီ ဖြည့်ကျင့်တော်မူပုံ | ၃၅ |
| ၃၇ | ခန္တီပါရမီ ဖြည့်ကျင့်တော်မူပုံ | ၃၆ |
| ၃၈ | သစ္စာပါရမီ ဖြည့်ကျင့်တော်မူပုံ | ၃၇ |
| ၃၉ | အဓိဋ္ဌာန်ပါရမီ ဖြည့်ကျင့်တော်မူပုံ | ၃၈ |
| ၄၀ | မေတ္တာပါရမီ ဖြည့်ကျင့်တော်မူပုံ | ၄၀ |
| ၄၁ | ဥပေက္ခာပါရမီ ဖြည့်ကျင့်တော်မူပုံ | ၄၁ |
| ၄၂ | ပါရမီ (၁၀)ပါး အပြား(၃၀) | ၄၂ |
| ၄၃ | စရိယာ(၃)ပါး | ၄၃ |
| ၄၄ | စွန့်ခြင်းကြီး (၅)ပါး | ၄၄ |
| ၄၅ | မြတ်စွာဘုရားရှင်၏ နေ့စဉ်ဆောင်ရွက်မြဲ ဗုဒ္ဓကိစ္စ (၅)ပါး | ၄၅ |
| ၄၆ | အောင်ခြင်းရှစ်ပါး | ၅၁ |
| ၄၇ | မြတ်ဗုဒ္ဓသော်မှ ရှောင်လွှဲမရခဲ့သည့် ဝဋ်မှုတော်တစ်ဆယ့်နှစ်ပါး | ၆၂ |
| ၄၈ | ဝိပါက်တော် (၁၂)ပါး မှတ်ဖွယ်လင်္ကာ | ၇၀ |
| ၄၉ | မေတ္တာသုတ်လာ မေတ္တာပွားနည်း (၁၁)နည်း | ၇၁ |
| ၅၀ | အရပ် (၁၀)မျက်နှာ မေတ္တာပွားနည်း | ၇၂ |
| ၅၁ | မေတ္တာအကျိုး (၁၁)ပါး ဆောင်ပုဒ် | ၇၅ |
| ၅၂ | ဗုဒ္ဓအပေါ် သံဃာ၏ဆန္ဒနှင့် သံဃာအပေါ် ဗုဒ္ဓ၏ဆန္ဒတော် | ၇၅ |
| ၅၃ | သင်္ဂါယနာတင် သမိုင်းအကျဉ်း | ၇၆ |
| ၅၄ | မြန်မာနိုင်ငံ သံဃာ့ဂိုဏ်း (၉)ဂိုဏ်း | ၈၇ |





www.burmeseclassic.com

www.burmeseclassic.com

# အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာ (အပိုင်း-၂)

## မာတိကာ


| ခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၅ | ရောင်ခြည်တော်ခြောက်သွယ်နှင့် သာသနာ့အလံတော် | ၈၈ |
| ၅၆ | ဆုံးမစာများ ॥ စည်းစိမ်ပျက်စီးကြောင်း တရားခြောက်ပါး | ၉၂ |
| ၅၇ | သူတော်ဦးနု၏ စကားပုံဆုံးမစာများ | ၉၄ |
| ၅၈ | လောကနီတိ | ၉၆ |
| ၅၉ | မပြစ်မှားကောင်းသည့် ခင်ပွန်းကြီး (၁၀)ပါး | ၁၀၈ |
| ၆၀ | မဂ္ဂင်ရှစ်ပါး | ၁၀၉ |
| ၆၁ | ဖွားဖက်တော် (၇)ပါး | ၁၁၀ |
| ၆၂ | ကုသလာမစ္ဆရိယ မနာလိုဝန်တို အပြစ်ပို | ၁၁၀ |
| ၆၃ | ကံနှင့်ကံအကျိုးပေးများ | ၁၁၁ |
| ၆၄ | သင်ကြားရာ၌ အထောက်အကူဖြစ်စေမည့် ကံနှင့်ကံ၏ အကျိုးပေးကို ဖော်ဆောင်သည့် ပိဋကတော်လာ ပုံဝတ္ထုများ | ၁၁၄ |
| ၆၅ | သတ္တဝါအများ ကျင်လည်ရာ (၃၁)ဘုံပြဇယား | ၁၂၂ |
| ၆၆ | ရည်ညွှန်းကိုးကားသည့် ကျမ်းညွှန်း | ၁၂၃ |
| | **နောက်ဆက်တွဲ** | |
| က | ဘုန်းတော်ကြီးကျောင်းများ၌ ဓမ္မကျောင်းတော် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ကော်မတီဖွဲ့စည်းပုံ | ၁၂၅ |
| ခ | တနင်္ဂနွေဓမ္မကျောင်းတော် မြို့နယ်ကော်မတီနှင့် ရပ်ကွက် ကျေးရွာကော်မတီတို့၏ လုပ်ငန်းတာဝန်များ | ၁၂၈ |
| ဂ | ဓမ္မကျောင်းတော်အပေါ် သုံးသပ်ချက်စာတမ်း | ၁၃၅ |
| ဃ | သင်ရိုးမာတိကာဇယား | [illegible] |




www.burmeseclassic.com

www.burmeseclassic.com



## တနင်္ဂနွေစမ္မကျောင်းတော်ဆိုသည်မှာ

ဗုဒ္ဓသာသနာတော်မြတ်၏ အဆုံးအမနှင့်အညီ မြန်မာနိုင်ငံအတွင်း၌ လူသားတို့၏ လူမှုရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ ပြဿနာအခက်အခဲများကို ဖြေရှင်းနိုင်ရန်ဟူသော ရည်ရွယ်ချက်ကောင်းဖြင့် ပရဟိတလုပ်ငန်းများကို မိမိတို့ တတ်စွမ်းသမျှ လုပ်ဆောင်လျှက်ရှိကြပါသည်။

ပရဟိတ လုပ်ငန်းများ အရှိန်အဟုန်နှင့် ဆောင်ရွက်နိုင်သော အဖွဲ့အစည်းများ ရှိသကဲ့သို့ ဆောင်ရွက်နေရင်းမှပင် အကြောင်းအမျိုးမျိုးကြောင့် ခေတ္တနားကာ အားယူပြီးမှ ပြန်လည်ဆောင်ရွက်ရသည့် အဖွဲ့အစည်းများလည်း ရှိနေကြပါသည်။ ဆောင်ရွက်နိုင်စွမ်း မရှိတော့ဘဲ ပြိုလဲပျက်စီးသွားရသည့် အဖွဲ့အစည်းများလည်း ရှိကြပါသည်။ အကြောင်းရင်းကို စိစစ်သော် ပရဟိတလုပ်ငန်းများကို ဆောင်ရွက်ရာ၌ လူအင်အား (Men Power)၊ ပစ္စည်းအင်အား (Material Power) စီမံခန့်ခွဲမှု အင်အား (Management Power)နှင့်ငွေအင်အား (Money Power)၊ စသည်တို့ မခိုင်မာ၍ဖြစ်စေ၊ တစ်စုံတစ်ရာစေတနာ မှားနေကြ၍ဖြစ်စေ ပရဟိတ လုပ်ငန်းများ ပေါ်ချီပျောက်ချီ ဖြစ်နေကြရခြင်း ဖြစ်ပါသည်။

အနာဂတ်အရေးကို မြော်မြင်တော်မူကြသည့် ဆရာတော်သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမတို့ ပူးပေါင်းကာ ပရဟိတလုပ်ငန်းတစ်ခုဖြစ်သည့် ကျောင်းသား လူငယ်များအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ၊ ဗုဒ္ဓယဉ်ကျေးလိမ္မာသင်တန်း



www.burmeseclassic.com

www.burmeseclassic.com



များကို မြန်မာနိုင်ငံ၌ လွန်ခဲ့သော ဆယ်စုနှစ်များစွာကပင် အကောင်အထည်ဖော်ခဲ့ကြပါသည်။ သို့သော် သင်တန်း၏ သင်ကြား သင်ယူမှုလုပ်ငန်းသဘာဝနှင့် မြန်မာလူမျိုးအများစုတို့၏ ကောက်ရိုးမီးသဖွယ် သိလွယ် မေ့လွယ်တတ်သော အမှုမဲ့အမှတ်မဲ့ အလေ့အထအရ ယဉ်ကျေးလိမ္မာ သင်တန်းများက ပေးလိုက်သော ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမများသည် ကွာလှမ်းသောဒေသများတွင်နေရသည့် သားချင်းပမာ "ကွယ်မေ့၊ တွေ့သေအောင်လွမ်း"ဘဝဖြင့်သာ တည်ရှိနေခဲ့ကြပါသည်။ လူငယ်များ ယဉ်ကျေးလိမ္မာ၍ မလာခြင်းက လုပ်ငန်း၏ သက်သေဖြစ်နေပါသည်။

ပုဂံခေတ်မှသည် ရှေးမြန်မာများ၏ ဘဝနှင့်စိတ်ဓာတ်ကို တည်ငြိမ်အေးချမ်းအောင် စောင့်ရှောက်တည့်မတ်ကာ ဘဝလမ်းညွှန်ပေးနိုင်ခဲ့သည့် ဗုဒ္ဓသာသနာ အဆုံးအမများသည် အကြောင်းအမျိုးမျိုးကြောင့် ယနေ့လူငယ်တို့၏ နှလုံးသားထဲတွင် ခိုင်မြဲမှု မရှိကြတော့ပါ။ အထူးသဖြင့် လူလတ်ပိုင်းနှင့် ကျောင်းသားလူငယ် လူရွယ်တို့သည် ဗုဒ္ဓဘာသာသင်ခန်းစာများနှင့် စိမ်းနေခဲ့သည်မှာ ကာလကြာမြင့်ခဲ့လေပြီ။

ထို့မျှမက ယနေ့ကမ္ဘာ့ရွာကြီး (Global Village)နှင့် နည်းပညာခေတ် (Technology Age)တို့၏ လှိုင်းတံပိုး ရိုက်ခတ်မှုဒဏ်ကြောင့် လူငယ်များသာမက သူတို့၏ပတ်ဝန်းကျင်ကိုပါ မငြိမ်းချမ်းစေနိုင်တော့ပါ။ ဆရာ၊ ဒကာ ဟန်ချက်ညီစွာ အပြန်အလှန် အမှီသဟဲပြုလျက် လျှောက်လှမ်းလာခဲ့သည့် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော် ခရီးရှည်ကြီး၏ အနာဂတ်သည် မှိုင်းပြ မှုန်ဝါးကာနေပါသည်။ ထို့ကြောင့် တိုင်းပြည်၏



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်ကို ပိုင်ဆိုင်ထားကြသည့် ယနေ့လူငယ်များ လက်ဝယ်သို့ ဗုဒ္ဓသာသနာ တာဝန်ကြီးကို လွှဲပြောင်းပေးနိုင်ရန် မိဘ ဆရာသမားတို့ကမဝံ့မရဲ ဖြစ်နေကြရလေပြီ။

စဉ်းစာစရာရှိလာပါသည်။ ကျွန်တော်ပညာရေးဌာန၏ လုပ်သက်(၃၈)နှစ် အတွေ့အကြုံအရ သုံးသပ်ရသော် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အဆုံးအမများကို သမရိုးကျ သင်ကြားနည်းစနစ်ဖြင့်သာ သင်ကြားပေးနေပါက ယနေ့ခေတ် လူငယ်များ ခံယူနိုင်စွမ်း မရှိကြတော့ပါ။ နည်းပညာခေတ်၏ ရိုက်ခတ်မှုဒဏ်ကြောင့် အာရုံမျိုးစုံ၏ ကြားဝယ် နစ်မျောနေသော ယနေ့ကျောင်းသားလူငယ်များကို အချိန်အနည်းငယ်အတွင်း အဆုံးအမကောင်းများ အနည်းငယ်ဆီကို သူတို့ရင်ထဲစွဲမြဲစွာ ထင်ကျန်ရစ်ရလေအောင် သင်ကြား သင်ယူမှုစနစ်ကောင်းဖြင့် ဗုဒ္ဓဓမ္မအမွေများ သင်ကြားပေးမှ ဖြစ်ပေတော့မည်။

နိုင်ငံတစ်ဝှမ်း ဘုန်းတော်ကြီးကျောင်းများ၌ လူငယ်များ ဗုဒ္ဓဓမ္မအမွေများပေးနိုင်မည့် ဌာနအဖြစ်ဖန်တီးကာ ထိုထိုရပ်ကွက် ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းသို့ ယနေ့ လူငယ် မောင်မယ်များ ရောက်ရှိရေးကို အချိန်မနှောင်းမီ စီစဉ်ပေးရတော့မည်။ ထိုထိုကျောင်းများ၌ တစ်ပတ်လျှင် တစ်ရက်၊ တစ်ရက်လျှင် တစ်မနက်တွင် ထက်မြက်ပြီး ခေတ်မီသော (CCA) သင်ကြားနည်းစနစ်ဖြင့် ဗုဒ္ဓသာသနာ အဆုံးအမများကို အပတ်စဉ်မပျက် သင်ကြား၍ ဗုဒ္ဓသာသနာ့အမွေ ပေးရပါမည်။

ပညာရေးဌာန လက်အောက်၌ သင်ကြား သင်ယူမှုလုပ်ငန်းပေါ်တွင် ဘဝရပ်တည်နေကြသည့် ဌာနလုပ်ငန်းခွင်အတွင်းမှ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာ, ဆရာမများ၊ အငြိမ်းစားဆရာ, ဆရာမများအားလုံး ဗုဒ္ဓဘာသာဝင် မှန်လျှင် ကျန်းမာရေး အခြေအနေပေးပါက (တစ်ယောက်မကျန်) အမျိုးဘာသာ သာသနာ၏ တာဝန်အဖြစ် ခံယူစေချင်ပါသည်။

ထို့ကြောင့် ဤကမ္ဘာမြေပေါ်တွင် ဗုဒ္ဓသာသနာတော် ကာလ ကြာရှည် တည်တံ့နိုင်စေခြင်း အလို့ငှါ "ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု" ဟူသည့် အဋ္ဌကထာအဆုံးအမတော်ကို နှုတ်ဖြင့်သာ ပူဇော်နေရုံ မဟုတ်ဘဲ မဖြစ်မနေ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက် ကြပါဟု အနာဂတ်သာသနာတော်အကျိုး ရည်မျှော်ကိုးလျှက် ရေးသား တင်ပြအပ်ပါသည်။

ဦးမြင့်ဦး B.Sc; Dip.Ed
တိုင်းပညာရေးမှူး(ငြိမ်း)
နေပြည်တော်



www.burmeseclassic.com

www.burmeseclassic.com



## တနင်္ဂနွေဓမ္မကျောင်းတော်၏ မဏ္ဍိုင်(၃)ရပ်

မျိုးဆက်သစ် လူငယ်တို့၏ နှလုံးသားတွင် မြတ်ဗုဒ္ဓ၏ အဆုံးအမများ တည်နိုင်ရေးအတွက် ဆရာတော် သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင် လူကြီးမိဘများ၊ ဆရာ၊ ဆရာမများအားလုံး တစ်စိတ်တစ်ဝမ်းတည်း နိုင်ငံတစ်ဝှမ်း ဗုဒ္ဓဓမ္မကျောင်းတော်များဖွင့်၍ သာသနာ့အမွေကို ယခုထက် အချိန်မနှောင်းမီ လက်ဆင့်ကမ်းပေးရတော့မည်။

တနင်္ဂနွေဓမ္မကျောင်းတော်များကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာများရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများတွင် ဖွင့်ကြရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ရွာဦးကျောင်းဆရာတော်ဘုရားကြီးများနှင့် သံဃာတော် အရှင်သူမြတ်တို့သည် ကြီးမားသောသည်းခံခြင်း၊ နွေးထွေးသောကရုဏာတို့ဖြင့် စောင့်ရှောက်အားပေးလျက် ဦးဆောင်မှုပေးရခြင်းမှာ ဓမ္မကျောင်းတော်၏ ပထမမဏ္ဍိုင် တစ်ရပ်ဖြစ်ပါသည်။ ပစ္စည်းလေးပါး ဒါယကာအဖြစ် သာသနာတော်ကို အားပေးပူဇော်ကြသော ပစ္စယနုဂ္ဂဟ အလှူရှင်မိဘများ၏ ရင်သွေးငယ်များ ဗုဒ္ဓသာသနာ့အမွေ ခိုင်မြဲစွာ ရရှိနိုင်မည့်အရေးဖြစ်၍ ဝမ်းမြောက်စွာ စောင့်ရှောက် ချီးမြှောက်တော်မူကြပါကုန်ဘုရား။

ဗုဒ္ဓသာသနာ့အဆုံးအမများကို ထေရဝါဒမူဘောင်နှင့် မတိမ်းစောင်းစေရန် ဆရာတော်သံဃာတော်များထံမှ အဆုံးအမခံလျက် ကျောင်းသား လူငယ် မောင်မယ်များအား ခေတ်မီသည့် သင်နည်းစနစ်ဖြင့် သင်ကြားပေးကြရမည့် ဆရာ၊ ဆရာမတို့ကား တနင်္ဂနွေဓမ္မကျောင်းတော်၏ မပါမဖြစ် အရေးကြီးလှသော ဒုတိယမဏ္ဍိုင် ဖြစ်ပါသည်။ သာသနာတည်တံ့ ပြန့်ပွားရေး၏ အရေးကြီးသော



www.burmeseclassic.com

www.burmeseclassic.com



သွေးကြောကြီး တစ်မျှင်ဖြစ်ပါ၏။ သာသနာတော်အတွက် လည်းကောင်း အမျိုးသားရေးအတွက် လည်းကောင်း မပြစ်မနေကျရောက်လာသည့် ဝန်ကို ထမ်းဆောင်ရမည့် ပုဂ္ဂိုလ်မြတ်များအဖြစ် ဂုဏ်ယူစွာ ဝမ်းမြောက် အားတက် ပါဝင်ဆောင်ရွက်သင့်လှပါသည် ဆရာ၊ ဆရာမများ ခင်ဗျား။

စောင့်ရှောက် ချီးမြှောက်တော်မူကြမည့် ဆရာတော် သံဃာတော်များ၊ သာသနာအဆုံးအမ အမွေများ မှန်မှန်ကန်ကန်သင်ကြားဆင့်ပွား ပေးမည့် ဆရာ၊ ဆရာမများရှိရာ တနင်္ဂနွေဓမ္မကျောင်းတော်များသို့ မိမိတို့ အနာဂတ်အင်အား မောင်ကျောင်းသား၊ မကျောင်းသူတို့ကို ကြည်ကြည်ဖြူဖြူ ပျော်ပျော်ရွှင်ရွှင် တက်ရောက်နိုင်မည့်အရေး၊ ကျောင်းနေ ပျော်ကာ သာသနာအပေါ် ယုံကြည်အားကိုးလာရေးကို လက်မနှေးဘဲ အားပေးထောက်ပံ့ကြရမည့် ကျောင်းသားမိဖများ၊ ရပ်မိရပ်ဖများ အုပ်ချုပ်သူ လူကြီးများကား တနင်္ဂနွေဓမ္မကျောင်းတော်၏ တတိယ မဏ္ဍိုင် ကြီးဖြစ်ပါသည်။

မဏ္ဍိုင်(၃)ရပ်၏ ရပ်တည်မှုနှင့် ဆောင်ရွက်မှု၌ ဟန်ချက်ညီမှု၊ ဖွဲ့သန်မှု၊ သည်းခံမှုတို့ဖြင့် တနင်္ဂနွေဓမ္မကျောင်းတော်များ ဖွင့်လှစ်ကြ ပါစို့၊ တည်တံ့အောင် ဆောင်ရွက်ကြပါစို့၊ ကိုယ်ကျင့်သီလ ခိုင်မာစွာဖြင့် အနာဂတ်နိုင်ငံတော်ကို စောင့်ရှောက်ကြမည့် အနာဂတ်ခေါင်းဆောင် ကောင်း၊ နောက်လိုက်ကောင်းများ မွေးထုတ်ကြပါစို့ဟု နှိုးဆော် တိုက်တွန်း အပ်ပါသည်ခင်ဗျား။

ဦးအောင်မြင့် B.Sc; B.Ed
မြို့နယ်ပညာရေးမှူး (ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com



## CCA သင်ကြားသင်ယူနည်းစနစ်သုံးသည့် တနင်္ဂနွေဓမ္မကျောင်းတော်များ ဖွင့်ကြပါစို့

ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓဘာသာ (၅)နိုင်ငံ ရှိသည့်အနက် မြန်မာနိုင်ငံသည်သာ ထေရဝါဒသာသနာ့အုတ်မြစ် ခိုင်ခံ့သည့် နိုင်ငံ ဖြစ်ပါသည်။ ရှေးရှေးမြန်မာမင်းများ လက်ထက်ကပင် ဗုဒ္ဓသာသနာတော်ကို ကာလရှည်ကြာ အသန့်ရှင်းဆုံး ထိန်းသိမ်းထားနိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာ့မြေပေါ်၌ ဗုဒ္ဓလက်ထက်တော်နှင့်မခြား ရာစုနှစ်ပေါင်းများစွာ တည်တံ့လာခဲ့သည့် ထေရဝါဒသာသနာတော်ကြီး ယုတ်လျော့ကျဆင်း မသွားစေရန်မှာ သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်တို့၏ သမိုင်းပေး တာဝန်ကြီးတစ်ရပ် ဖြစ်ပါသည်။

ဤတာဝန်ကို ပခုံးပြောင်းကာ ထမ်းဆောင်ကြမည့် တိုင်းပြည်၏ အနာဂတ်ကို ပိုင်ဆိုင်ထားကြသည့် လူငယ်မောင်မယ်များ ယဉ်ကျေးလိမ္မာပြီး စာရိတ္တမဏ္ဍိုင်မြင့်မားကာ အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးတတ်သည့် လူတော်လူကောင်းများ ဖြစ်ထွန်းလာစေရန် ဤစာအုပ်က ရည်ရွယ်ပါသည်။

မြတ်ဗုဒ္ဓ၏ဒေသနာတော် လူငယ်များ နှလုံးသားထဲ စွဲမြဲတည်စေရန် သင်ကြား သင်ယူရေး လုပ်ငန်းစဉ်ကောင်း(Good Teaching and Learning Process)ကိုအသုံး ပြုရမည်ဖြစ်ပါသည်။ ကမ္ဘာ့ပညာရှင်များက အသိအမှတ်ပြု လက်ခံထားသည့် (CCA) Child- Centered Approach နည်းစနစ်သည် ယနေ့ဗုဒ္ဓဘာသာဝင် လူငယ်များအတွက် အသင့်တော်ဆုံး နည်းစနစ်ကောင်းပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(CCA)သင်ကြားနည်းသည် ကလေးများကို ဘက်ပေါင်းစုံမှ ချွေးထွေး ယုယကြင်နာစွာ သင်ကြားပေးသော နည်းဖြစ်ပါသည်။ သိပ္ပံနည်းလည်း ကျပါသည်။ ဗုဒ္ဓဒေသနာတော်နှင့်လည်း ညီညွတ်ပါသည်။ ကလေးများ၏ ပင်ကိုယ်ဉာဏ်ကို ဖွံ့ဖြိုးတိုးတက်စေသော နည်းလမ်းကောင်းလည်း ဖြစ်ပါသည်။ ကလေးများ မိမိကိုယ်ကို ယုံကြည်၍ ဦးဆောင်နိုင်စွမ်းရည်ကို ပေါ်ထွက်လာစေပါသည်။

ထိုမျှမက ဗုဒ္ဓဘာသာ ရင်သွေးငယ်များ၏ရင်ထဲ ဉာတတ္ထစရိယာ၊ လောကတ္ထစရိယာ အကျင့်နှစ်ဖြာအတွက် ခိုင်မာသည့် အုတ်မြစ်ချပေးနိုင်သော သင်ကြားနည်းကောင်း ဖြစ်ပေသည်။ ထို့ကြောင့် ဤအဆင့်မြင့် သင်ကြားနည်းဖြင့် ဤစာအုပ်ပါ သင်ခန်းစာများကို သင်ကြားပေးနိုင်မည်ဆိုလျှင် တိုင်းပြည်၏ အနာဂတ်ကို ပိုင်ဆိုင်ထားကြသည့် ဗုဒ္ဓဘာသာဝင် ရင်သွေးငယ်များ ယဉ်ကျေးလိမ္မာလာကာ အမျိုးဘာသာ သာသနာကို ကေန်မုချ စောင့်ရှောက်နိုင်ပေတော့မည်။

ဦးလှမျိုး
ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း၏ Founder




www.burmeseclassic.com

www.burmeseclassic.com



## မြတ်ဗုဒ္ဓ၏သဗ္ဗညုတ ဉာဏ်တော်အစွမ်း

၁။ သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဝစုံလင်၊ အကုန်မြင်၊ သဗ္ဗညု ဉာဏ်တော် အစွမ်းတည်း။



၂။ သိသည့်တရား၊ များအပြား၌၊ ဟောထားစဖွယ်၊ နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗညု ဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊ ဣန္ဒြေစရိုက်၊ သူ့အကြိုက်ကို၊ နှိုက်ချွတ်စုံလင်၊ အကုန်မြင်၊ သဗ္ဗညုဉာဏ်တော်အစွမ်းတည်း။

၄။ ဉာဏ်တော်စွမ်းပကား၊ ဤသုံးပါးကြောင့်၊ အများဝေနေ၊ ကျွတ်လွတ်စေဖို့၊ မနေမနား၊ သက်တော် အားဖြင့်၊ ကြီးမားလေဘိ၊ ရှစ်ဆယ်ပြည့်၍၊ ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင်၊ သယ်ယူဆောင်၊ ဘုန်းခေါင်ငါတို့ဘုရားတည်း။

သဗ္ဗညုဉာဏ်တော်၊ စွမ်းသုံးဖော်နှင့်၊ ဂုဏ်တော်အနန္တ ပြည့်စုံလှသည့်၊ ဗုဒ္ဓသခင်၊ ဘုရားရှင်ကို၊ အစဉ်မြတ်နိုး၊ ဦးနှိမ်ချိုး၊ ရှိခိုးပါ၏ဘုရား။



### ဗုဒ္ဓ (ဘုရား)

သစ္စာလေးပါးတရားတော်ကို သူတစ်ပါးထံနည်းမခံဘဲ မိမိကိုယ်တိုင် ဉာဏ်အဟုန် အစွမ်းဖြင့် စူးစမ်းရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com



ကာ မှန်ကန်စွာစွာသိမြင်တော်မူသော အမြတ်ဆုံးပုဂ္ဂိုလ်ကို ဗုဒ္ဓ(ဘုရား) ဟု ခေါ်ပါသည်။



## ဓမ္မ (တရား)

ယုံကြည်လိုက်နာ ကျင့်ကြံ အားထုတ်သူတို့ကို အပါယ်စသော ဆင်းရဲတို့မှ လွတ်အောင် ဆောင်တတ်သော မဂ်, ဖိုလ်, နိဗ္ဗာန်, ပရိယတ်များကို ဓမ္မ(တရား)ဟု ခေါ်ပါ သည်။

## သံဃ (သံဃာ)



မြတ်စွာဘုရား၏ ဆုံးမသြဝါဒတရားကို လိုက်နာကျင့်ကြံ အားထုတ်ကြ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရတော်မူပြီးကြသော အရိယာ သံဃာတော်များနှင့် အရိယာနွယ်ဝင် ပုထုဇဉ် ရဟန်းတော်များကို သံဃ(သံဃာ)ဟု ခေါ်ပါသည်။

## ဗုဒ္ဓဘာသာ



ဗုဒ္ဓမြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့ အကျိုးစီးပွား တိုးပွားရန် နိဗ္ဗာန်အလို့ငှာဟောကြားတော်မူခဲ့သည့် တရားဒေသနာတော်များကိုပင် ဗုဒ္ဓဘာသာဟု ခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဘာသာဝင်



ဘုရားရှင် ဟောကြားတော်မူအပ်သော တရားနည်းလမ်းအတိုင်း လိုက်နာကျင့်ကြံကာ၊ ဘုရားတရားတော်မြတ်ကို ယုံကြည်၍ ကိုးကွယ်သောသူများကို ဗုဒ္ဓဘာသာဝင်ဟု ခေါ်သည်။

## ဥပါသကာ၊ ဥပါသိကာမ



စစ်မှန်သည့် ရတနာသုံးပါးကို ယုံကြည် ဆည်းကပ်နေသူ အမျိုးသားကို "ဥပါသကာ"၊ အမျိုးသမီးကို "ဥပါသိကာမ"ဟုခေါ်သည်။

## ဥပါသကာ၊ ဥပါသိကာမ၏ သီလဆိုသည်မှာ



ဥပါသကာသည် အနည်းဆုံး ငါးပါးသီလနှင့်ပြည့်စုံရမည်။ အလုပ်အကိုင်လုပ်ရာ၌ အသက်မွေးဝမ်းကြောင်း လုပ်ငန်းသန့်ရှင်းရန် လိုသေးသည်။ အသက်မွေးမှု မစင်ကြယ်ပါက ငါးပါးသီလကို ပျက်ပြားစေနိုင်ပါသည်။

## ဥပါသကာ၊ ဥပါသိကာမတို့ မပြုလုပ်ကောင်းသည့် အရောင်းအဝယ် (၅)မျိုး

၁။ သတ္တဝါဏိဇ္ဇ = လက်နက်ရောင်းဝယ်ခြင်း။

၂။ သတ္တဝါဏိဇ္ဇ = လူကို ရောင်းဝယ်ခြင်း။

၃။ မံသဝါဏိဇ္ဇ = အသားကို ရောင်းဝယ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



၄။ မဇ္ဇဝါဏိဇ္ဇ = သေရည်အရက် ဘိန်းမဲ ဘိန်းဖြူ မူးယစ်စေတတ်သောဆေးလုံး ဆေးပြား စသည်တို့ကို ရောင်းဝယ်ခြင်း။

၅။ ဝိသဝါဏိဇ္ဇ = အဆိပ်ကို ရောင်းဝယ်ခြင်း။

## ဥပါသကာယုတ်၊ ဥပါသကာမြတ် အင်္ဂါ (၅)ပါး



၁။ သဒ္ဓါတရားမရှိခြင်း။

၂။ အကျင့်သီလ ပျက်စီးခြင်း။

၃။ ကောင်းတာကိုမြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ တွေ့ထိရလျှင် ကြီးပွားကြောင်း မင်္ဂလာဟု ယုံကြည်သက်ဝင်တတ်ခြင်း။

၄။ လောကီမင်္ဂလာကိုသာ ယုံကြည် လက်ခံ၍ ကံကိုမယုံကြည်ခြင်း။


၅။ ဗုဒ္ဓသာသနာတော်မှတစ်ပါး အခြားအလှူခံ ပုဂ္ဂိုလ်ကို ဦးစားပေးလှူပြီးမှ သာသနာတော်ကိုမူ နောက်မှလှူခြင်း။

ဤအင်္ဂါ(၅)ပါးနှင့် ပြည့်စုံသူသည် ဥပါသကာယုတ်ဖြစ်၍ မပြည့်စုံသူသည် ဥပါသကာမြတ် ဖြစ်ပေသည်။

## ဥပါသကာ ဆုတ်ယုတ်ကြောင်း (၇)မျိုး

၁။ ရဟန်းသံဃာများအား တွေ့ဆုံဖူးမြော်မှုယုတ်လျော့ခြင်း။

၂။ တရားနာယူမှု၌ မေ့လျော့ခြင်း။



၃။ ကိုယ်ကျင့်သီလ လုံခြုံအောင် မစောင့်ထိန်းခြင်း။

၄။ သံဃာတော်များအပေါ်၌ ကြည်ညိုမှုအားနည်းခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၅။ အပြစ်ရှာလိုသောစိတ်ဖြင့် တရားနာခြင်း။

၆။ သာသနာအပြင်ဘက်၌ အလှူခံပုဂ္ဂိုလ်ကို မျှော်ကိုးခြင်း။

၇။ ကုသိုလ်ပြုရာ၌လည်း သာသနာအပြင်ဘက်၌ ဦးစားပေးပြီးမှ သာသနာတော်အတွက် နောက်ကျမှ ကုသိုလ်ပြုခြင်း။

ဥပါသကာပြည့်စုံကြောင်း အရည်အချင်း(၇)မျိုးကို အပြန်နည်းအားဖြင့် မှတ်ယူရ၏။

## ဥပါသကာ ဂုဏ်ရည် (၁၀)မျိုး

၁။ သံဃာတော်များနှင့် ချမ်းသာမကွဲ ဆင်းရဲအတူရှိခြင်း။

၂။ မြတ်ဘုရား၏ တရားကိုသာ အလေးဂရုထားခြင်း။

၃။ မိမိစီးပွားရေးအလျောက် ခွဲဝေလှူဒါန်းခြင်း။

၄။ မြတ်စွာဘုရား သာသနာဆုတ်ယုတ်ပျက်စီးမည်ကို ကြားလျှင် မြင်လျှင် တည်တံ့ပြန့်ပွားအောင် ကြိုးစားခြင်း။



၅။ ဖြောင့်မှန်သောအယူရှိခြင်း။

၆။ ကောတုဟလကို မင်္ဂလာဟု မယုံကြည်ခြင်း။

၇။ အသက်ဟူသော အကြောင်းကြောင့် သာသနာပြင်ပ ပုဂ္ဂိုလ်ကို ကိုးကွယ်မှုမပြုခြင်း။

၈။ ကာယကံ ဝစီကံတို့ကို အပြစ်ကင်းအောင် စောင့်ထိန်းခြင်း။

၉။ အချင်းချင်း ညီညွတ်စွာနေထိုင်၍ ဝန်တိုမှု၊ ငြူစူမှုမရှိခြင်း၊ ကောက်ကျစ်စဉ်းလဲမှု၊ ဝါကြွားမှုမရှိခြင်း။

၁၀။ ဘုရား၊ တရား၊ သံဃာတော်ကိုသာ ကိုးကွယ်ဆည်းကပ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြခဲ့ပြီးသော ကိုယ်ကျင့်သီလ၊ အသက်မွေးမှုဂုဏ် အရည်အချင်းကောင်းများနှင့် ပြည့်စုံ၍ အနာဂတ်သာသနာတော်အတွက် ဘုရားရှင်လိုလားအပ်သော ဥပါသကာကောင်း၊ ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ဖြစ်မြောက်အောင် ကြိုးစားကြရမည်ဖြစ်ပါသည်။

## သရဏဂုံအကြောင်း




ဗုဒ္ဓဘာသာဝင် မဖြစ်သေးသူများ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်လာရန် "သရဏဂုံ"ကို ရှေးဦးစွာ ဆောက်တည်ရ၏။ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး သူများ "ငါးပါး, ရှစ်ပါး, ကိုးပါး"စသောသီလများကို ခံယူ ဆောက်တည်ရာ၌ လည်းကောင်း၊ ရှင်ပြုရာ၌ လည်းကောင်း "သရဏဂုံ"ကို ရှေးဦးစွာ ခံယူဆောက်တည်ရ၏။ "သရဏဂုံ"သည် သာသနာတော်သို့ အစကနဦး ဝင်ပေါက်ဖြစ်၍ ဗုဒ္ဓဘာသာအဖြစ်စတင် ခံယူခြင်းဖြစ်ပါသည်။ ညှိုးနွမ်းသော သရဏဂုံကို ပြန်လည်အရောင်တင်ရန် နေ့စဉ် သရဏဂုံခံယူဆောက်တည်ရပါသည်။



www.burmeseclassic.com



## သရဏဂုံသုံးပါး





ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့သည် ဆင်းရဲကို ပယ်ဖျောက်၍ ချမ်းသာကို ရောက်စေတတ်သောကြောင့် သရဏ မည်တော်မူ၏။ တစ်နည်းအားဖြင့် ကိုးကွယ်အားထားရာ ဖြစ်သောကြောင့် သရဏမည်တော်မူ၏။ ကိုးကွယ်ရာဟု သိသောစိတ်ကို သရဏဂမန (သရဏဂုံ) ဟုခေါ်၏။ (သရဏ-ကိုးကွယ်ရာ ဟူ၍၊ ဂမန-သိသောစိတ်) ထို သရဏဂုံ စိတ်ဖြင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဟု နှုတ်မြွက်၍ ဆောက်တည်သောသူကို သရဏံဂတ ကိုးကွယ်ရာသို့ ရောက်သူ (သရဏဂုံတည်သူ)ဟုခေါ်၏။


## သရဏဂုံပျက်သော ရှိခိုးခြင်းနှင့် သရဏဂုံမပျက်သောရှိခိုးခြင်း

ရတနာမြတ်သုံးပါးကို ရိုသေလေးမြတ်စွာ ရှိခိုးခြင်း "သရဏဂုံ" နှင့်စပ်၍ ရှိခိုးခြင်း(၄)မျိုးကို သိရန်လိုပေသည်။

၁။ ဆွေမျိုးအဖြစ်ဖြင့် ရှိခိုးခြင်း (ဉာတိ)

၂။ ကြောက်၍ ရှိခိုးခြင်း (ဘယ)

၃။ ဆရာဖြစ်၍ ရှိခိုးခြင်း (အာစရိယ)






www.burmeseclassic.com

www.burmeseclassic.com



၄။ မြတ်သောအလှူခံ ပုဂ္ဂိုလ်အဖြစ်ဖြင့် ရှိခိုးခြင်း (ဒက္ခိဏေယျ)ဟူ၍ (၄)မျိုးရှိ၏။

ဤလေးမျိုးတွင် နောက်ဆုံး မြတ်သောအလှူခံ (ဒက္ခိဏေယျ) ပုဂ္ဂိုလ်အဖြစ်ဖြင့် ရှိခိုးခြင်း တစ်မျိုးသာ သရဏဂုံ မြောက်သော ရှိခိုးခြင်း။ သရဏဂုံတည်သော ရှိခိုးခြင်း ဖြစ်၏။



အခြားတိတ္ထိ ဆရာကြီးများ, နတ်, ဘုရား အမည်ခံ ပုဂ္ဂိုလ် အတု စသည်တို့ကို တကယ် မြတ်သော အလှူခံ (ဒက္ခိဏေယျ) ပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ရှိခိုးလျှင် သရဏဂုံပျက်၏။

သို့သော်တိတ္ထိတို့ကို ဆွေမျိုး (ဉာတိ) ဖြစ်၍ ရှိခိုးခြင်း, (ဘယ) ကြောက်၍ရှိခိုးခြင်း, အတတ်သင်ပေးသည့် (အာစရိယ)ဆရာဖြစ်၍ ရှိခိုးခြင်းတို့၌ကား သရဏဂုံမပျက်ပေ။

**သရဏဂုံပျက်သည့် အကြောင်းနှစ်ပါး**

၁။ မိစ္ဆာဒိဋ္ဌိအယူသို့ ပြောင်းသွားခြင်းနှင့်

၂။ သေဆုံးခြင်းတို့ကြောင့် သရဏဂုံပျက် လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## သရဏဂုံမြောက်မှု အလေးပြုဖွယ်

သရဏဂုံ ခံယူဆောက်တည်ကြရာ၌ ခံယူဆောက်တည်တိုင်း သရဏဂုံမြောက်သည်ဟု မမှတ်ယူသင့်ပါ။ သရဏဂုံမြောက်မှု အတွက် ဖော်ပြလတ္တံ့ပါအချက်များနှင့် ပြည့်စုံရန် လိုအပ်ပါသည်။

၁။ ကိုးကွယ်ခံသည့်ဘက်တွင် ကိုးကွယ်ရာ ဝတ္ထုမှာ တကယ့်ရတနာ မြတ်သုံးပါး "ဘုရား, တရား, သံဃာ"အစစ်အမှန်များဖြစ်ရမည်။

၂။ ကိုးကွယ်လိုသည့် ပုဂ္ဂိုလ်ဘက်တွင် ကြည်ညိုလေးမြတ် ဆည်းကပ် ကိုးကွယ်လိုသော သဒ္ဓါ, ပညာ ပြဋ္ဌာန်းသည့် မဟာကုသိုလ် စိတ္တုပ္ပါဒ်ရှိရမည်။

## သရဏဂုံဆောက်တည်ရကျိုးများ

၁။ သရဏဂုံ ကောင်းစွာတည်သူသည် အပါယ်လေးပါးသို့ မကျနိုင်။

၂။ သုဂတိဘုံဘဝသို့ ရောက်၍ သူတကာထက်ပို၍ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ကိုယ်စိတ် ချမ်းသာခြင်း။

၃။ အခြွေအရံ ပေါများခြင်း၊ ဘုန်းတန်ခိုးအာဏာ ကြီးမားခြင်း။

၄။ အကောင်းဆုံးဖြစ်သော အာရုံငါးပါးတို့ဖြင့် ပြည့်စုံခြင်း။

၅။ အများ ပူဇော်ခံရခြင်း။

၆။ ဉာဏ်ပညာ ထက်မြက်ခြင်း။

၇။ မိမိပတ်ဝန်းကျင်က မိမိအလိုသို့ လိုက်ပါခြင်း။

၈။ သူတကာတို့ မနိုင်းသာအောင် စည်းစိမ်ဥစ္စာခံစားရခြင်း။

၉။ ရွှေအဆင်းကဲ့သို့ အသားအရေ ဝါဝင်းလှပခြင်း။

၁၀။ အများတကာ၏ ချစ်မြတ်နိုးမှုကို ခံရခြင်း။



www.burmeseclassic.com

www.burmeseclassic.com



၁၁။ ခိုင်မြဲသော မိတ်ကောင်းဆွေကောင်း ရရှိခြင်း။

၁၂။ နေရာတကာ၌ ကျော်စောထင်ရှား ပေါ်လွင်ခြင်း။

## ဗုဒ္ဓဘာသာဝင်ကောင်းတစ်ဦး နေ့စဉ်မပြတ်မနေ ကောန်ဆောင်ရွက်ရမည့် လုပ်ငန်းများ



ဗုဒ္ဓဘာသာဝင် တစ်ဦးအနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို နေ့စဉ်မပြတ်မနေ မပျက်မကွက် ဆောင်ရွက်ရမည်။

၁။ ဘုရားရှိခိုးကန်တော့ခြင်းနှင့် သီလခံယူဆောက်တည်ခြင်း



ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို နှလုံးသွင်းကာ ထိခြင်း ငါးဖြာဖြင့် ရိုသေစွာ ရှိခိုးရမည်၊ သရဏဂုံခံယူရမည်၊ ငါးပါးသီလခံယူဆောက်တည်ရမည်၊ ဥပုသ်လပြည့် လကွယ် ရှစ်ရက်သီတင်းနေ့များ၌ ဥပုသ်သီလ ခံယူဆောက်တည်ရမည်။

၂။ မေတ္တာပို့သခြင်း


အများသတ္တဝါတို့ အကျိုးကို လိုလားသောစိတ်ကို မေတ္တာစိတ်ဟု ခေါ်ပါသည်။ မိမိနှလုံးသားထဲတွင် ဤသို့ ကောင်းမွန်မြင့်မြတ်သည့်



www.burmeseclassic.com


www.burmeseclassic.com





စိတ်ကိုပွားများကာ နေရမည်၊ မနောကံ မေတ္တာသာမက နှုတ်ဝစီဖြင့်လည်း ချိုသာသော စကား မှန်ကန်သောစကားကို ပြောကြားရမည်။ ကာယကံမြောက်လည်း တတ်နိုင်သမျှ ပေးကမ်း လှူဒါန်း ကူညီစောင့်ရှောက်ရမည်။

၃။ အမျှပေးဝေခြင်းနှင့် သာဓုခေါ်ခြင်း



မိမိပြုလုပ်ခဲ့ပြီးသည့် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ ဝေယျာဝစ္စကုသိုလ်၊ အပစာယနကုသိုလ် စသည် ကုသိုလ်ကောင်းမှုတို့၏ အဖို့ဘာဂကို မိမိနှင့်အတူ အညီအမျှ ရရှိနိုင်စေရန် သတ္တဝါအပေါင်းတို့အား ‌ ။ အမျှ အမျှ အမျှဟု ပေးဝေရပါမည်။ သူတော်ကောင်းတို့ အမျှပေးဝေသော ကုသိုလ်အစုကိုလည်း ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ရပါမည်။ ပုညကိရိယာဝတ္ထု (၁၀)ပါးတွင် ပတ္တိဒါနနှင့် ပတ္တာနုမောဒနာဟူ၍ လာရှိပါသည်။

၄။ အလှူဒါနပြုခြင်း



ဆီမီး ရေချမ်း ပန်းနံ့သာနှင့်ဆွမ်း စသည်ကို ဆက်ကပ်လှူဒါန်းရမည်၊ အလှူခံပုဂ္ဂိုလ်တို့အားလည်း တတ်အားသမျှ စေတနာမေတ္တာရှေ့ထားကာအချိန် အခါနှင့်အားလျော်သည့် လှူဖွယ်ဝတ္ထုပစ္စည်း အစုစုကို လှူဒါန်းရမည်။



www.burmeseclassic.com

www.burmeseclassic.com



## ၅။ သာသနာတော်တည်တံ့ ပြန့်ပွားရေးဆောင်ရွက်ခြင်း

မိမိသန္တာန်၌သာမက သူတပါး၏ သန္တာန်၌လည်း မြတ်ဗုဒ္ဓ၏ အဆုံးအမတော်ဟူသော သာသနာတော်ကို တည်တံ့ ပြန့်ပွားအောင် ပြုလုပ်ရပါမည်။ ထိုသို့ဆောင်ရွက်နိုင်ရန် မိမိနှင့်နီးစပ်ရာ ဘာသာရေးအဖွဲ့အစည်းများတွင် ကျရောက်လာသည့် သာသနာ့တာဝန်များကို ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊



သာသနာတော်၏ ရေသောက်မြစ်ဖြစ်သည့် ပရိယတ္တိ စာသင်သားသံဃာတော်များအား ထောက်ပံ့ခြင်း၊ ပဋိပတ္တိ ကျင့်သုံးနေသူများကို ထောက်ပံ့ခြင်း၊ ဗုဒ္ဓစာပေပြန့်ပွားရေးအတွက် စွမ်းနိုင်သမျှ ဆောင်ရွက်ခြင်း၊ မိမိနေထိုင်ရာ ရပ်ကွက် ကျေးရွာများရှိ တိုင်းပြည်၏ အနာဂတ်ကို ပိုင်ဆိုင်ထားကြသည့် လူငယ်များ ယဉ်ကျေးလိမ္မာလာစေရန် ဓမ္မကျောင်းတော် ယဉ်ကျေးလိမ္မာ သင်တန်းများ ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်ကာ သာသနာတော်လက်ဆင့်ကမ်းမည့် လူငယ်များ ရင်ထဲ အမျိုးဘာသာ သာသနာ ချစ်မြတ်နိုးတတ်သည့် စိတ်ဓာတ်ခိုင်မြဲရေးကို ဆောင်ရွက်ပေးရမည်။




www.burmeseclassic.com

www.burmeseclassic.com



## ၆။ လက္ခဏာရေးသုံးပါးဆင်ခြင်ခြင်း

ဝိပဿနာတရားတော်ကို စွမ်းနိုင်သမျှ ရှုပွား အားထုတ်ရမည်၊ ပုဂ္ဂိုလ်သတ္တဝါအမြင်ကို ကျော်လွန်ကာ ပရမတ္ထ ရုပ်နာမ်အပေါ် မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်းအနတ္တဟု အမှန်ကို အမှန်အတိုင်းသိနိုင်သည်အထိ အောက်ထစ်ဆုံး ထားကာ ကြိုးစားရပါမည်။



ဘုရားရှင်သာသနာတော်နှင့် ပက်ပင်းကြုံနေပါသော်လည်း မိမိတို့ နှလုံးသားထဲထိ အဆုံးအမကောင်းများ မတည်သေးသမျှ ကာလရှည်ကြာ ဘဝများစွာတိုင် အလိမ်အညာခံနေရဦးမည်ဆိုသည်ကို အောက်ပါပုံဝတ္ထုဖြင့် သာဓကပြု ဖော်ပြအပ်ပါသည်။

### ညောင်ပင်ကြီးအောက်က သိကြားမင်းအတု

ရွာတစ်ရွာမှာ ခေနဉစ္စာစည်းစိမ် ကြွယ်ဝတဲ့ ကုန်သည်လင်မယားမှာ ရုပ်ဆင်းလှပပြီး လိမ္မာယဉ်ကျေးတဲ့ သမီးငယ်ကလေး တစ်ယောက် ရှိပါတယ်။ အဲဒီ သမီးငယ်လေးဟာ (၁၆)နှစ်အရွယ်မှာ မမျှော်လင့်ပဲ သေဆုံးသွားသတဲ့။ အမေဖြစ်သူကသမီးကို အောက်မေ့သတိရလွန်းလို့ သူကြိုက်တတ်တဲ့ အဝတ်တွေ၊ အစားစာတွေယူပြီး နေ့တိုင်းလိုလိုပဲ သင်္ချိုင်းဂူကို သွားသွားပြီး ငိုငိုနေတတ်သတဲ့။

ရွာထဲက ဘိန်းစားတစ်ယောက်ကလည်း သင်္ချိုင်းကုန်းအချုံကြားထဲမှာ သွားသွားပြီး ဘိန်းရှုလေ့ရှိသတဲ့။ နေ့တိုင်းလိုလိုပဲအဲဒီ ငိုညည်းသံကြောင့် ဘိန်းစားက စိမ်ပျက်လာတော့ တစ်မျိုးတစ်မည်




www.burmeseclassic.com

www.burmeseclassic.com



အကြွေဆန်းမျိုး ကြွေစည်ပြီးတော့ ဈေးထဲသွား မှိုင်းကိုင် စက္ကူတွေ ဝယ်လာပြီး ဖြတ်ညှပ်၊ ထမင်းလုံးကော်ကပ်ကာ နတ်ဝတ် တန်ဆာ ဖန်တီးသတဲ့။



နောက်တစ်နေ့နေ့လယ် ရောက်တော့ ဘိန်းစားက ရောင်စုံစက္ကူတွေကို ဖြတ်ညှပ် ကပ်ထားတဲ့ နတ်ဝတ် တန်ဆာ ဝတ်ပြီး သုသာန်ထဲက ညောင်ပင် ကြီးပေါ်ကနေ စောင့်နေတုန်း အမေဖြစ်သူက လင်ပန်းထဲ စားစရာတွေ ယူလာပြီး သင်္ချိုင်းဂူပေါ် တင်ပြီးတော့ ငိုလဲငိုရော၊ ဘိန်းစားက ညောင်ပင်ကိုင်းကို တအား လှုပ်ခါပါလေရောတဲ့။ အဲဒီအခါ အမေဖြစ်သူက ငိုရင်းတန်းလန်း ကနေညောင်ပင်ပေါ်ကိုကြည့်လိုက်တော့ အံ့သြတကြီးနဲ့

"အလို နတ်မင်းပါလား" ဆိုပြီး ရှိခိုးဦးတင်ကာ ခုလို မေးလျှောက်သတဲ့။

"အရှင်နတ်သား ဘယ်ကပါလဲရှင်" လို့ မေးလိုက်တော့ ဘိန်းစားက

"တာဝတိံသာက သိကြားမင်း မာဃဆိုတာ ကျုပ်ပဲ" လို့ အသံနေ အသံထားနဲ့ ပြန်ပြောသတဲ့။

"ဒါဆိုရင် ကျွန်တော်မျိုးမရဲ့သမီးကလေးကိုများ သိပါသလားရှင်" လို့ မေးတော့

"သိတာပေါ့ဗျာ၊ သိလို့လဲ သူ့ကိစ္စမို့ ခုသိကြားပြည်ကနေ လာရတာပဲ" လို့ ဘိန်းစားက ပြန်ပြောသတဲ့။

"ဘာကိစ္စများပါလိမ့်မလဲ နတ်မင်းကြီးရှင်" လို့ လက်အုပ်မိုးပြီး မေးလျှောက်တော့



www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းကလေးမှာ သူ့မိဘများ ထည့်ပေးထားတဲ့ ကူတို့ခ တစ်မတ် ထဲပဲ ပါလာတော့ သူ့ခမျာ မုန့်ဖိုးတောင် မလောက်မငဖြစ်နေရှာတယ်၊ သူများ မှာတော့ ဝတ်ကြ၊ စားကြ၊ သွားကြ၊ လာကြနှင့် ပျော်နေပေမယ့် သူ့ခမျာ ဝတ်စားစရာ မပြည့်မစုံရှာလို့ ထိုင်ထိုင်ငိုနေတာနှင့် မငိုပါနဲ့ကွယ် ငါသွားတောင်းပေးမယ်ဆိုပြီး သမီးကို ချော့ထားပြီး လာခဲ့ရတာ၊ အဲဒါ ခင်များ ပေးချင်ရင်လည်း မြန်မြန်သာ ပေးခဲ့ပေတော့၊ ကြာကြာတော့ မဆိုင်းနိုင်ဘူး" လို့ ဘိန်းစားက ပြောသတဲ့။ ဒါနဲ့

"နတ်မင်းကြီးရှင် တစ်ခဏ သည်းခံပြီး ဆိုင်းငံ့ပေးတော်မူပါရှင်" လို့ လက်အုပ်ချီပြီး ရိုရိုသေသေပြောပြီး အိမ်ပြန်ပြေးတော့သတဲ့။

အိမ်ရောက်တော့ သေတ္တာကိုမြန်မြန်ဖွင့်ပြီး သမီးလေးရဲ့ ဆွဲကြိုး၊ လက်ကောက်၊ ခြေချင်း၊ လက်စွပ်၊ နားတောင်းတွေကိုယူ ပဝါပါးလေးနှင့် သေချာထုပ်ပြီးသုတ်ခြေတင်ပြေးလာပြီးတော့ သုသာန်မှာ စောင့်နေတဲ့ နတ်မင်းကြီးကိုပေးလိုက်သတဲ့ သမီးအတွက်လည်း မှာကြားစရာလေးတွေ သေသေချာချာ မှာကြားလိုက်သေးသတဲ့။

သူဌေးကြီးက တစ်နေရာကနေ အိမ်ရောက်လို့ကြည့်တော့ သေတ္တာတွေလည်းပွင့်လို့ အခြေမကျတာ မြင်ရတာမို့ သူ့ဇနီး ပြန်ရောက် ရောက်ချင်း ဆီးကြိုပြီး မေးသတဲ့၊ ဇနီးဖြစ်သူက ဝမ်းသာအားရနဲ့

"ညောင်ပင်ကြီးပေါ်မှာ သိကြားမင်းနှင့် တွေ့ခဲ့ရလို့ လက်ဝတ် လက်စားတွေ သွားပေးပြီး သမီးကို မှာကြားစရာတွေ မှာကြားပြီး ပြန်လာတာတော့" လို့ အားရပါးရ ပြောပြသတဲ့။

"ဟိုက် ... သိကြားမင်းက ဘယ်မှာတုန်းဟေ့" လို့ မေးတော့

"သချိုင်းကုန်းက ညောင်ပင်ကြီးပေါ်မှာ..တော့" လို့ ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကလည်း မြင်းစီးပြီး သင်္ချိုင်းကုန်းကို ခရီးအပြေးနှင်ခဲ့ပါရောတဲ့။

နတ်ဝတ်တန်ဆာတွေနဲ့ ညောင်ပင်အောက်ရောက်နေတဲ့ ဘိန်းစားက သူဌေးကိုလည်း မြင်ရော သုသာန်ထဲက ချုံကြို ချုံကြား ပြေးပါရောတဲ့။ သူဌေးက မြင်းနဲ့လိုက်ရတာ အဆင်မပြေတာနဲ့ မြင်းကို ညောင်ပင်ရင်းမှာ ခေတ္တချည်ထားပြီး သိကြားမင်းယောင်ဆောင်ထားတဲ့ ဘိန်းစားကို အမိဖမ်းဖို့ လိုက်တော့သတဲ့။ ဒါပေမယ့် ဘိန်းစားက သင်္ချိုင်းကုန်းမှာ ကျွမ်းကျင်နေတော့ လှည့်ပတ် ရှောင်ပြေးပြီး ညောင်ပင်မှာ ချည်ထားတဲ့ မြင်းကိုပါ ကြိုးဖြည်ပြီးတော့ မြင်းစီး ထွက်ပြေးပါလေရောတဲ့။

သည်တော့မှ သူဌေးကလည်း

"ဗျို့ သိကြားမင်း အဖေကလည်း မြင်းတစ်စီး ပေးလိုက်ပါတယ်လို့ သမီးကို ပြောလိုက်ပါဗျာ"လို့အော်ပြီး မှာကြားလိုက်ပါသတဲ့။

ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာအကြောင်းကို အမှန်အတိုင်း အရှိအတိုင်း မသိရှာလေတဲ့အတွက် ဆုံးရှုံးခဲ့ရပုံပါပဲ။





ကာတွန်း-ပေလုံး ([illegible])

www.burmeseclassic.com



## ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် ဥပုသ်အမျိုးမျိုး



၁။ ဗြဟ္မဥပုသ်။ ။ ဘုရားရှင်သည် ''ဗြဟ္မ''မည်တော်မူ၏၊ ရှစ်ပါးသီလခံယူပြီးလျှင် ထိုဗြဟ္မာမည်သောဘုရားရှင်ကို အာရုံပြုနေခြင်းကို ''ဗြဟ္မဥပုသ်''ဟု ခေါ်၏၊ အလွတ်အာရုံမပြုတတ်လျှင် ဘုရားဂုဏ်တော်ဖွင့်ကို ရွတ်ဖတ် ကြည့်ရှုနေရာ၏။

၂။ ဓမ္မဥပုသ် ။ ။ ဥပုသ်သီလကို ခံယူပြီးလျှင် တရားတော်၏ဂုဏ်တော်တစ်ပါးပါးကို အာရုံပြု၍လည်းကောင်း, တရားဂုဏ်တော်အဖွင့်ကို ကြည့်ရှုရွတ်ဖတ်၍လည်းကောင်းနေခြင်းကို ''ဓမ္မဥပုသ်''ဟု ခေါ်သည်။

၃။ သံဃာ့ဥပုသ်။ ။ ဥပုသ်သီလကို ခံယူပြီးလျှင် သံဃာ့ဂုဏ်တော်တစ်ပါးပါးကို အာရုံပြု၍လည်းကောင်း, သံဃာ့ဂုဏ်တော်အဖွင့်ကို ကြည့်ရှု ရွတ်ဖတ်၍လည်းကောင်းနေခြင်းကို ''သံဃာ့ဥပုသ်''ဟု ခေါ်သည်။

၄။ သီလဥပုသ်။ ။ သီလယူပြီးလျှင် မိမိသီလ၏ မကျိုးမပေါက်, မပြောက်မကျားပုံကို အာရုံပြု၍ ဝမ်းမြောက်စွာနေထိုင်ခြင်း ကို''သီလဥပုသ်''ဟုခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## သီလ ကျိုး ပေါက် ပြောက် ကျားသည့် အကြောင်း သိကောင်းစရာ



### ၁။ သီလမကျိုး

မိမိခံယူထားသည့်ရှစ်ပါးသော သိက္ခာပုဒ်တို့တွင်အစ သိက္ခာပုဒ်သော်လည်းကောင်း၊ အဆုံးသိက္ခာပုဒ်သော်လည်းကောင်း၊ ပျက်စီးလျှင် "ဥပုသ် ကျိုးသည်"မည်၏။

### ၂။ သီလမပေါက်

အဝတ်၌ အလယ်ကပေါက်သကဲ့သို့ မိမိခံယူထားသည့် သိက္ခာပုဒ်တို့တွင် အလယ်က တစ်ပါးပါးပျက်လျှင် "ပေါက်သည်"ဟု ခေါ်၏။

### ၃။ သီလမပြောက်

မိမိခံယူထားသည့် ရှစ်ပါးသော သိက္ခာပုဒ်တို့တွင် အလယ်၌ တစ်ပါးလည်းမက၊ အစဉ်အတိုင်း တစ်ဆက်တည်းလည်း မဟုတ်ဘဲ၊ နွား၌ "ဝါစွဲ"ပြောက်ကဲ့သို့ အဒိန္နာဒါနနှင့် မုသာဝါဒသော်လည်းကောင်း၊ အဗြဟ္မစရိယနှင့် သုရာမေရယသော်လည်းကောင်း၊ ဤသို့ ပြောက်ကျား ပြောက်ကျား ပျက်သည်ကို "ပြောက်သည်"ဟု ခေါ်သည်။

### ၄။ သီလမကျား

မိမိခံယူထားသည့် ရှစ်ပါးသော သိက္ခာပုဒ်တို့တွင် ပါဏာတိပါတနှင့် "အဒိန္နာဒါနဆက်၍လည်းကောင်း၊ အဗြဟ္မစရိယနှင့်



www.burmeseclassic.com

www.burmeseclassic.com





မှသာဝါဒဆက်၍ လည်းကောင်း, ဤသို့ နှစ်ပါးသုံးပါးဆက်၍ ပျက်သည်ကို နွားကြောင်နွားကျားကဲ့သို့ "အကျားထင်သော ဥပုသ်"ဟု ခေါ်၏။

ဤသို့သောနည်းဖြင့် မိမိဥပုသ်၏ မကျိုး မပေါက် မပြောက် မကျားပုံကို အာရုံပြု၍ဝမ်းမြောက်ဝမ်းသာဖြစ်နေခြင်းကိုပင် "သီလဥပုသ်"ဟု ခေါ်သည်။



ယခုကာလ သီလဆောက်တည်တုန်းက တစ်ပါးစီခွဲ၍ ဆောက်တည်ကြသောကြောင့် ရှစ်ပါးသီလတွင် တစ်ပါးပါး ပျက်သော်လည်း ကျန်သီလအတွက် အကျိုးရှိသေး၏။ တစ်ပါးပျက်ရုံဖြင့် အားလုံးပျက်သွားသည်ဟု မမှတ်သင့်ပါ။

## ငါးပါးသီလ ကံမြောက်ကြောင်း အင်္ဂါများ

(က) ပါဏာတိပါတကံမြောက်ရန် အင်္ဂါ(၅)ပါး




၁။ သက်ရှိသတ္တဝါဖြစ်ရမည်။
၂။ သက်ရှိသတ္တဝါဟု အမှတ်သညာရှိရမည်။
၃။ သေစေလိုသော စိတ်စေတနာရှိရမည်။
၄။ ရိုက်၊ ခုတ်၊ ထိုးကာ သေအောင်သတ်ရမည်။
၅။ ထိုကဲ့သို့ သတ်သည့်အတွက်ကြောင့် ထိုသတ္တဝါသေရမည်။



www.burmeseclassic.com

www.burmeseclassic.com



## (ခ) အဒိန္နာဒါနကံမြောက်ရန် အင်္ဂါ(၅)ပါး



၁။ သူတစ်ပါးသိမ်းထားသော ဥစ္စာဖြစ်ရမည်။
၂။ သူတစ်ပါးဥစ္စာဟု အမှတ်ရှိရမည်။
၃။ ခိုးလို လုယက်လိုသော စိတ်စေတနာရှိရမည်။
၄။ လုယက် ခိုးယူရမည်။
၅။ တည်ရာ ဌာနမှ ရွေ့လျားရမည်။

## (ဂ) ကာမေသုမိစ္ဆာစာရကံမြောက်ရန် အင်္ဂါ(၄)ပါး

၁။ မသွားလာအပ်သောသူ ဖြစ်ရမည်။
၂။ မသွားလာအပ်သူကို မှီဝဲလိုသော စိတ်စေတနာရှိရမည်။
၃။ မှီဝဲရန် လုံ့လပြုရမည်။
၄။ မိမိမဂ်နှင့် သူ့မဂ်အတွင်း ရောက်သည်ကို သာယာရမည်။




## (ဃ) မုသာဝါဒကံမြောက်ရန် အင်္ဂါ(၄)ပါး

၁။ ပြောသည့်အရာဝတ္ထု (အကြောင်းအရာ)မှာ မိမိပြောသည့်အတိုင်း မဟုတ်မမှန် ဖြစ်ရမည်။
၂။ အလွဲအမှားကို သူတစ်ပါးအား သိစေလိုသော စိတ်စေတနာ ရှိရမည်။



www.burmeseclassic.com

www.burmeseclassic.com





၃။ အလွဲအမှားကိုအမှန်ပြု၍ပြောဆိုရမည်။

၄။ ထိုအလွဲအမှားကိုပင် အမှန်အနေအားဖြင့် နားကြားသူက ယုံကြည်ရမည်။

(င) သုရာမေရယကံမြောက်ရန် အင်္ဂါ(၄)ပါး



၁။ မူးယစ်မေ့လျော့စေတတ်သော အရာတို့မှ တစ်ပါးပါးဖြစ်ရမည်။

၂။ သောက်(သုံး)ချင်သည့် စိတ်စေတနာ ရှိရမည်။

၃။ သောက် (သုံး)ရန် အားထုတ်ရမည်။

၄။ သောက်(သုံး)သည့်အခါ လည်မျိုတစ်ဖက်သို့ ရောက်သွားရမည်။

## ဗျာဒိတ်ရပြီးသည့် ဘုရားလောင်းတို့ မဖြစ်ရာဌာန (၁၈)ပါး

ဗျာဒိတ်ရပြီးသော ဘုရားအလောင်းတို့ မဖြစ်ရာဌာန (၁၈)ပါးရှိသည်။ ယင်းကို အဋ္ဌာရသ အဘဗ္ဗ ဌာနဟု ကျမ်းဂန်တို့၌ သုံးနှုန်းသည်။

၁။ ကန်း = အမိဝမ်းမှ အကန်းဖြစ်တော်မမူ။

၂။ ပင်း = အမိဝမ်းမှ နားပင်းသူ ဖြစ်တော်မမူ။

၃။ ရိ = အရိယို (သွားရေကျ)သူ ဖြစ်တော်မမူ။



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၄။ ဆွံ့ | = | ဆွံ့အသူ ဖြစ်တော်မမူ။ |
| ၅။ ရူး | = | ရူးသွပ်ပျံ့လွင့်သူ ဖြစ်တော်မမူ။ |
| ၆။ ရိုင်း | = | လူရိုင်း ဖြစ်တော်မမူ။ |
| ၇။ ကျွန် | = | ကျွန်မဝမ်း၌ ဖြစ်တော်မမူ။ |
| ၈။ ဒိဋ္ဌိ | = | နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူ ဖြစ်တော်မမူ။ |
| ၉။ ပန် (ပဉ်) | = | ပဉ္စာနန္တရိယကံငါးပါးကို လွန်ကျူးတော်မမူ။ |
| ၁၀။ သတ် | = | အသညသတ်ဗြဟ္မာ၌ ဖြစ်တော်မမူ။ |
| ၁၁။ ငုံး | = | ငုံးအောက်ငယ်သော တိရစ္ဆာန်ဖြစ်တော်မမူ။ (ဆင်ထက်လည်းမကြီး) |
| ၁၂။ နူ | = | နူနာရောဂါ ရှိသောသူ ဖြစ်တော်မမူ။ |
| ၁၃။ စက် | = | စကြဝဠာတစ်ပါးသို့ ပြောင်း၍ ဖြစ်တော်မမူ။ |
| ၁၄။ သုဒ် | = | သုဒ္ဓါဝါသဗြဟ္မာဘုံ၌ ဖြစ်တော်မမူ။ |
| ၁၅။ ပါယ် | = | အဝီစိနှင့်လောကန္တရိက်ငရဲ၌ ဖြစ်တော်မမူ။ |
| ၁၆။ မာရ် | = | မာရ်နတ် ဖြစ်တော်မမူ။ |
| ၁၇။ ပြိတ် | = | ပြိတ္တာမျိုး၌ ဖြစ်တော်မမူ။ (ပြိတ္တာတွင် ခုပ္ပိပါသ, နိဇ္ဈာမတဏှိကမဖြစ်၊ အသူရာတွင် ကာလကဉ္စိက မဖြစ်)။ |
| ၁၈။ ပြန် | = | လိင်ပြန်ရိုး မရှိ၊ ဖြစ်လေရာဘဝ၌ ယောကျ်ားဘဝ မြဲတော်မူ၏။ |



www.burmeseclassic.com

www.burmeseclassic.com



## စိတ်ဖြင့် နှုတ်ဖြင့် ဆုတောင်းရုံမက ကိုယ်တိုင် ကိုယ်ကျ ပါရမီဖြည့်ကျင့်



ဗုဒ္ဓဝင်ပါဠိတော်၌ ပါရမီတော်များဖြည့်ကျင့်ရာကာလကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဟုပြဆိုထားပေသည်။ သို့ရာတွင် စူဠဗုဒ္ဓဃောသဆရာရေးသားစီရင်သော သောတတ္ထကီကျမ်း၌ ဘုရားအဖြစ်ကို စိတ်ဖြင့်ဆုတောင်းခဲ့ရာအချိန်ကာလမှာ ကမ္ဘာပေါင်း (၇)အသင်္ချေ၊ နှုတ်ဖြင့် မြွက်ဆို၍ ဆုတောင်းခဲ့ရာ အချိန်ကာလမှာ ကမ္ဘာပေါင်း (၉)အသင်္ချေ၊ နှုတ်ဖြင့်ဆုတောင်းရုံသာမက ပါရမီတော်များကို ကိုယ်တိုင်ကိုယ်ကျ ဆည်းပူးဖြည့်ကျင့်ခဲ့ရာအချိန်ကာလမှာ ကမ္ဘာပေါင်း(၄)အသင်္ချေနှင့် တစ်သိန်းဖြစ်သည်ဟု ရှင်းလင်းဖွင့်ဆို ထားပေသည်။ ပထမဆင့်အနေဖြင့် ဘုရားဖြစ်လိုသော ဆန္ဒကို လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခြင်း မပြုဘဲ စိတ်ထဲ၌သာ မျိုးသိပ်ကာ ဘုရားအဖြစ်ကို တောင့်တခဲ့ရသည်။ ထိုသို့ စိတ်ဖြင့် တောင့်တဖန်များလာသောအခါ ဆန္ဒပြင်းပြကာ စိတ်ဓာတ်ရင့်ကျက်လာမှုကြောင့် ဘုရားဖြစ်လိုကြောင်းကို လူသိရှင်ကြားမြွက်ဟပြောရဲဆိုရဲ ဖြစ်လာသည်။



### ကမ္ဘာ၏အဓိပ္ပါယ်

အလျား (၁)ယူဇနာ၊ အနံ(၁)ယူဇနာ၊ အမြင့်(၁)ယူဇနာ၊ မုန်ညှင်းစေ့ရှိသည်ဆိုပါအံ့။

(၁ယူဇနာ ၁၂. ၇၅မိုင်)။ ထိုမုန်ညှင်းစေ့ပုံကြီးထဲမှ တစ်နှစ်လျှင် မုန်ညှင်းစေ့တစ်လုံးကို ငှက်တစ်ကောင်၏နှုတ်သီးဖြင့်ချီ၍ အခြားတစ်

www.burmeseclassic.com



နေရာ၌သွားပုံပါက တစ်ခုသောကာလ၌ ထိုမုန့်ညှင်းစေ့ပုံကြီးကုန်သွားပေမည်။ ထိုကာလသည် အလွန့် အလွန်ကြာမြင့်သောကာလ တစ်ခုဖြစ်ပါသည်။ ထိုရှည်လျားလှသောကာလကို တစ်ကမ္ဘာဟုခေါ်ပါသည်။

အလောင်းတော်သည် ပါရမီဖြည့်ကျင့်ရာ (၄)အသင်္ချေကမ္ဘာတစ်သိန်းကာလ၌ပွင့်တော်မူရာ မြတ်စွာဘုရားထံတော်ပါးရဟန်းဘဝ၊ ရသေ့ဘဝ၊ လူဘဝစသည်ဘဝကိုဖြင့် ဗျာဒိတ်ခံယူခဲ့ပါသည်။

| | | |
|---|---|---|
| ၁။ ရဟန်းဘဝဖြင့် ဗျာဒိတ်ခံယူခဲ့သည့်ဘဝ | ၉ | ဘဝ |
| ၂။ ရသေ့ဘဝဖြင့် ဗျာဒိတ်ခံယူခဲ့သည့်ဘဝ | ၅ | ဘဝ |
| ၃။ လူဘဝဖြင့် ဗျာဒိတ်ခံယူခဲ့သည့်ဘဝ | ၅ | ဘဝ |
| ၄။ နဂါးဘဝဖြင့် ဗျာဒိတ်ခံယူခဲ့သည့်ဘဝ | ၂ | ဘဝ |
| ၅။ အဖြစ်တော်တစ်မျိုးစီဖြင့် ဗျာဒိတ်ခံယူခဲ့သည့်ဘဝ | ၃ | ဘဝ |
| | ၂၄ | ဘဝ |

## နှစ်ကျိပ်ရှစ်ဆူ(၂၄)ဆူသော ဘုရားရေတွက်သည့်သချာ

ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူမည့် ကမ္ဘာ၌ပွင့်တော်မူပြီးဘုရား (၃)ဆူ ရှိခဲ့ပါသည်။

၁။ တဏှင်္ကရာ မြတ်စွာဘုရား

၂။ မေဓင်္ကရာမြတ်စွာဘုရားနှင့်

၃။ သရဏင်္ကရာမြတ်စွာဘုရားတို့ ဖြစ်ပါသည်။

| | | |
|---|---|---|
| ထို့ကြောင့် သုမေဓာရသေ့ ဗျာဒိတ်ခံခဲ့သည့် ဒီပင်္ကရာဘုရား မပွင့်ခင် | ၃ | ဆူ |
| ဒီပင်္ကရာဘုရားမှသည် ကဿပဘုရားရှင်တိုင် ပွင့်ခဲ့သည့်ဘုရား | ၂၄ | ဆူ |
| ယနေ့ မိမိတို့၏ ကိုးကွယ်အားထားရာ ဂေါတမမြတ်စွာဘုရား | ၁ | ဆူ |
| နှစ်ကျိပ်ရှစ်ဆူသော မြတ်စွာဘုရား | ၂၈ | ဆူ |



www.burmeseclassic.com

www.burmeseclassic.com



**ဘုရားအလောင်းတော်၏ နှစ်ကိုပ်လေးဆူသော ဘုရားရှင်ထံပါး ဗျာဒိတ်ခံယူခဲ့သည့် ဘဝများ**

| စဉ် | ဘုရားဘွဲ့တော် | ဗျာဒိတ်ခံသည့်ဘဝ | မှတ်ချက် |
|---|---|---|---|
| ၁။ | ဒီပင်္ကရ | သုမေဓာရသေ့ ဗျာဒိတ်ခံယူသည်။ | ရသေ့/ရဟန်းဘဝဖြင့် |
| ၂။ | ကောဏ္ဍည | စကြဝတေးမင်း | ရဟန်းဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၃။ | မင်္ဂလ | သုရုစိပုဏ္ဏား | ရဟန်းဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၄။ | သုမဏ | အတုလနဂါးမင်း | နဂါးမင်းဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၅။ | ရေဝတ | အတိဒေဝပုဏ္ဏား | လူဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၆။ | သောဘိတ | အဇိတပုဏ္ဏား | လူဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၇။ | အနောမဒဿီ | ဘီလူးစစ်သေနာပတိ | ဘီလူးဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၈။ | ပဒုမ | ခြင်္သေ့မင်း | ခြင်္သေ့မင်းဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၉။ | နာရဒ | ရှင်ရသေ့ | ရသေ့ဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၁၀။ | ပဒုမုတ္တရ | ဇဋိလတိုင်းကြပ်မင်းကြီး | လူဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၁၁။ | သုမေဓ | ဥတ္တရလုလင် | ရဟန်းဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၁၂။ | သုဇာတ | စကြဝတေးမင်း | ရဟန်းဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၁၃။ | ပိယဒဿီ | ကဿပပုဏ္ဏားလုလင် | လူဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၁၄။ | အတ္ထဒဿီ | သုသိမရသေ့ | ရသေ့ဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၁၅။ | ဓမ္မဒဿီ | သိကြားမင်း | သိကြားမင်းဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၁၆။ | သိဒ္ဓတ္ထ | မင်္ဂလရသေ့ | ရသေ့ဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၁၇။ | တိဿ | သုဇာတရသေ့ | ရသေ့ဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၁၈။ | ဖုဿ | ဝိဇိတာဝီမင်းကြီး | ရသေ့ဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၁၉။ | ဝိပဿီ | အတုလနဂါးမင်း | နဂါးမင်းဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၂၀။ | သိခီ | အရိန္ဒမမင်း လူဘဝဖြင့် | ဗျာဒိတ်ခံယူသည်။ |
| ၂၁။ | ဝေဿဘူ | သုဒဿနမင်း | ရဟန်းဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၂၂။ | ကကုသန္ဓ | ခေမာမင်း | ရဟန်းဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၂၃။ | ကောဏာဂမန | ပဗ္ဗတမင်း | ရဟန်းဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |
| ၂၄။ | ကဿပ | ဇောတိပါလလုလင် | ရဟန်းဘဝဖြင့် ဗျာဒိတ်ခံယူသည်။ |



www.burmeseclassic.com

www.burmeseclassic.com



## ဘုရားအလောင်းတော် ပါရမီဖြည့်ကျင့်ခြင်း

### ဒီပင်္ကရာဘုရားထံ သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူပုံ

လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ကိုးကွယ်ရာအစစ်ဖြစ်တော်မူသော သာကီဝင်မင်းသား မြတ်စွာဘုရားသခင်သည် သုမေဓာဘဝမှစ၍ပါရမီများကို ဖြည့်ကျင့်ခဲ့သည်။



ဘုရားအလောင်းတော်သည် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်လျှင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၌ အမရဝတီမင်းနေပြည်၌ သုမေဓာအမည်ဖြင့် သူဌေးသားဖြစ်ခဲ့လေသည်။ အမိဘက်အဖဘက်(ဆွေခုနစ်ဆက်) ဆင်းသက်လာခဲ့သောသူဌေးမျိုးဖြစ်ခဲ့သည်။ ကိုယ်ကျင့်သီလစင်ကြယ်၍ အခြားအမျိုးနှင့် မရောမစပ် အမျိုးသန့်၏။

### သုမေဓာ၏ ဘဝအမြင်

သုမေဓာသူဌေးသားသည် တစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်လျှင် တတ်သင့်သောပညာ တတ်မြောက်လေသည်။ မိဘနှစ်ပါးကား သုမေဓာသတို့သား ငယ်စဉ်ကပင် ကွယ်လွန်သွားရှာသည်။ ဥစ္စာပစ္စည်းအားလုံးကို ပစ္စည်းထိန်းမင်းကြီးက ထိန်းသိမ်းထား၏။ ပညာတတ်မြောက်၍ တစ်ဆယ့်ခြောက်နှစ် အရွယ်ရောက်သောအခါ ပစ္စည်းထိန်းမင်းကြီးက ရွှေတိုက် ငွေတိုက်စသော ဘဏ္ဍာတိုက်များကို စာရင်းနှင့်တကွအပ်နှင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သုမေဓာသတို့သားသည် ဥစ္စာပစ္စည်းများကို ကြည့်၍ "ငါ၏ မိဘ ဘိုးဘွားဆွေမျိုး အဆက်ဆက်တို့သည် ဥစ္စာ ပစ္စည်းကို ရှာရှာဖွေဖွေ ရှာတတ်၍ ကိုယ့်နောက်ပါအောင်ယူဆောင် မသွားနိုင်ခဲ့ကြရှာပေ၊ ငါကား ကိုယ့်နောက် ပါအောင် ယူဆောင်သွားမည်" ဟု ကြံစည် လေသည်။ အပူရှိလျှင် အအေးရှိသကဲ့သို့ သေခြင်းသဘောရှိလျှင် မသေခြင်းသဘော လည်းရှိရမည်ဟုစွဲမြဲစွာ ယုံကြည်ထားလေ သည်။



ထို့နောက် ရှိသမျှဘဏ္ဍာတိုက်များကို ဖွင့်၍ ပစ္စည်းအားလုံးကို စွန့်ကြဲကာ ဟိမဝန္တာသို့ ထွက်၍ ရှင်ရသေ့ပြုလေသည်။ ရသေ့ဝတ်ပြီး နောက်တရားအားထုတ်တော်မူရာ (၇)ရက်အတွင်းမှာပင် ဈာန်အဘိညာဉ်တန်ခိုးကိုရ၍ ကောင်းကင်၌သွားလာလှည့်လည်၍ နေလေသည်။

## သုမိတ္တာကမ်းသည့် ကြာပန်း (၅)ခိုင်


ထိုအခါ လောက၌ ဒီပင်္ကရာမြတ်စွာဘုရား၊ ပွင့်တော်မူနေသည်၊ ဒီပင်္ကရာမြတ်စွာဘုရားသည် ရမ္မာဝတီနေပြည်တော်သို့ ကြွတော်မူမည်ရှိစဉ် မြို့သူမြို့သားတို့သည် ဘုရားကြွလာမည့်လမ်းကို ပြင်ဆင် နေကြသည်။ ထိုအခါ သုမေဓာရှင်ရသေ့လည်း ကောင်းကင်ခရီးဖြင့် လှည့်လည်လာစဉ် လမ်းပြင်နေသူ တို့ကိုမြင်၍ ကောင်းကင်မှ သက်ဆင်းကာ အကြောင်းအရာကိုမေးလေသည်။ ဘုရားသခင်ကြွ လာမည်ဖြစ်၍ လမ်းပြင်နေကြကြောင်းကို ပြောကြသည်။



www.burmeseclassic.com


www.burmeseclassic.com





သုမေဓာရှင်ရသေ့သည် "ဩော်– ဘုရားဖြစ်ဖို့မဆိုထားနှင့် ဘုရားဟူသောအသံလောက်ကိုပင် ကြားရဖို့ မလွယ်ပါတကား" ဟု လွန်မင်းစွာ ဝမ်းမြောက်လျက် လမ်းပြင်ရန်တစ်နေရာ တောင်း၍ လမ်းပြင်နေသည်။ တန်ခိုးဖြင့် ပြင်လျှင် အမြန်ပြီးမည် ဖြစ်သော်လည်း ကိုယ်တိုင်မြေထမ်း၍ ရွှံ့ညွန်ထူထပ်သော လမ်းကိုပြင်နေစဉ် လမ်းမပြီးခင် ဘုရားရှင်ကြွလာလေသည်။ ဘုရားရှင် ရွှံ့ပေါ်မကြွရလေအောင် ရှင်ရသေ့သည် ကိုယ်ကိုခင်း၍ ဝမ်းလျားမှောက်လျက် တံတားခင်းလှူခဲ့လေသည်။

ဘုရားရှင်ကို ကြိုဆိုနေကြသော ပရိသတ်ထဲတွင် သုမိတ္တာမည်သော အမျိုးသမီးတစ်ယောက်လည်း ပါဝင်၏။ ထိုအမျိုးသမီးသည် ရှင်ရသေ့ကို မြင်လျှင် မြင်ချင်း ဝမ်းမြောက်ကြည်နူးသွားသည်။ ထို့ကြောင့် မိမိတွင်ပါလာသော ကြာပန်း ရှစ်ခိုင်တွင် ၃–ခိုင်ကို ချန်၍ ကျန်၅–ခိုင်ကို ရှင်ရသေ့လက်သို့ ဆက်ကပ်လိုက်လေသည်။ ရှင်ရသေ့လည်းကိုယ်ကို ဝပ်စင်း တံတားခင်းလျက်က ထိုကြာပန်း ၅–ခိုင်ဖြင့် ဘုရားရှင်အား ပူဇော်လေသည်။






www.burmeseclassic.com

www.burmeseclassic.com



## ခိုင်မာသောအဓိဋ္ဌာန်နှင့် ရဲရင့်သော ကြုံးဝါးချက်

ဘုရားရှင်၏ကျက်သရေတော်ကို မြင်ရဖူးတွေ့ရသဖြင့်သုမေဓာ ရသေ့ကလေးသည် အောက်ပါအတိုင်း စဉ်းစားမိပြီး ချက်ချင်းပင် စိတ်ပိုင်းဖြတ်လိုက်သည်။



"ငါသည် ကိလေသာကုန်ခန်းသည့် ရဟန္တာဖြစ်လိုလျှင် ယနေ့ပင် ဖြစ်နိုင်ရာ၏။ သို့သော် သတ္တဝါအများကို ကယ်တင်နိုင်လောက်သော အစွမ်းသည် ရှိပါလျက် တစ်ဦးတည်း ကိုယ်လွတ်ရုန်းသွားခြင်းကား မသင့်လျော်ချေ၊ ငါလည်း ဒီပင်္ကရာဘုရားကဲ့သို့ဘုရားဖြစ်အောင် ကြိုးစားတော့အံ့" ဟု စိတ်၌စွဲမြဲစွာ အဓိဋ္ဌာန်လိုက်လေသည်။

- ဗုဒ္ဓေါ ဗောဓေယျံ = သစ္စာတရားကို ငါသိသလို ဝေနေယျတို့ကိုလည်း သိစေမည်။
- မုတ္တော မောစေယျံ = ဘဝအနှောင်အဖွဲ့မှ ငါလွတ်သလို သတ္တဝါဝေနေယျတို့ကိုလည်း လွတ်စေမည်။
- တိဏ္ဏော တာရေယျံ = သံသရာဝဲဂယက်မှ ငါကူးမြောက်နိုင်သလို သတ္တဝါဝေနေယျတို့ကိုလည်း ကူးမြောက်စေမည်ဟုလည်း ကြွေးကြော် ကြုံးဝါးတော်မူလိုက်လေသည်။

ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရသေ့၏ ဦးခေါင်းရင်း၌ ရပ်တော်မူ၍-

"အသက်ကိုစွန့်ကာ ခန္ဓာကိုယ်ကို ဝပ်စင်း၍ ခင်းနေသော ဤရသေ့သည် နောင်သောအခါ ငါကဲ့သို့ပင် ဘုရား



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆူဖြစ်လိမ့်မည်''ဟု ဗျာဒိတ်ပေးတော်မူသည်၊ ပရိသတ်ကြီးကလည်း ကောင်းချီးပေးကြလေသည်။

ဘုရားရှင်သည် ရသေ့ကိုယ်ပေါ် နင်းကြွတော်မမူဘဲ ရှောင်လွှဲကြွသွားတော်မူ၏၊ ဗျာဒိတ်ရလိုက်သော ဘုရားအလောင်းတော်သုမေဓာရှင်ရသေ့သည် အလွန်ရွှင်ပျသောစိတ်ဖြင့် ဝမ်းလျားမှောက်ရာမှ ထ၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးလျှင် ဘုရားဖြစ်အောင်ကျင့်ဆောင်ရမည့်တရားများကို ဆင်ခြင်တော်မူလေရာ ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာနှင့် ဥပေက္ခာဟူသော ပါရမီ(၁၀)ပါးကိုတွေ့မြင်တော်မူ၏။ ပါရမီတော်များကို အပြန်အလှန်စဉ်းစားဆင်ခြင်သောအခါ မဟာပထဝီမြေကြီးကပင် ကောင်းချီးပေးသည့်ပမာ မြေလျှော်ပြင်းစွာတုန်လှုပ်လေသည်။ ထိုပါရမီ (၁၀)ပါးကိုဘဝများစွာ ဖြည့်ကျင့်တော်မူလေသည်။ ပြင်ပဥစ္စာများကိုသာစွန့်လွှတ်ရုံမက ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများကိုလည်း စွန့်လွှတ်ကာ ပါရမီဖြည့်ခဲ့ပါသည်။ ရုံခါမိမိအသက်ကိုပင် မငဲ့မကွက်ဘဲသဗ္ဗညုတဉာဏ်တော်အလို့ငှာ စွန့်လွှတ်တော်မူခဲ့ပါသည်။

## ဒါနပါရမီဖြည့်ကျင့်တော်မူပုံ

မိမိပိုင် သက်ရှိသက်မဲ့ပစ္စည်းများကို သူတစ်ပါးအား ပေးကမ်းစွန့်ကြဲလှူဒါန်းမှု ဒါနပါရမီကို ပထမဆုံးဖြည့်ကျင့်တော်မူသည်၊ ဘဝများစွာ ဒါနပါရမီကို ဖြည့်ကျင့်ရာ၌ ဤကောင်းမှုကြောင့် လူ့စည်းစိမ်နတ်စည်းစိမ်လောက် ဂုဏ်သိန်များကို သူတကာတို့ကဲ့သို့ မတောင့်တမမျှော်မှန်း၊ သတ္တဝါအများကိုကယ်မရန် သဗ္ဗညုတဉာဏ်ရဖို့သာရည်သန်တောင့်တတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com





ဘဝများစွာ ဒါနပါရမီကို ဖြည့်ကျင့်ရာ၌ သိဝိမင်း ဘဝနှင့် ဝေဿန္တရာမင်း ဘဝကား အလွန်ထင်ရှား၍ အသိများသော ဘဝများ ဖြစ်ပေသည်။

ဘုရားအလောင်းတော်သည် သိဝိမင်းဖြစ်စဉ် အလှူဒါနဘက်၌ စိတ်အားထက်သန်ပုံကို စုံစမ်းလို၍ သိကြားမင်းသည် မျက်မမြင် ပုဏ္ဏားအိုယောင်ဆောင်ကာ မျက်စိတစ်ဘက်ကို အလှူခံလာသည်၊ သိဝိမင်းကြီးသည် မျက်စိနှစ်ဘက်ကိုပင် ထုတ်၍ ရက်ရက်ရောရော ပေးလှူလိုက်လေသည်။

ဝေဿန္တရာမင်းဘဝ၌လည်း ဘုရားအလောင်းတော်သည်အလှူ မဏ္ဍပ် (၆)ခုဆောက်လုပ်၍ နေ့စဉ် (၆)သိန်းတန် အဝတ်တန်ဆာ အစားအစာများကိုလှူ၏။ တစ်ခါကမူ ကလိင်္ဂတိုင်း၌ ပုဏ္ဏားတို့သည် တန်ဖိုးမဖြတ်နိုင်သော ဆင်ဖြူတော်ကိုပင် အလှူခံလာကြရာ ရက်ရက် ရောရောပင် လှူတော်မူ၏။

ဆင်ဖြူတော်လှူ၍ ပြည်သူတို့ မကျေနပ်သဖြင့် ထီးနန်း စွန့်ကာ ဟိမဝန္တာ ဝင်္ကဘာတောင်သို့ စွန့်ခွာသွားရ၏။ မဒ္ဒီမိဖုရား၊ သားတော်ဇာလီ၊ သမီးတော်ကဏှာဇိန်တို့နှင့်အတူ ရသေ့ဝတ်ဖြင့် နေလေသည်။ ထိုအခါ၌လည်း အလှူခံလာသော ဇူဇကာပုဏ္ဏားအား သားတော် သမီးတော်တို့ကို လှူပြန်၏။ ပုဏ္ဏားယောင်ဆောင်လျက် မိဖုရားကို အလှူခံလာသော သိကြားမင်းအားလည်း မဒ္ဒီမိဖုရားကို လှူပြန်သည်။

www.burmeseclassic.com



ဤသို့လျှင် ဘုရားအလောင်းတော်သည် ဘဝများစွာ ဖြစ်လေရာတို့၌ ဒါနပါရမီကို ဖြည့်ကျင့်ရာတွင် ပစ္စည်းဥစ္စာကိုသာမက ဇနီးမယား, သမီး, သားတို့ကိုပင် စွန့်လှူခဲ့သည်၊ ထိုမျှသာမက များစွာသောဘဝတို့၌ အင်္ဂါ ခြေ၊ လက်နှင့် အသက်ကိုပင် စွန့်လှူခဲ့ဖူးသည်မှာ များလှလေပြီ။

## သီလပါရမီဖြည့်ကျင့်တော်မူပုံ

အကုသိုလ်မဖြစ်အောင် ကိုယ်နှုတ်တို့ကို စောင့်ထိန်းခြင်းကို သီလဟုခေါ်သည်။ ထိုသီလမှာ (၅)ပါးသီလ၊ (၈)ပါးသီလစသည်ဖြင့် များစွာရှိသည်။ ဘုရားအလောင်းတော်သည် ဘဝများစွာတို့၌ သီလပါရမီတော်ကိုလည်း ဖြည့်ကျင့်ခဲ့သည်။ အလီနသတ္တုမည်သော မင်းသားဖြစ်စဉ်က သီလပါရမီဖြည့်ကျင့်ပုံမှာလည်း ထင်ရှားသောဖြစ်ရပ်တစ်ခုဖြစ်သည်။



အလီနသတ္တုမင်းသား၏ ခမည်းတော်သည် သမင်လိုက်ရာမှ နယ်ကျွံ၍ ဘီလူးတစ်ဦး စိုးပိုင်သော ညောင်ပင်အောက်သို့ ရောက်သွားသည်။

“နောက်တစ်နေ့ ပြန်လာ၍ ဘီလူးအစားခံပါမည်” ဟူသော ကတိဖြင့် ဘီလူးထံ ခွင့်ပန်၍ နန်းတော်သို့ ပြန်လာခဲ့သည်။ ထိုအကြောင်းကို သားတော်အလီနသတ္တုမင်းသား ကြားသိ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ခမည်းတော်ကိုယ်စား ဘီလူးအစားခံရန် သွားခဲ့လေသည်။ မင်းသားသည် မိမိစောင့်ထိန်းထားသော ကိုယ်ကျင့်သီလ ညှိုးနွမ်းမည် စိုးရိမ်၍ လက်နက်တစ်စုံတစ်ရာကိုမျှ ယူမသွားခဲ့ပေ။

ဘီလူးသည် ဘုရားလောင်းတော် အလီနသတ္တုမင်းသား၏ မကြောက်မရွံ့ ရဲဝံ့သော အမူအရာကိုမြင်၍ မသတ်စားဝံ့တော့ဘဲ နောက်ဆုံးတွင် မင်းသား၏ အဆုံးအမကို လိုက်နာကာ ငါးပါးသီလ စောင့်ထိန်းသူ ဖြစ်လာလေသည်။

ဒါနပါရမီဖြည့်ရာ၌ အသက်ကိုပင် စွန့်လှူရဲသော ဘုရားအလောင်းတော်သည် သီလပါရမီ ဖြည့်ကျင့်ရာ၌ ကိုယ်ကျင့်သီလကို အဘယ့်ကြောင့် အသက်နှင့်မလဲဝံ့ဘဲ ရှိအံ့နည်း။

## နေက္ခမ္မပါရမီ ဖြည့်ကျင့်တော်မူပုံ

လောကီအာရုံ ကာမဂုဏ်များကို မစုံမက်ဘဲ စွန့်ခွာ၍ တစ်ကိုယ်တည်း ရသေ့ရဟန်းပြုလိုခြင်း (တောထွက်ခြင်း)မျိုးကို နေက္ခမ္မပါရမီဖြည့်သည်ဟုခေါ်၏။ ဘုရားလောင်းတော်၏ နေက္ခမ္မပါရမီ ဖြည့်ကျင့်သောဘဝများမှာ လွန်စွာ များလှ၏။ အယောဃရမည်သော မင်းသားဘဝကို မှတ်သားနိုင်ရုံ ထုတ်ပြမည်။



အယောဃရမင်းသား ဖွားမြင်ပြီးနောက် ဘီလူးရန်ကို ကြောက်သဖြင့် ၁၆-နှစ်အရွယ် တိုင်အောင် သံလှောင် အိမ်အတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ပင်ထား၍ ပညာသင်ပေးကြရ၏။ ၁၆-နှစ်ရောက်သော် ထီးနန်း အပ်မည်ဟု စီစဉ်ကာ အပြင်သို့ ထုတ်ဆောင်ကြ၏။ ထိုအခါဘုရား အလောင်းတော်မင်းသားသည်-

"အမိဝမ်းတွင်း၌ ဆယ်လ၊ သံလျောင်အိမ်အတွင်း၌ ၁၆-နှစ်နေ၍ လွတ်မြောက်လာခဲ့ရသော်လည်း သေခြင်းဘေးကမူ မလွတ်မြောက်နိုင်သေး"ဟုတွေးမိကာ ထီးနန်းစည်းစိမ်ကို လက်မခံဘဲ တောထွက်ကာ ရသေ့ပြုလုပ်သွားလေသည်။

## ပညာပါရမီဖြည့်ကျင့်တော်မူပုံ

ပညာပါရမီဖြည့်သည်ဆိုရာ၌ ပထမ မိမိတတ်သိနားလည်အောင် သင်ရ၏၊ တိုးတက်အောင် ကြံစည်စဉ်းစားရ၏၊ ထိုသို့တတ်သိနားလည်ထားသော ပညာကို သူတစ်ပါးတို့အား တတ်အောင် သင်ပြပေးခြင်း၊ ထိုပညာဖြင့် အများအကျိုးရှိအောင် ဆောင်ရွက်ပေးခြင်းကို ပညာပါရမီဖြည့်ကျင့်သည်ဟု ခေါ်သည်။

ဘုရားအလောင်းတော်သည် ဘဝများစွာ ပညာပါရမီ ဖြည့်ကျင့်ရာတွင် မဟော်သဓာပညာရှိဖြစ်စဉ်က ပညာတန်ခိုးဖြင့် အများအကျိုးရှိအောင် ရွက်ဆောင်ပုံမှာ ထင်ရှားပေသည်။ စူဠနီဗြဟ္မဒတ်မင်းသည် ဇမ္ဗူဒိပ်မင်းပေါင်းတစ်ရာကို ဖမ်းပြီးလျှင် အဆိပ်ခပ်သောအရက်ကို တိုက်၍ သတ်ဖို့ကြံစည်ထား၏။ မဟော်သဓာသည် ထိုအကြံကို သူ၏ ဉာဏ်ပညာစွမ်းဖြင့် ပျက်အောင်ဖျက်ခဲ့လေသည်။ စူဠနီ





www.burmeseclassic.com

www.burmeseclassic.com



ဖြုဟ္မဒတ်မင်းနှင့် ဝိဒေဟရာဇ်မင်းကြီးတို့ စစ်ခင်းရာ၌လည်း မဟော် သဓာသည် တစ်ယောက်တလေမျှ အသက်မသေရအောင် သူ၏ပညာ စွမ်းဖြင့် စစ်ပြေငြိမ်းသည်အထိ စွမ်းဆောင်နိုင်ခဲ့သည်။

## ဝီရိယပါရမီ ဖြည့်ကျင့်တော်မူပုံ

သတ္တဝါအများ ကောင်းစားချမ်းသာရေး လုပ်ငန်းမှန်သမျှ သက်စွန့်ကြိုးပမ်း အစွမ်းကုန်အား ထုတ်ပြုလုပ်ရွက် ဆောင်ခြင်းကို ဝီရိယပါရမီ ဖြည့်ကျင့်သည်ဟုခေါ်၏။



ဘုရားအလောင်းတော်သည် မည်သည့်အခါမျှ လုံ့လဝီရိယ လျှော့ချလေ့မရှိ၊ ကိုယ်ရေး ကိုယ်တာအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ မကြောက်မရွံ့ စွန့်စွန့်စားစား အားထုတ်ပြုလုပ်မြဲဖြစ်သည်၊ ပူသည်၊ အေးသည် ရမယ်ရှာ၍ မည်သည့်အခါမျှ ပျင်းရိ လက်လျှော့ခြင်းမရှိ၊ မဟာဇနကမင်းသားဘဝ၌ လုံ့လဝီရိယပြုတော်မူပုံမှာ မှတ်သားဖွယ် ကောင်းလှသည်။

မဟာဇနကမင်းသားသည် သင်္ဘောဖြင့် ကုန်ရောင်းကုန်ဝယ် ထွက်ခဲ့ရာသင်္ဘောစီးသူ လူအပေါင်း ခုနစ်ရာနှင့်အတူ ပင်လယ်ကူးစဉ် သင်္ဘောပျက်လေသည်၊ လူအားလုံးတို့ အားလျှော့၍ မကြိုးစားဘဲ အသေခံကြသော်လည်း ဘုရားအလောင်းတော်သည် ရှိသည့်အားကို အချည်းနှီးမထားဘဲ (၇)ရက်လုံးလုံး လက်ပစ်ကူးကာ ကြိုးစားခဲ့လေ

www.burmeseclassic.com



သည်။ ထို့နောက် မဏိမေခလာနတ်သမီး ကယ်ဆယ်၍အသက်ဘေးမှ လွတ်မြောက်ရရုံမျှမက မိတ္ထီလာပြည်ကြီးကိုပင် စိုးစံရလေသည်၊ လက်ပစ်ကူး၍ မကြိုးစားခဲ့လျှင်ကား ကယ်ဆယ်သူနှင့် တွေ့နိုင်မည် မဟုတ်၍ အများနည်းတူ အသက်သေရပေမည်။

## ခန္တီပါရမီ ဖြည့်ကျင့်တော်မူပုံ

"ငါ့အပေါ်၌ လူမိုက်တို့ပြုလုပ်လာသော စော်ကားမှုကို ငါက ပြန်၍ တုံ့ပြန်ပြုမူလျှင် ငါလည်း ထိုသူတို့ကဲ့သို့ မိုက်မဲသူသာ ဖြစ်ပေမည်"ဟု ကြံစည်၍ ဒေါသမထွက် စိတ်ပျက်အားငယ်မှုမရှိဘဲ စိတ်အေးအေးနှင့် မိမိက အလျှော့ပေး အနစ်နာခံလိုက်ခြင်းကို ခန္တီပါရမီဖြည့်သည်ဟုခေါ်၏။

ဘုရားလောင်းတော်သည် အများအကျိုး သယ်ပိုးရွက်ဆောင်၍ ခေါင်းဆောင်ရသောဘဝတိုင်း သည်းခံခြင်း– ခန္တီပါရမီကိုလည်း ဖြည့်ကျင့်ခဲ့သည်။ မျောက်မင်းဘဝတစ်ခုသည်ကား ခန္တီပါရမီဖြည့်ကျင့်မှုနှင့် စပ်၍ မှတ်သားဖွယ်ကောင်းလှသည်။



ဘုရားလောင်းတော်သည် တစ်ခါက အားကောင်းသော မျောက်မင်းဖြစ်၏၊ ဒေဝဒတ်လောင်းပုဏ္ဏား တစ်ဦးသည် သစ်ပင်တက်ရာ၌ သစ်ကိုင်းကျိုး၍ ချောက်ထဲကျသွား၏၊ ငိုယိုမြည်တမ်းနေသော ထိုပုဏ္ဏားကို မျောက်မင်းတွေ့၍ချောက်ထဲမှ ကယ်တင်လေသည်၊ ထို့နောက် မောပန်းသဖြင့် ထိုပုဏ္ဏား၏ပေါင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးကာ အိပ်ပျော်သွားခိုက် ပုဏ္ဏားမိုက်သည် ကျေးဇူးတရားကို မထောက်ထားဘဲ မျောက်မင်းအသားစားလို၍ ဦးခေါင်းကို ကျောက်ခဲဖြင့် ထုရိုက်လေသည်။

မျောက်မင်းလန့်နိုးကာ ချက်ချင်း သစ်ပင်ပေါ် ခုန်တက်ပြေးရ၏။ ထိုရန်သူ ပုဏ္ဏားမိုက် တောထဲမှာ မျက်စိလည်ကာ သေရှာမည်ကိုလည်း စိုးရိမ်၏၊ အောက်သို့လည်း မဆင်းလာဝံ့။ သစ်ပင်ချင်း ခုန်ကူးကာ ဦးခေါင်းမှကျသော သွေးစက်များကို ခြေရာခံ၍ လိုက်ပါရန် မှာကြားလျက် လူသွားလမ်းအရောက် လမ်းပြပို့ဆောင်ပေးခဲ့သည်။ ခန္တီဝါဒီရသေ့အကြောင်းကို ပြသောဇာတ်တော်သည်လည်း ခန္တီပါရမီကို ကိုယ်စားပြုဖော်ပြသည့် ဇာတ်တော်ဖြစ်ပါသည်။

## သစ္စာပါရမီ ဖြည့်ကျင့်တော်မူပုံ

သူတစ်ပါးကို လိမ်၍ပြောခြင်း၊ ပြောသည့်အတိုင်း၊ ကတိခံသည့်အတိုင်း မလုပ်ခြင်းသည် သူတစ်ပါး အကျိုးပျက်အောင် ပြုလုပ်သည်မည်၏။ လိမ်လည်လှည့်ဖြား မပြောကြားဘဲ ပြုလုပ်နိုင်သလောက် ကိုသာပြော၍၊ ပြောသည့်အတိုင်းပြုလုပ်ခြင်း၊ မှန်ရာကိုသာပြောဆိုခြင်းသည် သစ္စာပါရမီ မည်၏။



ဘုရားလောင်းတော်သည် ဖြစ်လေရာဘဝတိုင်း သူတစ်ပါး အကျိုးပျက်အောင် မုသားစကားကို မည်သည့်ဘဝတွင်မျှ မဆိုခဲ့ပေ။ ဘဝတိုင်း သစ္စာပါရမီကိုလည်း ဖြည့်ကျင့်ခဲ့လေသည်။ သစ္စာပါရမီဖြည့်ရာ၌ သုတသောမမင်းဘဝကား ထင်ရှားလှလေသည်။

www.burmeseclassic.com



ဘုရားအလောင်းတော် မဟာသုတသောမမင်းဖြစ်စဉ် ရှင်ဘုရင်ဘဝမှ လူသားစားမှုကြောင့် တိုင်းပြည်မှ ထွက်ခွာသွားရသော ပေါရိသာဒသည် တောထဲမှာပင်နေရ၏။ လူသားစား ပေါရိသာဒသည် တစ်နေ့သောအခါ သစ်ငုတ်စူး၍ ခြေဖဝါး၌ ဖြစ်သောအနာကို "နတ်မင်း ကယ်မပါ (၇)ရက်အတွင်း ပျောက်အောင်ကယ်မလျှင် ဇမ္ဗူဒိပ်မင်း အပေါင်း၏ လည်ချောင်းသွေးဖြင့် ယစ်ပူဇော်ပါမည်"ဟု ညောင်ပင်စောင့် နတ်မင်းကြီးအား ကတိခံထား၏။ ထိုအနာ သူ့ဘာသာ ပျောက်သွားသည်ကို နတ်မသည်ဟုထင်ကာ ဇမ္ဗူဒိပ်မင်းတို့ကို ဖမ်းထားသည်။

တက္ကသိုလ်ပညာသင်စဉ်က ဆရာတော်ဖူးသော သုတသောမမင်းကိုလည်းဖမ်းသွားသည်၊ သုတသောမမင်းသည်အဖမ်းမခံရမီအချိန်ကလေးကမှ ပုဏ္ဏားတစ်ဦးအထံ၌ တရားဂါထာနာယူရန် ဝန်ခံခဲ့သော ကတိစကားကိုသတိရ၍ "တရားနာပြီးလျှင် ပြန်လာပါမည်"ဟု ပေါရိသာဒထံ ခွင့်တောင်း၏။ ပေါရိသာဒလည်း လွယ်လွယ်ပင် ပြန်လွှတ်လိုက်သည်၊ တရားနာပြီးသောအခါ သတ်တော့မည်ကို သိပါလျက် သစ္စာမဖျက်ဘဲ မကြောက်မရွံ့အသက်စွန့်၍ ပေါရိသာဒထံ ပြန်လာခဲ့သည်။ သုတသောမမင်း၏ သေဘေးမှ ကြောက်ရွံ့မှုမရှိပုံကို မေးမြန်းရာမှအစပြု၍ အလောင်းတော်သုတသောမမင်း ပြောပြသော တရားစကားကြောင့် ဇမ္ဗူဒိပ်မင်းအားလုံးလည်း အသတ်မခံရတော့ဘဲ ပေါရိသာဒလည်း လူကောင်းတစ်ယောက်ဖြစ်လာကာ သူ့ထီးနန်းကို ပြန်ရခဲ့လေသည်။

## အဓိဋ္ဌာန်ပါရမီ ဖြည့်ကျင့်တော်မူပုံ

ဒါနစသော ပါရမီကောင်းမှုများကို သတ်မှတ်ထားသည့် အတိုင်းမပျက်မကွက်စွဲစွဲမြဲမြဲ အောင်မြင်ပြီးမြောက်အောင် ပြုလုပ်မည်



www.burmeseclassic.com

www.burmeseclassic.com





ဟုစိတ်ကို ဆုံးဖြတ်ထားမှု၊ ဆုံးဖြတ်သည့်အတိုင်း ပြုလုပ်မှုကို အဓိဋ္ဌာန်ဟုခေါ်၏။ ဘုရားအလောင်းတော်သည် ဘဝများစွာ အဓိဋ္ဌာန် ပါရမီတော်ကိုလည်း ဖြည့်ကျင့်ခဲ့သည်။ တေမိယ မင်းသားဖြစ်စဉ်က အဓိဋ္ဌာန်ပါရမီ ဖြည့်ကျင့်ပုံမှာ အလွန်ထင်ရှား လှပေသည်။

ဘုရားလောင်းတော်သည် တေမိယမင်းသား မဖြစ်မီ ဘဝတစ်ခုတွင် ရှင်ဘုရင် ဖြစ်စဉ်က အငြင်းပွားမှုများကို တရားအဆုံးအဖြတ်ပေးရာတွင် အနည်းငယ် မှားယွင်းခဲ့သဖြင့် ငရဲကျခဲ့ရဖူးသည်။ တေမိယမင်းသားကလေးသည် တစ်လသားအရွယ် ထီးဖြူအောက်၌ ပက်လက်နေစဉ် ထီးဖြူကို မြင်ရသည်မှစ၍ ရှေးဘဝ များကိုပြန်လည်သိမြင်နိုင်သော ဇာတိဿရဉာဏ်ကို ရလေသည်။ ရှေးမင်း ဖြစ်စဉ်က အဆုံးအဖြတ်အမိန့်ပေးလွှဲ၍ ငရဲကျခဲ့ပုံကို ပြန်လည် သတိရမိကာ မင်းဖြစ်ရမည်ကို လွန်စွာ ကြောက်ရွံ့ထိန့်လန့် သွားလေသည်။

ထိုအခါ ရှေးဘဝက မိခင်ဟောင်းဖြစ်ခဲ့ဖူးသော ထီးချက်စောင့်နတ်သမီးသိသွားသဖြင့် –

''ချစ်သား တေမိယမင်း မကြောက်ပါနှင့် ရှင်ဘုရင် မလုပ်ချင်လျှင် ဆွံ့, အ, နားပင်းဟန် ဆောင်နေလိုက်ပါ''ဟု တိုက်တွန်းအကြံပေးလေသည်။ ထိုအခါမှစ၍–

''မည်သည့်အကြောင်းကြောင့်မျှ စကားမဆိုတော့အံ့၊ ဆွံ့အယောင် ဆောင်နေတော့မည်''ဟု စိတ်ကို ခိုင်မာစွာ ဆောက်တည် အဓိဋ္ဌာန်ပြုလေသည်။ မပြောမဆို၊ ငိုလည်းမငိုဘဲ အရွယ်ရောက်သည်း မထိုင်မထပြောသမျှလည်း မကြားဟန်ဆောင်နေခဲ့ရာ အသက်၁၆–နှစ်



www.burmeseclassic.com

www.burmeseclassic.com




အရှယ်သို့တိုင်အောင် အခိုင်အမာ ဆုံးဖြတ်၍ နေထိုင်ခဲ့လေသည်။ ထိုအခါကျမှ ခမည်းတော်မင်းကြီးက

ထီးနန်းနှင့်မတန်ဟု ဆုံးဖြတ်၍ တောထဲသို့ နှင်ထုတ်သတ်ပစ်ရန် အမိန့်ပေးလေရာ တောထဲရောက်သောအခါ ရသေ့ရဟန်းပြုသွားလေသည်။

## မေတ္တာပါရမီ ဖြည့်ကျင့်တော်မူပုံ

သူတစ်ဘက်သား ကြီးပွားချမ်းသာစေလိုသော စိတ်ထားသည် မေတ္တာမည်၏။ မေတ္တာစိတ်ထား ရှိသူတို့သည် မိမိအပေါ် သူတစ်ပါးက မတော်မတရား ပြုမူ ပြောဆိုစေကာမူ ထိုသူ၏ အပြစ်ကို မရှု၊ ထိုသူ၏ ကောင်းကွက်ကိုသာ ရှုကြည့်ကာ သူ့အကျိုးကို ဆောင်ရွက်မြဲ ဆောင်ရွက်ကြလေသည်။



ဘုရားလောင်းတော်သည် ဘဝများစွာ၌ မေတ္တာပါရမီကိုလည်း ဖြည့်ကျင့်ခဲ့သည်။ သုဝဏ္ဏသာမ ရသေ့ဖြစ်စဉ် တောထဲ၌ မျက်မမြင် မိဘနှစ်ပါးကို ပြုစုနေ၏။ ခြင်္သေ့၊ သစ်၊ ကျား၊ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်စသော သားကောင်များအပေါ်၌ပင်တကယ့်မေတ္တာစိတ်ဖြင့် ချစ်ခင်နေ၏။ မိမိအား သားကောင်မှတ်၍ လေးဖြင့် ပစ်သတ်ခဲ့သော ပီဠိယက္ခမင်းကိုပင် မေတ္တာမပျက်ခဲ့ပေ။ နောက်ဆုံးမေတ္တာသစ္စာကြောင့် မြားဆိပ်လည်းပြေ အသက်လည်းမသေဘဲ မျက်မမြင်မိဘနှစ်ပါးလည်း မျက်စိနှစ်ကွင်း အလင်းရကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဥပေက္ခာပါရမီ ဖြည့်ကျင့်တော်မူပုံ

သူတစ်ဘက်သားအား မုန်းလည်းမမုန်း၊ ချစ်လည်းမချစ် ဘက်မလိုက် မျှမျှတတ အလယ်အလတ် တည့်မတ်သောစိတ်ထားကို ဥပေက္ခာပြုခြင်း လျစ်လျူရှုခြင်းဟု ခေါ်၏။ ဘုရားအလောင်းတော်သည် ဘဝများစွာ ဥပေက္ခာပါရမီကိုလည်း ဖြည့်ကျင့်ခဲ့သည်၊ လောမဟံသခေါ်သော ဘဝမှာ ထင်ရှားလှလေသည်။

ဘုရားအလောင်းတော်သည် မိဘတို့ ကွယ်လွန်သောအခါ များစွာသော စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်၍ တောသို့ဝင်လေသည်၊ ရသေ့ပြုလုပ်လိုသော်လည်း ရသေ့ပြုလျှင် လူအများအထင်ကြီး၍ ချီးမွမ်းကြမည်ကိုစိုးရွံ့သဖြင့် ရသေ့လည်းမလုပ်ဘဲ အဝတ်တစ်ထည်ဖြင့်သာ လှည့်လည် သွားလာနေခဲ့သည်။



မိမိအား လေးစားသမှု ပြုမူဆက်ဆံသော နေရာ၌ ကြာကြာမနေ၊ တစ်ရက်လောက်သာနေ၏၊ ရွာတစ်ရွာသို့ ရောက်သွားသောအခါ ကလေးသူငယ်များနှင့် သေသောက်ကြူးများက ပြက်ရယ်ပြောင်လှောင်ကြသော်လည်း ဘုရားအလောင်တော်ကားစိတ်မဆိုး။ သုသာန်၌ လူရိုးကိုခေါင်းအုံးလျက်အိပ်၏။ ကလေးများဝိုင်းအုံ လာရောက်ကာ အလောင်းတော်အား တံတွေးဖြင့်ထွေးကြ၊ ကျင်ကြီး ကျင်ငယ် စွန့်၍ ကြကုန်၏။ ဘုရားအလောင်းတော်သည် ထိုသူတို့ အပေါ်၌ စိတ်မဆိုး၊ အပြစ်မယူ၊ စိတ်ပျက်အားငယ်ခြင်းမဖြစ် တစ်ချို့လည်း ပန်းနံ့သာနှင့်

www.burmeseclassic.com



စားကောင်း သောက်ဖွယ်များကို ပေးလှူကြကုန်၏။ ထိုသူတို့အပေါ်၌လည်း ချစ်ခင်တွယ်တာမှုမထား၊ ကောင်းဆိုး နှစ်ဖြာ၌ လျစ်လျူရှုကာ မည်သည့်ဘက်မှမတိမ်းညွတ်ဘဲ တည့်မတ်သော စိတ်ထား (ဥပေက္ခာ) ဖြင့်သာ နေတော်မူလေသည်။

## ပါရမီ (၁၀)ပါး အပြား(၃၀)



* ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယာ။
* ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာ။
* ပြင်ပဥစ္စာ ကိုယ်အင်္ဂါ သက်ပါမငဲ့ပါ။

ဒါနစသော ပါရမီ(၁၀)ပါးကို-

(က) ရိုးရိုးဖြည့်ကျင့်လျှင် ပါရမီ ဟုခေါ်၏။
(ခ) ကိုယ်လက်အင်္ဂါ စွန့်၍ဖြည့်ကျင့်လျှင် ဥပပါရမီ ဟုခေါ်၏။
(ဂ) အသက်ကိုပါစွန့်၍ ဖြည့်ကျင့်လျှင်မှု ပရမတ္ထပါရမီ ဟုခေါ်၏။

ပါရမီတစ်ပါး တစ်ပါးလျှင် အနုအရင့် ဖြည့်ကျင့်ပုံ သုံးမျိုးစီ ကွဲပြားသဖြင့် 'ပါရမီ ၁၀-ပါး၊ အပြား ၃၀'ဟု ခေါ်ရသည်။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



လောင်းတော်သည် ထိုပါရမီ ၁၀-ပါး၊ အပြား ၃၀-တို့ကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ဖြည့်ကျင့်တော်မူခဲ့ရာ ဝေဿန္တရာမင်းဘဝ၌ ပါရမီတော်အားလုံး ပြီးပြည့်စုံခဲ့လေပြီ။



စရိယာ (၃)ပါး

ဘုရားလောင်းတော်သည် ဘဝများစွာ ပါရမီတို့ကို ဖြည့်ကျင့်ရာ၌ ရည်မှန်းချက်ကြီး သုံးချက်ကို ဦးထိပ်ထား၍ ကျင့်ဆောင်ခဲ့သည်။

(၁) လောကတ္ထစရိယာ = လောကလူသား၊ ကမ္ဘာသူကမ္ဘာသား သတ္တဝါအများ ကောင်းစား ချမ်းသာရေး ကျင့်စဉ်။

(၂) ဉာတတ္ထစရိယာ = မိမိ၏ အမျိုးသား မိမိလူမျိုး ကောင်းစား ချမ်းသာရေးကျင့်စဉ်။

(၃) ဗုဒ္ဓတ္ထစရိယာ = သတ္တဝါအများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်သော သဗ္ဗညုဘုရားဖြစ်ရေး ကျင့်စဉ်။

ဘဝတိုင်း၊ ပါရမီဖြည့်ကျင့်တိုင်း ဤရည်မှန်းချက်ကြီး သုံးရပ်ကို ဦးထိပ်ထားခဲ့လေသည်၊ စရိယာသုံးပါးဟုခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



## စွန့်ခြင်းကြီး(၅)ပါး

ထို့အပြင် ဘဝများစွာ ပါရမီဖြည့်ရာတွင်-

(၁) တိုင်းပြည်နိုင်ငံ ထီးနန်းစည်းစိမ်ကို စွန့်၍ ပါရမီဖြည့်ခြင်း (ဓနပရိစ္စာဂ)၊

(၂) သားသမီးတို့ကို စွန့်လှူခြင်း (ပုတ္တပရိစ္စာဂ)၊

(၃) ဇနီးမယားကိုပင် စွန့်လှူခြင်း (ဘရိယပရိစ္စာဂ)၊

(၄) မိမိခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများကို စွန့်လှူခြင်း (အင်္ဂပရိစ္စာဂ)၊

(၅) နောက်ဆုံး အသက်ကိုပင်လျှင် နှမြော တွန့်တိုမှုမရှိဘဲ စွန့်လှူခြင်း (ဇီဝိတပရိစ္စာဂ)တို့ကိုလည်း ပြုလုပ်ခဲ့ရသည်။ စွန့်လွှတ်နိုင်ခဲ့သော စွန့်လွှတ်ခြင်းကြီးဖြစ်၍ 'ပဥ္စမဟာပရိစ္စာဂ စွန့်ခြင်းကြီး ငါးပါး'ဟု ခေါ်ရသည်။

ပါရမီ(၁၀)ပါး၊ အပြား(၃၀)၊ စွန့်ခြင်းကြီးငါးပါး၊ စရိယာသုံးပါး တို့ကို ဘဝဆက်တိုင်း စဉ်ဆက်မပြတ် ဖြည့်ကျင့် ကြိုးပမ်းခဲ့ပါသည်။



ထိုကြိုးပမ်းမှုရလဒ်အတွက် ဘုရားအလောင်းတော် ရယူလိုသောဆုမှာ တစ်ခုတည်းသာ ဖြစ်၏။ သဗ္ဗညုတဉာဏ်တော် ရရှိရေးသာ ဖြစ်သည်။ သဗ္ဗညုတဉာဏ်တော်မှာ လွန်စွာ ကြီးမြတ်လှသဖြင့် ထိုမျှအချိန်ကြာကြာ ပါရမီတို့ကိုဖြည့်ကျင့် စုဆောင်းခဲ့ရခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## မြတ်စွာဘုရားရှင်၏ နေ့စဉ်ဆောင်ရွက်မြဲ ဗုဒ္ဓကိစ္စငါးပါး

"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။

မြတ်စွာဘုရားရှင်သည် သတ္တဝါအားလုံး အကျိုးစီးပွား များစေရန် ပွင့်ထွန်းပေါ် ပေါက်တော်မူလာရသည်"



မိမိတစ်ဦးတည်း အကျိုးအတွက် ဆိုရပါမူ ဘုရားရှင်သည် ဖလသမာပတ် ဝင်စား၍ ချမ်းသာစွာနေတော်မူနိုင်သော်လည်း နေတော်မမူအား၊ သတ္တဝါများအတွက် မနေမနား ကြိုးစားတော်မူသည်။ ဘုရားရှင်၏ နေ့စဉ်ဆောင်ရွက်တော်မူမြဲဖြစ်သော လုပ်ငန်းစဉ် (ဗုဒ္ဓကိစ္စငါးပါး)ကို လေ့လာကြည့်လျှင်ပင် သတ္တဝါများအပေါ်ထားတော်မူသော မဟာကရုဏာတော်ကို အလွယ်တကူပင် တွေ့မြင်ရမည်ဖြစ်၏။

တစ်နေ့တာအချိန်ကို ငါးပိုင်းပိုင်း၍ သူ့အချိန်နှင့် သူမလစ်လပ်စေရအောင် နေ့စဉ်နှင့်အမျှဆောင်ရွက်တော်မူသည်။ နံနက်ခင်းလုပ်ငန်း၊ ဆွမ်းစားပြီးချိန်လုပ်ငန်း၊ ညဦးယံလုပ်ငန်း၊ သန်းခေါင်ယံလုပ်ငန်း၊ မိုးသောက်ယံလုပ်ငန်းဟူ၍ တစ်နေ့တာဆောင်ရွက်ဖွယ် လုပ်ငန်းစဉ်များကို ငါးပိုင်းပိုင်း၍ နေ့စဉ်ဆောင်ရွက်တော်မူသည်။

### (က) ပုရေဘတ္တကိစ္စ=နံနက်ခင်းလုပ်ငန်းစဉ်

မြတ်စွာဘုရားရှင်သည် အရုဏ်တက်ချိန်မတိုင်မီ စောစွာအိပ်ရာမှ ထတော်မူ၍ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



ပြုတော်မူသည်။ ထို့နောက် ဂန္ဓကုဋိတိုက်ခန်းသို့ ပြန်လည်ဝင်တော်မူပြီး သမာပတ်ဝင်စားကာ ခဏမျှ ချမ်းသာစွာ နေတော်မူသည်။ ထို့နောက် ဆွမ်းခံချိန်ရောက်သောအခါ သင်္ကန်းတော်ကို ရုံတော်မူပြီး တစ်ခါတရံ ကိုယ်တော်တစ်ပါးတည်း၊ တစ်ခါတရံ သံဃာတော်များ ခြံရံလျက် ဆွမ်းခံကြွတော်မူသည်။ ထိုသို့ကြွတော်မူသောအခါ၌လည်း တစ်ခါတရံ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်း၍လည်းကောင်း၊ တစ်ခါတရံ ပကတိ သဘာဝအတိုင်းလည်းကောင်း ကြွတော်မူသည်။



မြတ်စွာဘုရား ကြွတော်မူလေရာတိုင်း ပါရမီတော်ကြောင့် ခလုတ် ကန်သင်း၊ ဆူးငြောင့်၊ နှောင့်ယှက်ခြင်းမရှိ၊ ကမူ ချိုင့်ဝှမ်း နိမ့်မြင့် မညီဖြစ်နေသော လမ်းများလည်း အလိုလိုချောမွေ့ပြေပြစ်၍ သွားကြ၏။ ဒါယကာ ဒါယိကာမတို့လည်း ပန်းနံ့သာ လက်စွဲကာ ဘုရားရှင်ကို ဖူးမြော်ရန် စုဝေးရောက်လာကြကုန်၏။ မိမိတို့တတ်နိုင်သလောက် သံဃာတော် ဆယ်ပါး၊ အပါးနှစ်ဆယ်၊ အပါးတစ်ရာစသည်တောင်းယူကြကုန်လျက် မြတ်စွာဘုရား၏သပိတ်တော်ကို ယူဆောင်ကာ နေရာတော်ခင်း၍ ရိုသေစွာဆွမ်းလုပ်ကျွေး ကြကုန်၏။ ဆွမ်းဘုဉ်းပေးပြီးနောက် မြတ်စွာဘုရားရှင်သည် ဒကာ၊ ဒကာမတို့၏ စရိုက် ဓာတ်ခံကို ဆင်ခြင်တော်မူလျက် သင့်တော်သော အနုမောဒနာတရားကို ဟောကြားတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။ ပန်းနံ့သာတို့ဖြင့် ထုံမွှမ်းထားသော စုဝေးရာ မဏ္ဍပ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



တော်၌ ထိုင်နေတော်မူ၍ ဆွမ်းစားရာမှ ပြန်လာကြသော ရဟန်းတော်တို့ကို စောင့်လျက်နေတော်မူ၏။ ထို့နောက် သံဃာတော်များ စုံလင်သောအခါ ဂန္ဓကုဋိကျောင်းဆောင်ဘက်သို့ ကြွတော်မူလေသည်။ ဤကား နေ့စဉ်နံနက်တိုင်း ပြုလုပ်လေ့ရှိသော နံနက်ခင်းလုပ်ငန်းစဉ် ဖြစ်ပေသည်။

## (ခ) ပစ္ဆာဘတ္တကိစ္စ= နေ့လယ် လုပ်ငန်းစဉ်



မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးဆုံးသည့်နောက် တစ်နေ့တာ ဆောင်ရွက်မြဲလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်တော်မူ၏။ ဂန္ဓကုဋိကျောင်းတော်အနီး အသင့်ခင်းထားသော နေရာတော်၌ ထိုင်တော်မူပြီးနောက် ခြေဆေးအင်ပျဉ်၌ ရပ်တော်မူလျက် ရဟန်းတော်များအား ဒုလ္လဘတရားငါးပါးကို နေ့စဉ်ပင်ဟောကြား သတိပေးတော်မူမြဲဖြစ်သည်။

"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ = ရဟန်းတို့ မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံကြပစေ။"

၁။ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ = ရဟန်းတို့ လောက၌ ဘုရားရှင်ပွင့်ထွန်းတော်မူခြင်း ဖြစ်ပေါ်ခဲ၏။

၂။ မနုဿတ္တပဋိလာဘော ဒုလ္လဘော = လူအဖြစ်ရခြင်းသည် ခက်ခဲ၏။ (လူ့အဖြစ်ရခဲ၏)။



www.burmeseclassic.com

www.burmeseclassic.com




၃။ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘာ = (ရတနာသုံးပါးနှင့် ကံကံ၏အကျိုးကို ယုံကြည်မှု) သဒ္ဓါတရားနှင့် ပြည့်စုံခြင်းသည် ခက်ခဲ၏၊ (သဒ္ဓါနှင့် ပြည့်စုံခြင်းကို ရခဲ၏)။

၄။ ပဗ္ဗဇ္ဇာ ဒုလ္လဘာ = ရဟန်းအဖြစ်ကို ရခဲ၏။

၅။ သဒ္ဓမ္မဿဝနံ ဒုလ္လဘံ =သူတော်ကောင်းတရား ကြားနာရဖို့ ခက်ခဲ၏"။

ဒုလ္လဘတရားဟောကြား သတိပေးပြီးနောက် ကမ္မဋ္ဌာန်းမေးလျှောက်သော ရဟန်းတို့အား သင့်လျော်သော ကမ္မဋ္ဌာန်းကို ပေးတော်မူသည်။ ကမ္မဋ္ဌာန်းသင်ယူပြီးသော ရဟန်းတော်များ မိမိတို့နှင့်သင့်လျော်ဆိတ်ငြိမ်ရာသို့ အသီးသီးကြွရောက်၍ ကမ္မဋ္ဌာန်းဘာဝနာ တရားပွားများအားထုတ်ကြလေသည်။

ကမ္မဋ္ဌာန်းပေးပြီးနောက် ဂန္ဓကုဋိကျောင်းတော်သို့ ဝင်တော်မူကာ အလိုရှိလျှင် တမုဟုတ်ခန့် လျောင်းတော်မူသည်။ လျောင်းရာမှ ထတော်မူပြီးလျှင် တစ်လောကလုံးကိုခြုံ၍ ချွတ်ထိုက်သော သတ္တဝါဝေနေယျများ ရှိ၊ မရှိ အမြဲရှု ကြည့်တော်မူလေသည်။



မြတ်စွာဘုရား သီတင်းသုံးရာ ဒေသရှိ ဒကာ၊ ဒကာမတို့သည် ညနေချမ်းကာလရောက်လျှင် အဖျော်ယမကာ၊ ပန်းနံ့သာစသည် ယူဆောင်လျက် တရားနာယူရန် ကျောင်းတော်သို့ ရောက်လာ စုဝေးကြသည်။ ထိုအခါ မြတ်စွာဘုရားသည် ထိုတရားမဏ္ဍပ်ရှိ နေရာတော်၌ သီတင်းသုံးတော်မူလျက် သင့်တော်သောတရားကို ဟောကြားတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## (ဂ) ပုရိမယာမ ကိစ္စ= ညဥ့်ဦးယံလုပ်ငန်းစဉ်။




မြတ်စွာဘုရားရှင်သည် တစ်နေ့တာ ဆောင်ရွက်ဖွယ် လုပ်ငန်းများ ပြုလုပ်ပြီးနောက် ရေချိုးတော်မူလိုလျှင် ရေချိုးအိမ်သို့ဝင်တော်မူကာ ရေသပ္ပာယ်တော်မူသည်။ အလုပ်အကျွေးရဟန်းကလည်း ဘုရားရှင်နေရာတော်ကို ဂန္ဓကုဋီပရိဝုဏ်အတွင်း၌ ခင်းထားရလေရာ ရေသုံးသပ်တော်မူပြီးလျှင် ထိုနေရာတော်သို့ ကြွကာ တမုဟုတ်ခန့် တစ်ပါးတည်း ကိန်းအောင်း စံနေတော်မူလေသည်။

ခဏကြာလျှင် ထိုထိုအရပ်မှ ရဟန်းတော်များ လာရောက်ဆည်းကပ်ကြကုန်၏။ မြတ်စွာဘုရားသည် ညဥ့်ဦးယံတစ်ချိန်လုံး ထိုရဟန်းတော်များ မေးလျှောက်သမျှ ဖြေဆိုတော်မူ၍ တရားဓမ္မ ဟောပြပေးတော်မူ၏။ ဤသို့ဖြင့် ညဥ့်ဦးယံအချိန်ပိုင်း ကုန်လွန်သွား၏။

## (ဃ) မဇ္ဈိမယာမကိစ္စ = သန်းခေါင်ယံလုပ်ငန်းစဉ်။

ညဥ့်ဦးယံ လုပ်ငန်းပြီးဆုံး၍ ရဟန်းတော်များ ပြန်ကြွပြီးသောအခါ နတ်ဗြဟ္မာတို့ ဆည်းကပ်ရန် အချိန်ဖြစ်တော့သည်။ စကြဝဠာပေါင်း တိုက်တစ်သောင်း၌ နေကြကုန်သော နတ်ဗြဟ္မာတို့သည် မိမိတို့ ဆင်ခြင်စဉ်းစားခဲ့ကြသော အမေးပုစ္ဆာ ပြဿနာများကို မေးလျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် သန်းခေါင်ယံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး အမေးပုစ္ဆာ ပြဿနာအလိုက် နတ်ဗြဟ္မာတို့ သံသယ ပြေကြင်းအောင် ဖြေရှင်း ဟောပြတော်မူရလေသည်။ မင်္ဂလသုတ်စသော သုတ်တော်များသည် နတ်ဗြဟ္မာများမေးလျှောက်သဖြင့် ဤသန်းခေါင်ယံ၌ ဟောကြား ဖြေရှင်းတော်မူခဲ့သော သုတ်တော်များ ဖြစ်လေသည်။

**(င) ပစ္ဆိမယာမကိစ္စ= မိုးသောက်ယံလုပ်ငန်းစဉ်။**

ပစ္ဆိမယံခေါ် မိုးသောက်ယံကို သုံးပိုင်း ခွဲဝေတော်မူလျက်ကျင့်ဆောင်တော်မူလေသည်။

တစ်နေ့တာလုံး ဆောင်ရွက်တော်မူရသဖြင့် ကိုယ်လက်ပင်ပန်းနွမ်းနယ်မှု ပြေပျောက်စေရန် ပထမပိုင်းတစ်ချိန် စင်္ကြံကြွခြင်းဖြင့် ကုန်လွန်စေသည်။



ဒုတိယပိုင်း တစ်ချိန်မှာမူ ဂန္ဓကုဋိကျောင်းတော်သို့ဝင်၍ လက်ယာနံတောင်းဖြင့် လျောင်းစက် တော်မူသည်။

တတိယပိုင်းအချိန် လျောင်းတော်မူရာမှ ထတော်မူပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူကာ ရှေးရှေးဘုရားရှင်တို့ အထံ၌ ဒါန သီလစသည် ပြုခဲ့ဖူးသော ကုသိုလ်ပါရမီထူး ရှိသူများ ရှိ၊ မရှိ တစ်လောကလုံးကို ခြုံငုံ၍ ကြည့်ရှုတော်မူလေသည်။

ဤသည်တို့ကား မြတ်စွာဘုရားရှင်၏ ကိုယ်တော်အကျိုးမပါ၊ သတ္တဝါများအကျိုး ကိုသာ (၄၅)နှစ်တိုင်တိုင် (မဆိုစလောက်သော အချိန်မျှ ကျိန်းစက်တော်မူ၏) နေ့စဉ်နှင့်အမျှ လုပ်ငန်းစဉ်ချလျက် ဆောင်ရွက်တော်မူပုံဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အောင်ခြင်း ရှစ်ပါး



၁။ ဘုရားဖြစ်သောနေ့တွင် မာရ်နတ်ကို အောင်တော်မူသည်။
၂။ ပဉ္စမ (၅)ဝါတွင်
ဝေသာလီပြည်၌ သစ္စကပရိဗိုဇ်ကို အောင်တော်မူသည်။
၃+၄။ ကောဒသမ (၁၁)ဝါတွင်
နန္ဒောပနန္ဒနဂါးမင်းနှင့် ဗကဗြဟ္မာကို အောင်တော်မူသည်။
၅+၆။ စုဒ္ဒသမ (၁၄)ဝါတွင်
အင်္ဂုလိမာလနှင့် စိဉ္စမာဏကို အောင်တော်မူသည်။
၇။ သောဠသမ (၁၆)ဝါတွင်
အာဠဝီပြည်၌ အာဠဝကဘီလူးကြီးကို အောင်မြင်တော်မူသည်။
၈။ ဝီသတိမ (၂၀)ဝါတွင်
ရာဇဂြိုဟ်ပြည်၌ နာဠာဂိရိဆင်ကြီးကို အောင်မြင်တော်မူသည်။

### ၁။ မာရ်နတ်သားကို အောင်တော်မူခြင်း

"သိဒ္ဓတ္ထ မင်းသားကား မဟာဗောဓိပင်ရင်း 'အပရာဇိတ' ပလ္လင်တော်၌ သဗ္ဗညုတဉာဏ်ကို ရယူရန်နှင့် လောကသုံးပါးတည်း ဟူသော ငါ၏နယ်ပယ်မှ လွတ်မြောက်ရန် ကြိုးပမ်းအား ထုတ်နေလေပြီ၊ ငါသည်မင်းသားအား လွတ်မြောက် ခွင့်မပေးနိုင်"ဟု မာရ်နတ်သားသည် အကြံဖြစ်၍ 'ဂိရိမေခလာ' အမည်ရှိသော ဆင်ကိုစီးကာ ကြမ်းတမ်း



www.burmeseclassic.com

www.burmeseclassic.com





ခက်ထန်သော စစ်သည်ဗိုလ်ပါများက ကြောက်မက်ဖွယ် လက်နက် များကို စွဲကိုင်စေလျက် အလောင်းတော် မင်းသားကို စစ်ထိုးလေ၏၊ အလောင်းတော်သည် ''ငါဆည်းပူးခဲ့သော ပါရမီ (၁၀)ပါး တရားသာလျှင် ရှည်ကြာလေးမြင့် မွေးမြူအပ်သော ငါ့ပရိသတ် အခြံအရံနှင့် တူကုန်၏။ ဤပါရမီ (၁၀)ပါး ငါ၏လက်နက် ရဲမက်များကို အမှီပြုကာ မာရ်နတ်၏ရန်ကို ခုခံတားဆီးမှ သင့်လျော်ချေမည်''ဟု နှလုံးသွင်း၍ပါရမီ(၁၀)ပါး ကုသိုလ်တရားတို့ကို စဉ်းစားဆင်ခြင်၍ နေတော်မူ၏။

ထိုအခါ အလောင်းတော်၏ ဘုန်းတော်ကြောင့် မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်ကာ သည်းထန်စွာ မြည်ဟီးလေ၏။ ကောင်းကင်တစ်ခုလုံးလည်း ကြောက်မက်ဖွယ် ထစ်ချုန်း၍ ရဲရဲတောက်မီးပေါက်၊ မီးပွားတို့နှင့် မိုးကြိုးတို့သည် တဖြုံးဖြုံး ကျလေကုန်၏။

ဤတွင် မာရ်နတ်သည် အလွန်အမင်း ကြောက်လန့်ရကား စစ်အလံကိုလှဲကာ ဦးတည်ရာသို့ ထွက်ပြေးလေသတည်း။

လက်ရုံးတစ်ထောင် အသွင်ဆန်းနှင့်၊ ဆင်ကြမ်းကိုတည့် စီးလို့ပါ။
မာရ်နတ် ဘုရင် ပလ္လင်လုဖို့၊ သေနင်ထုနှင့် တိုက်ခိုက်တာ။
ပါရမီတွေ သက်သေပြလို့၊ ဝသုန်မြေထု ညွှန်ပြရာ၊
မာရ်စစ်တွေဟာ ကျေကာ ဖျက်လို့၊ ဟိုထွက် သည်ထွက် ပြေးရရှာ။
နဘံလွှမ်းမိုး ဖြန်းဖြန်းကျိုး၊ ပန်းမိုးချလို့ရှာ၊ အဲ့ဒါက ဘဂဝါအရဟာ၊ ပထမအောင်စဉ်ပါ။

## ၂။ အာဠာဝကဘီလူးကို အောင်တော်မူခြင်း

''အာဠဝီပြည့်ရှင်'' ဘုရင်သည် တောကစား ထွက်ရာမှ



www.burmeseclassic.com

www.burmeseclassic.com



အဖော်ကွဲ၍ မောပန်းသဖြင့် အရိပ်ကောင်းသော ပညောင်ပင်ရင်းသို့ ဝင်ရောက်ခိုနားရာ ပညောင်ပင်စောင့် အာဠာဝကဘီလူးက ဖမ်းစားမည် ပြုလေ၏။



ထိုအခါ မင်းကြီးက "ငါ့ကို လွှတ်လော့၊ ငါသည် သင့်အား နေ့စဉ် လူတစ်ယောက်နှင့် ထမင်း တစ်အိုးပို့ဆက်ပါမည်" ဟု ကတိ စကားပြောလေသော် ဘီလူးသည် မင်းကြီးကို လွှတ်လေ၏။ ကတိ အတိုင်း ဆောင်ရွက်ခဲ့ရာ ဆယ့်နှစ် နှစ်အကြာ၌ မင်းကြီး၏သားတော်ကို ဘီလူးအားဆက်ရမည့်နေ့တွင် မြတ်စွာဘုရားသည် အာဠာဝက ဘီလူး၏ ရေးကောင်းမှုရှိပုံကို မြင်တော်မူ၍ အဖော်မပါ တစ်ပါးတည်း ဘီလူး၏ ဗိမာန်အတွင်းသို့ဝင်၍ ထိုင်နေတော်မူ၏။

ထိုအကြောင်းကို ဟိမဝန္တာတောင်ရှိ ဘီလူးတို့၏အစည်းအဝေးသို့ ရောက်ရှိနေသော အာဠာဝကဘီလူးထံ ဗိမာန်စောင့် 'ဂဒြဘ' ဘီလူးက တင်လျှောက်သော် ဘီလူးကြီးသည် ဒေါသအမျက် ချောင်းချောင်း ထွက်လျက် ဗိမာန်သို့ ပြန်လာကာ လက်နက်ကိုးမျိုးဖြင့် ဘုရားရှင် အားတိုက်ခိုက်လေ၏။ ပစ်လွှတ်လိုက်သော လက်နက်မျိုးစုံတို့သည် ဘုရားသခင်အား လုံးဝထိခိုက်ခြင်းမရှိသည့်တွင် ဘီလူးကြီးလည်း မာန်လျှော့ကာ ဘုရားရှင်၏ ခြေတော်ရင်းတွင် ထိုင်ပါတော့သတည်း။

ဒေါသပြင်းစွာ တင်းမာလှ၊ မင်းမာရထက် ကြမ်းတမ်းစွာ၊
လက်နက်ကိုးဖြာ မိုးရွာလစ်၊ ဘွဲ့ဖြူပစ်လို့ စစ်ထိုးတာ။
ဗုဒ္ဓမြတ်စွာ မေတ္တာပွားလို့၊ သစ္စာတရားနှင့် ချေပရာ၊
လက်နက်တွေဟာ ခြေတော်အနီး၊ ပန်းစည်း ပန်းဆုပ် ခြေသုတ်ပဓာ။
အာဠာဝက မာန်စွယ်ကျ ဦးချဝပ်တွားလာ၊ အဲ့ဒါက ဘဂဝါသုဂတ၊ ဒုတိယ အောင်စဉ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၃။ နာဠာဂိရိဆင်ကို ဆုံးမအောင်မြင်တော်မူခြင်း

တစ်နေ့သ၌ အဇာတသတ်မင်းသည် ဒေဝဒတ်၏ စေခိုင်းချက်အရ ဆင်ထိန်းတို့ကိုခေါ်၍ ''နာဠာဂိရိဆင်ကြမ်းကို အရက်အမျိုးမျိုးတိုက်ပြီး 'ရှင်ဂေါတမ' ဆွမ်းခံကြွတော်မူရာလမ်း၌ လွှတ်ရမည်''ဟု အမိန့်ချမှတ်လေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် မြတ်စွာဘုရားသခင်သည်နောက်ပါသံဃာ ငါးရာနှင့်အတူ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူစဉ် ဆင်ထိန်းတို့သည် အမိန့်အတိုင်း စီမံကြလေ၏။ နာဠာဂိရိ ဆင်ပြောင်ကြီးသည် ဘုရားရှင်ကိုမြင်လျှင် နှာမောင်းကို မြှောက်ချီရာ နားရွက်နှစ်ဖက်ကို ထောင်ပြီး အဟုန်ပြင်းစွာ ပြေးလာလေ၏။ ထိုခဏ၌ သားသည် မိခင်တစ်ယောက် ကြောက်လန့် ထွက်ပြေးသည်ကို မြင်၍ ထိုမိန်းမထံသို့ လိုက်ပြန်လေ၏။



ထိုအခါ မြတ်စွာဘုရားက ဗြဟ္မာမင်း၏အသံတော်ဖြင့် 'အို. . . နာဠာဂိရိ သင့်ကိုအရက် အမျိုးမျိုးတိုက်၍ မူးအောင်ပြုလုပ်ကြသည်မှာ အခြားသူကို သတ်ရန်မဟုတ်၊ ငါဘုရားကို သတ်ရန်သာ ဖြစ်သည်။ ငါဘုရား ရှိရာသို့သာ ဖြောင့်ဖြောင့်လာလော့. . .၊'ဟု ခေါ်လိုက်လေသည်။

နာဠာဂိရိဆင်ပြောင်ကြီးသည် ဘုရားရှင်၏ အသံတော်ကို ကြားရလျှင် ထိတ်လန့်သံဝေဂတရားရရှိကာ တန်ခိုးတော်ကြောင့် အရက်မူးပြေပျောက်ပြီး ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်းခစားလေသတည်း။



www.burmeseclassic.com


www.burmeseclassic.com



နာဌာဂီရိ ဆင်ပြောင်မိုက်ကို၊ သေရည်တိုက်လို့ ခိုင်းတဲ့ခါ၊
လောင်မီးစံပုံ မာန်ဟုန်ပြင်းလို့၊ နင်းဖို့ သတ်ဖို့ အတင်းလာ။
ဓာတ်ဗြဟ္မစိုရ် လှစ်ခါနိုး၊ မေတ္တာမိုးနှင့် သွန်းလိုက်တာ၊
နွားဓောင်းလေးကို ကွေးကာကုပ်လို့၊ ဒူးတုပ်ဝပ်တွား ညွတ်သွားရှာ။
တိုက်ဆင်ပြောင်ကြီး လိမ္မာပြီး၊ ငြိမ်ကြီး ငြိမ်သက်လာ၊
အဲ့ဒါက ဘဂဝါ ဇိန၊ တတိယအောင်စဉ်ပါ။

## ၄။ စိဉ္စမာဏ မိန်းမယုတ်ကို အောင်မြင်တော်မူခြင်း

အခါတစ်ပါး၌ တစ်နေ့တစ်ခြား တန်ခိုးအရှိန်အဝါ လာဘ်ပူဇော်သက္ကာရများ ခေါင်းပါးလာကြသော တိတ္ထိတို့သည် ပူဇော်သက္ကာယ လာဘ်လာဘတို့ ပေါများသော မြတ်စွာဘုရားနှင့် တပည့်သား သံဃာတော်များကို မကောင်းသတင်းဖြစ်စေရန် နတ်သမီးတမျှ လှပသော



'စိဉ္စမာဏဝိကာ'အမည်ရှိ ပရိဗိုဇ်မကို တာဝန်ပေးကြမည်ဟု ဆိတ်ကွယ်ရာအရပ်၌ စည်းဝေးဆုံးဖြတ်ကြလေ၏။

စိဉ္စမာဏလည်း တာဝန်ပေးချက်အတိုင်း ကိုယ်ဝန် အရင့်အမာရှိဟန် ဘဲဥထက်ခြမ်းပုံ သစ်သားဝန်းကို ရင်၌ ဖွဲ့ချည်ပြီး လက်ဖမိုး၊ ခြေဖမိုးတို့ကို နွားမေးရိုးနှင့် ထုနှက်၍ ရောင်အမ်းနေသည့်ပုံ ပြု၍ မျက်စိ၊ နား၊ နှာ၊ ဣန္ဒြေများ ပင်ပန်းနွမ်းနယ်နေသည့် အသွင်ဖြင့် ညနေချမ်းအခါဝယ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ သွားလေ၏။ တရားဟောနေသော မြတ်စွာဘုရား၏ ရှေ့တော်သို့ ရောက်လျှင် "ရဟန်းကြီး ကျွန်တော်မမှာတော့ သင်ရဟန်းကို စွဲ၍ ယခုအခါ ကိုယ်ဝန်ရင့်ကျက်သူ ဖြစ်ရလေပြီ။ သင်ရဟန်းကြီးသည် ကျွန်တော်မ

www.burmeseclassic.com



အတွက် သွားဖွားရန် အိမ်ကိုလည်းမစဉ်းစား၊ ထိုကိစ္စကို ကိုယ်တိုင် မပြုလျှင်လည်း မိမိ၏ ဒါယကာ၊ ဒါယိကာမ တစ်ဦးဦးကို တာဝန်ပေး အပ်နှင်းပြောဆိုသင့်၏''ဟု ပြောဆိုလေသည်။

ထိုခဏ၌ သိကြားမင်း၏ စေခိုင်းချက်အရ နတ်သားလေးပါး သည် ကြွက်ယောင်ဆောင်ပြီး ဖွဲ့ချည်ထားသော ပျဉ်ချပ်၏ ကြိုးများကို ကိုက်ဖြတ်ကြရာ ကြိုးပြတ်၍ သစ်သားဝန်း ပြုတ်ကျလေ၏။

တရားနာနေကြသော သူတို့သည်လည်း ''သင်ကား မြတ်စွာ ဘုရားကို စွပ်စွဲဘိ၏''ဟု ပြောဆို၍ ဦးခေါင်းကို တံတွေးဖြင့် ထွေးကြ ပြီး ဇေတဝန်ကျောင်းအပြင်သို့ ဆွဲထုတ်ကြလေ၏။ စိဉ္စမာဏသည် ကျောင်းအပြင်သို့ ရောက်သည်တွင် မြေမျိုခြင်းကို ခံရလေသတည်း။

ပျဉ်ချပ်တွေကို ခံချွေပြုလို့၊ သန္ဓေအတုနှင့် စိဉ္စမာ၊
အရှက်ကွဲရှဲ ဂုဏ်တော်ဖျက်ဖို့၊ သမုတ်စွပ်စွဲလေ့ထဲမှာ။
ငြိမ်းအေးမေတ္တာ ဓာတ်တရားကြောင့် နတ်သိကြားတို့ မနေသာ၊
ပျဉ်ကြိုးဖြတ်ကာ ခြေတို့ပြုတ်လို့၊ မြေမျိုဟပ်တော့ ငရဲမှာ၊
ဂုဏ်တော်တန်ခိုး ဆထမ်းပိုး၊ ထိုးလို့ ထက်လို့လာ။
အဲဒါက ဘဂဝါယှဉ်မရ၊ ပဉ္စမအောင်စဉ်ပါ။

## ၅။ အင်္ဂုလိမာလကို အောင်တော်မူခြင်း

'ကောသလ'တိုင်း သာဝတ္ထိပြည့်ရှင် မင်းကြီး၏ ပုရောဟိတ် 'အန္တက'ပုဏ္ဏားတွင် ညအခါ၌ဖွားသော 'အဟိံသက'အမည်ရှိသား သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ အတတ်ပညာများ သင်ယူရာ ကြိုးစားသင်ယူသည့် အပြင်ဆရာ၏ဝတ်ကြီး ဝတ်ငယ် တို့ကိုလည်း ဆောင်ရွက်သဖြင့် ဆရာကြီး၏ ချစ်ခင်မှုကိုရလေ၏။ ထိုအခါ အခြားသော တပည့်တို့က မနာလိုဖြစ်ကြသဖြင့် 'အဟိံ သကသည် ဆရာ၏ မိန်းမနှင့် ချစ်ကျွမ်းဝင်၍ ဆရာကြီးကို ပြစ်မှားရန်

www.burmeseclassic.com

www.burmeseclassic.com



ကြံစည်နေပါသည်'ဟု ဆရာကြီးအား ကုန်းချောစကား တိုင်ကြားကြလေ၏။ ဆရာကြီးလည်း ပြောစကား ယုံကြည်ကာ အဟိံသကကို သေစေလို၍ 'ငါ့အား လူ၏ လက်ညှိုးတစ်ထောင်ဖြင့် ပူဇော်မှသာ ပညာကုန်သင်ပေးမည်'ဟု ဆိုလေ၏။

အဟိံသကသည် ဆရာကို ရှိခိုးကန်တော့ပြီး လက်နက်ငါးပါးကိုဆွဲလျက် တစ်ခုသော တောအုပ်အတွင်း၌နေကာ ခရီးသည်မိန်းမ၊ ယောကျ်ားတို့ကို သတ်၍ လက်ညှိုးများကို ဖြတ်ယူလေ၏။ ဖြတ်၍ရသော လက်ညှိုးများကို ပန်းကုံးသဖွယ် ကြိုးဖြင့်သီလျက် လည်တွင်ဆွဲသဖြင့် 'အင်္ဂုလိမာလ'အမည်ရ၏။



ထိုသတင်းကြောင့် ပြည့်ရှင်မင်းကြီးသည် စစ်သည်ငါးရာကို လွှတ်၍ အင်္ဂုလိမာလကို ဖမ်းဆီးစေလျှင် အင်္ဂုလိမာလ၏ မိခင်လည်း သားကိုခေါ်ရန် တောသို့ သွားလေ၏။ အင်္ဂုလိမာလ၏ အကျွတ်တရား ရမည့်အဖြစ်ကို မြင်သဖြင့် မြတ်စွာဘုရားသည် ထိုနေ့ နံနက်တွင် အင်္ဂုလိမာလရှိရာ တောအုပ်သို့ ကြွသွား၏။

အင်္ဂုလိမာလသည် ဘုရားရှင်ကိုမြင်လျှင် သတ်၍လက်ညှိုးကို ဖြတ်ရန် လိုက်လေသော် တန်ခိုးတော်ကြောင့် မမှီနိုင်သဖြင့် ရပ်ခိုင်းလေ၏။ ဘုရားက 'ငါကားရပ်၏၊ သင်ကားမရပ်'ဟု ဖြေလျှင် 'သင်ရဟန်းသည် မရပ်မနား သွားနေပါလျက်ရပ်၏ဟု မဟုတ်မမှန် ပြောဆိုသည်'ဟု ဆိုပြန်၏။ ထိုအခါ မြတ်စွာဘုရားက 'ငါကား မကောင်းမှုဟူသမျှကို မလိုက်စား၊ ရှောင်ကြဉ်သည်ဖြစ်၍ နိဗ္ဗာန်လမ်းဝ၌သာ



www.burmeseclassic.com

www.burmeseclassic.com



တည်ရကား ရပ်သောသူမည်၏။ သင်ကား မကောင်းမှု တို့ကို ပြုလေ့ရှိ၏။ သေသောအခါတွင် အပါယ်သို့ သွားရမည့်သူ ဖြစ်သောကြောင့် ရပ်နားသည်မမည်၊ သွားသည်မည်၏’ဟု ပြောလေ၏။

ထိုအခါ အင်္ဂုလိမာလသည် အသက်ထက်ဆုံး မှတ်သားထိုက်သော အနှစ်သာရရှိသည့် စကားကို ဆိုသူသည် ဘုရားဆိုသော ပုဂ္ဂိုလ်ဖြစ်မည်ဟု ကြံဆမိ၍ “အရှင်ဘုရား. . တပည့်တော်ကို ကယ်မတော်မူပါ။ ယုတ်မာသော ‘အကျင့်’ဟူသမျှကို စွန့်ပါတော့မည်”ဟု ဆို၍ မြတ်စွာဘုရားသခင်ကို ဝန်ချကန်တော့လေတော့သတည်း။

သန်လျက်ကို ရမ်းကာဝှေ့လို့၊ လမ်းသွားသရွေ့ သတ်ဖြတ်ကာ၊
လက်ချောင်းတွေကို သီကာတွဲလို့၊ လည်မှာဆွဲတဲ့ လူကြမ်းဟာ။
ဘုရားရှင်ကို လမ်းဝယ် တွေ့တော့၊ ဖမ်းမယ်ပေါ့လို့ ပြေးလိုက်ရာ၊
တန်ခိုးတော်တီညာဉ် ထင်ရှားပြမှ၊ အင်္ဂုလိမာလညွတ်တွားသော။
တရားရေအေး အမြိုက်ဆေး၊ တိုက်ကျွေးကျွတ်စေတာ၊
အဲဒါက ဘဂဝါနဲ့ထူးရ၊ စတုတ္ထအောင်စဉ်ပါ။

## ၆။ **သစ္စကပရိဗိုဇ်ကို အောင်တော်မူခြင်း**

ရှေးအခါဝယ် အယူဝါဒတစ်ထောင်ကို တတ်ကျွမ်းလိမ္မာသော သစ္စကအမည်ရှိ ပရိဗိုဇ်သည် ဝေသာလီပြည်၌ နေထိုင်လေ၏။ သစ္စကသည် မိမိကိုယ်မိမိ အထင်ကြီးရကား. . ရဟန်းဂေါတမ၏ အယူဝါဒကို အပြစ်တင်ရန် ကြံစည်လျက် ဆွမ်းခံကြွလာသော အရှင်အဿဇိထံစုံစမ်းလေ၏။ ဘုရားရှင်၏ အနတ္တတရားကို သိရလေသော် အချက်ရပြီဟုထင်လျက် လိစ္ဆဝီမင်းငါးရာကိုခေါ်ကာ ဘုရားရှိရာ ကူဋာဂါရကျောင်းသို့ သွားလေ၏။

ကျောင်းတော်သို့ ရောက်လျှင် ‘အရှင်ဂေါတမ . . . တပည့် သာဝကများကို အဘယ်သို့ ဆုံးမပါသနည်း’ ဟု မေးလေ၏။ မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com





ဘုရားက 'သစ္စက ‥ ငါသည် တပည့် သာဝကတို့အား ရုပ်သည် အမြဲမရှိ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့သည်လည်း အမြဲမရှိ အတ္တမဟုတ်၊ အလိုသို့မလိုက်၊ အစိုးမရ၊ အနတ္တတည်း' ဟုဆို၏ဟု ဖြေလေသည်။ ထိုအခါ သစ္စကသည် 'ရှင်ဂေါတမ ‥ မျိုးစေ့သစ်ပင် အပေါင်းတို့သည် မြေကြီးကိုမှီ၍ စည်ပင်ပြန့်ပြောရ သကဲ့သို့ သတ္တဝါတို့သည် ခန္ဓာငါးပါး၌ တည်၍ ကုသိုလ်၊ အကုသိုလ်တို့ကို ပြုကြကုန်၏။ ဤသို့ လောက မျက်မြင်ထင်ရှားရှိပါလျက် အဘယ့်ကြောင့် အတ္တကို ပယ်ကာ အနတ္တကို ဟောပါသနည်း' ဟု မိမိ၏ အတ္တဝါဒကို တင်ပြလေ၏။ မြတ်စွာဘုရားက 'အချင်းသစ္စက ‥ အဇာတသတ်မင်းသည် မိမိတိုင်းနိုင်ငံ၌ သတ်ထိုက်သူကို သတ်ရန် နှင်ထုတ်သူကို နှင်ထုတ်ရန် အာဏာရှိသကဲ့သို့ အကြင်ရုပ်ကို ရုပ်သည် ငါ၏အတ္တတည်း၊ ငါ၏ ရုပ်သည် ဤသို့ဖြစ်စေလော့၊ ဤသို့ မဖြစ်စေသင့်ဟု အာဏာထားနိုင်ပါသလော' ဟု မေး၏။ ဤတွင် သစ္စကသည် ဘုရားရှင်၏ အမေးကို မဖြေနိုင်ဘဲ 'ရှင်ဂေါတမ ကျွန်ုပ်၏ အယူအဆ မှားသည်' ဟု လျှောက်ကြားလေလျှင် ဘုရားရှင်က တရားရေအေး တိုက်ကျွေးပြီး သစ္စကအား အောင်မြင်တော်မူလေသတည်း။

ဝါဒချပ်ငြိုင် နိုင်မလားလို့၊ ဘုရားကိုတဲ့ အံတုလာ၊
အယူတစ်တောင် ဆောင်ကာမိုက်တဲ့၊ ပရိဗိုဇ်ကြွ သစ္စကာ။
မိမိကိုယ်ဟာ အတ္တလားလို့၊ မြတ်စွာဘုရား မေးတဲ့အခါ၊
မသိတွေမှိုင် ဖြေနိုင်ဘဲမို့ ချွေးယိုင်လဲလို့ ရှုံးရတာ။
တိတ္ထိအမျိုး မာန်စွယ်ကျိုး၊ ငုံ့လျိုးနေရှာ၊ အဲ့ဒါက ဘဂဝါ မြတ်လှာ၊ သဋ္ဌအောင်စဉ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၇။ နန္ဒောပနန္ဒ နဂါးမင်းကို အောင်မြင်တော်မူခြင်း

တစ်နေ့သ၌ နန္ဒောပနန္ဒ နဂါးမင်းသည် နတ်၌ဖြစ်သော ရတနာ ပလ္လင်ထက်၌ နတ်ထီးဖြူ ဆောင်းမိုးလျက် နတ်နဂါး ကချေသည် အပေါင်းတို့ ခြံရံ၍ သေရည်ပွဲ သဘင် စီရင်ကျင်းပကာ စည်းစိမ် ခံစားနေ၏။



ထိုအချိန်တွင် မြတ်စွာ ဘုရားနှင့် ရဟန်းငါးရာတို့သည် တာဝတိံသာ နတ်ပြည်သို့ ဒေသ စာရီ ကြွချီတော်မူရာ နဂါးမင်းမြင် လျှင် 'ဤရဟန်းယုတ်တို့သည် ငါတို့၏အထက်မှ သွားလာကြ ကုန်၏။ ငါတို့ အပေါ်၌ ခြေမှုန့်တို့ ကြဲဖြန်းကြသူတို့ကို ယခုပင် သွားခွင့်မပေးတော့ အံ့. . .'ဟု ကြုံးလျက် မြင့်မိုရ်တောင်ကို ခုနစ်ပတ် ရစ်ပတ်ပြီး မှောက်ခုံ ဖြစ်သော မိမိ၏ပါးပျဉ်းဖြင့် တာဝတိံသာနတ်ပြည်ကို ငုံယူကာ ကွယ်ပျောက်စေ လေ၏။ ထိုအခါ မြတ်စွာဘုရားက နည်းညွှန်သဖြင့် အရှင်မောဂ္ဂလာန် သည် ကြီးစွာသော နဂါးအသွင်ဖန်ဆင်းပြီးလျှင် နန္ဒောပနန္ဒနဂါးမင်းကို မိမိအခွေများဖြင့် ရစ်ပတ်၍ နဂါးမင်း၏ ပါးပျဉ်းအထက်မှ အုပ်မိုးကာ သာလွန်သော အခိုးအငွေ့ကို လွှတ်သည်တွင် နဂါးမင်းသည် မာန် လျှော့ကာ လုလင်ငယ်သွင် ဖန်ဆင်း၍ 'အရှင်ဘုရားတို့ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏'ဟု ခြေတော်စုံကို ရိုသေစွာရှိခိုးလေ၏။ မထေရ် မြတ်က မြတ်စွာဘုရားထံ ခေါ်ဆောင်သွားသောအခါ ဘုရားရှင်ကို ရိုသေစွာရှိခိုး၍ ကိုးကွယ်ဆည်းကပ်လေသည်။

နန္ဒောပနန် မျက်မာန်ကြွ၊ ခက်ထန်လှတဲ့ နဂါးဟာ၊

မြင်းမိုရ်တောင်ကို ခွေပတ်ပြီးတော့ ကတ်သီးကတ်သတ် ရန်ပြုတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင် မယှဉ်သောက်တော့ ရှင်မောဂ္ဂလာန်နှင့် ပြိုင်စေရာ၊
လက်ဝဲတော်ရဲ့ ချာန်ဂုဏ်ထန်ခြီးနှင့်၊ မာန်ဟုန်ချိုးလို့ ဆုံးမတော။
နတ်နဂါးမင်း ခြေတော်ရင်း၊ ဝပ်စင်းခယလော၊
အဲ့ဒါက ဘဂဝါမြွတ်လှ၊ သတ္တမအောင်စဉ်ပါ။

## ၈။ ဗကပြဟ္မာကို အောင်မြင်တော်မူခြင်း

အခါတစ်ပါး၌ ဗကပြဟ္မာ၏ စိတ်သန္တာန်တွင် 'ပြဟ္မာလောက သည်မြဲ၏။ ခိုင်ခံ့၏။ တည်တံ့၏။ အိုခြင်း၊ နာခြင်း၊ သေခြင်းမှ ကင်းလွတ်၏'ဟု ထင်မြင်လေ၏။ ထိုစိတ်ကူးကို ဥက္ကဋ္ဌမြို့ သုဘဂ တောအုပ်အတွင်း အင်ကြင်းပင်ရင်း၌ စံနေတော်မူသော မြတ်စွာ ဘုရားသိလေသော် အင်ကြင်းပင်ရင်းမှ ကွယ်ခဲ့၍ ပြဟ္မာပြည်၌ ထင်ရှား ဖြစ်စေ၏။



ဘုရားရှင်ကို မြင်၍ စုဝေး ရောက်လာသော ဗကပြဟ္မာနှင့် တကွ ပြဟ္မာများစွာ၏ရှေ့တွင် 'အချင်း တို့ . . . ဗကပြဟ္မာသည် မမြဲသော တရားကိုမြဲ၏။ မခိုင်ခံ့သော တရားကိုခိုင်ခံ့၏ဟု ဆိုဘိ၏'ဟု ပြောဆို၍ ပြဟ္မာကြီး၏ ပြောသော စကားတိုင်းကို အပြစ်ပြကာ စွန့်ပယ်စေလေ၏။ ဤတွင် ဗကပြဟ္မာသည် မိမိ၏အရှုံးကို ဖုံးလွှမ်းခြင်းငှာ 'သင်ငါ့ကို မမြင်နိုင်အောင် သင့်မျက်မှောက်၌ ယခုပင် ကွယ်လိုက်မည်၊ ရှုလော့'ဟု ဆိုလေရာ ဘုရားရှင်က 'ဤပြဟ္မာသည် ရှန့်ရင်းကြမ်းတမ်းသော အတ္တဘောဖြင့်သာ တည်စေသတည်း' ဟု အဓိဋ္ဌာန်ပြု၍ ကိုယ်ဖျောက်ရန် ခွင့်ပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com




ဗကပြဟ္မာကြီးသည် ကြိုးစားသော်လည်း ကိုယ်ကာယ မပျောက်ကွယ်သည့်တွင် ဘုရားသခင်ကား ပြဟ္မာကြီးရှေ့၌ မိမိကိုယ်ကိုကွယ်ပျောက်ပြကာ တရားဟောသဖြင့် ပြဟ္မာအပေါင်းတို့ကျွတ်တန်းဝင်ကြလေသတည်း။

ဗကဆိုသူ မှုတစ်မျိုးနှင့်၊ အယူဆိုးတဲ့ မိုးဗြဟ္မာ၊
အနိစ္စကို နိစ္စပဲလို့ စိတ်ကစွဲလို့ လွဲခဲ့တာ။
တို့ဘုရားရှင် လျှင်စွာကြွလို့၊ ထင်စွာပြတော့ မြတ်ခမ္မာ၊
တန်ခိုးချင်းတောင် တုသလားလို့၊ လူဘုရားက ပြတဲ့ခါ။
မိုးဗြဟ္မာကြီး ဓာန်ကွာပြီး၊ ရှုံးကြီး ရှုံးရှာ၊ အဲဒါက ဘဂဝါမြတ်လှ၊ အဌမအောင်စဉ်ပါ။

## မြတ်ဗုဒ္ဓသော်မှ ရှောင်လွှဲမရခဲ့သည့် ဝဋ်တော် တစ်ဆယ့်နှစ်ပါး

**(၁) ပဌမဝဋ်တော်။**



။ မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ဇောတိပါလမည်သော ပုဏ္ဏားလုလင် ဖြစ်ခဲ့၍ ကဿပမြတ်စွာဘုရားကို "ဤဦးပြည်း ရဟန်းအဖို့ရာ သဗ္ဗညုတ ရွှေဉာဏ်တော်သည် အဘယ်မှာဖြစ်နိုင်အံ့နည်း၊ သဗ္ဗညုတရွှေဉာဏ်တော်ဟူသည်မှာ အလွန်တရာ ရခဲသော တရားဖြစ်သည်"ဟု နှုတ်ဖြင့် ပြစ်မှားပြောကြားခဲ့လေသည်။

ထိုမကောင်းမှု အကုသိုလ်ကံ အကျိုးဆက်ကြောင့် ဤနောက်ဆုံးပစ္ဆိမဘဝဝယ်တောထွက်၍ ဘုရားဖြစ်ရန် ဒုက္ကရစရိယာ ကျင့်တော်




www.burmeseclassic.com

www.burmeseclassic.com



မူသောအခါ အခြားတစ်ပါးသော ဘုရားအလောင်းတို့မှာ ရက်, လ အနည်းငယ်သာ ထိုက်သည့်အလျောက် ကျင့်ကြရသော်လည်း အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် အလောင်းတော်မှာမူ ဖော်ပြပါ ဝစီဝိပါက်ဝဋ်တော်လိုက်မှုကြောင့် ခြောက်နှစ်ကြာအောင် ဒုက္ကရ စရိယာကိုကျင့်တော်မူရလေသည်။

**(၂) ဒုတိယဝဋ်တော်။** ။ မြတ်စွာဘုရားရှင်သည် အလောင်းတော် ဖြစ်စဉ် တစ်ခုသောဘဝဝယ် သဗ္ဗာဘိဘူအမည်တော်ရှိသော ပစ္စေကဗုဒ္ဓါအရှင်အရှင် မြတ်ကို "သီလမရှိ သူယုတ်မာသာ ဖြစ်ဘိ၏" ဟုစွပ်စွဲစကား ပြောမှားခဲ့လေသည်။



ထိုမကောင်းမှု အကုသိုလ်ကြောင့် အနှစ်တစ်သောင်းကြာ ငရဲ၌ ဒုက္ခဝေဒနာကိုခံစံခဲ့ရပြီး လူဖြစ်သော ဘဝများစွာတို့၌လည်း လူသူလေးပါးတို့၏ မဟုတ်မတရား စွပ်စွဲသည်ကို ခံခဲ့ရ၍ ဤယခုနောက်ဆုံး ပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါ ပရိသတ်ပိုလ်ပုံအလယ်၌ စိဉ္စမာဏာမိန်းမယုတ်၏ မဟုတ်မတရား စွပ်စွဲခြင်းကို ခံတော်မူရလေသည်။

**(၃) တတိယဝဋ်တော်။** ။ မြတ်စွာဘုရားရှင်သည် အလောင်းတော် ဖြစ်စဉ် တစ်ခုသောဘဝဝယ် မုနာဠိမည်သော သေသောက်ကြူးဖြစ်၍ သုရာဘိ အမည်တော်ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို "ဤသူကား လူသူလေးပါး ဆိတ်ကွယ်ရာအရပ်၌ ကာမလိုက်စား မွေ့လျော်

www.burmeseclassic.com



ပျော်ပါး၍ တရားမရှိ ဒုဿီလ ပုဂ္ဂိုလ်ဖြစ်ဘိ၏''ဟု စွပ်စွဲစကား ပြောမှားတော်မူခဲ့လေသည်။



ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ဒုက္ခ ဝေဒနာကိုခံစားခဲ့ရပြီး ဤယခုနောက်ဆုံး ပစ္ဆိမဘဝဘုရားဖြစ်တော်မူသောအခါ လူသူအများ အထင်မှားအောင် သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲခြင်းကို ခံတော်မူရလေသည်။

**(၄) စတုတ္ထဝဋ်တော်။** ။မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် လူအများ လေးစားကော်ရော် ပူဇော်အပ်သော ဗေဒင်သုံးရပ် ကမ်းဆုံးခပ်အောင် တတ်မြောက်သူ ပုဏ္ဏားပါမောက္ခ ဆရာကြီးဖြစ်၍ တပည့်လုလင် ငါးရာတို့ကိုမဟာဝုန်တော၌ ဗေဒင်ကျမ်းများကို သင်ကြားပို့ချ ပြသနေစဉ် အဘိညာဉ် တန်ခိုးရှင် ဘီမမည်သော ရသေ့သူမြတ် ထိုအရပ်သို့ ကြွရောက်လာသည်ကို မြင်ရ၍ ကြည်ညိုရမည့် အစား နှလုံးသွင်းမှားယွင်းကာ ''ဤရသေ့ကား



ကာမစည်းစိမ်ကို ခံစားသူ ရသေ့စဉ်းလဲ ဖြစ်သည်''ဟု စွပ်စွဲစကား တပည့်တို့ကို ပြောကြားလေရာ ထိုတပည့် ငါးရာတို့သည်လည်း ဆရာကြီးစကားကို အားရဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



လက်ခံကြကာ ကာမစည်းစိမ်ကို ခံစားသူရသေ့စဥ်းလဲ ဖြစ်သည်ဟု အိမ်တိုင်း အိမ်တိုင်းရှိ လူများအား ပြောကြားကြလေသည်။

ထိုအကုသိုလ်ကံ အကျိုးဆက်ကြောင့် ထိုတပည့်ငါးရာတို့သည် နောက်ဆုံးဘဝ ဘုရားရှင် လက်ထက်တော်အခါ တပည့်ရဟန်း ငါးရာဖြစ်လာကြကာ သုန္ဒရီပရိဗိုဇ်မ (တိတ္ထိတို့သတ်၍) သေခြင်း ဟူသော အကြောင်းကြောင့် လူအများ၏ မဟုတ်မတရား စွပ်စွဲ ကဲ့ရဲ့ခြင်းကို ခံရလေသည်။ သာဝကတို့ကို အစွပ်စွဲခံရခြင်းသည်လည်း ကိုယ်တော်မြတ်ကို အစွပ်စွဲခံရသည်သာ မည်လေသည်။

**(၅) ပဥ္စမဝဋ်တော်။** ။ မြတ်စွာဘုရားရှင်သည် အလောင်းတော် ဖြစ်စဥ် တစ်ခုသောဘဝဝယ် မိကွဲဖတူ ဖြစ်သော ညီငယ်ကို ဥစ္စာလိုချင် တပ်မက်သောကြောင့် သတ်ဖြတ်၍ တောင်ချောက်ကြား၌ ပစ်ချရုံမျှမက ကျောက်တုံးဖြင့် တဖန်ထပ်၍ ဖိညှပ် ကြိတ်ချေမှု ပြုခဲ့လေသည်။



ထိုမကောင်းမှု အကုသိုလ် ကံအကျိုးဆက်ကြောင့် နောက်ဆုံး ပစ္ဆိမ ဘဝဘုရား ဖြစ်တော်မူသောအခါဝယ် ရှင်ဒေဝဒတ် ကျောက်မောင်းဆင်၍ ပစ်ချသည်ကို ခံရ၍ ခြေမတော်ကို ကျောက်ချပ် ကျောက်လွှာ စင်ထွက်လာကာ သွေးစိမ်းတည်အောင် အထိအခိုက် ခံတော်မူရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



**(၆) ဆဋ္ဌမဝဋ္ဋတော်။** ။ မြတ်စွာဘုရားရှင်သည် အလောင်းတော် ဖြစ်စဉ်တစ်ခုသောဘဝဝယ် အမြော်အမြင် အဆင်အခြင် နည်းပါးသည့် သူငယ်ဆိုး (လမ်းသူရဲ)ဖြစ်၍ လမ်းခရီးမဝယ် မြူးထူးပျော်ပါး ကစားနေစဉ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးကို မြင်ရလျှင် ကြည်ညိုရမည့်အစား နှလုံးသွင်းမှားကာ လမ်းခရီး၌ ရှိသည့် ကျောက်ခဲများကို ကောက်ယူကာ ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ပစ်ခတ်ပြစ်မှားလေသည်။



ထိုမကောင်းမှု အကုသိုလ်ကံ အကျိုးဆက်ကြောင့် နောက်ဆုံး ပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါ ကိုယ်တော်မြတ်ကို အသေသတ်ဖို့ရန် ရှင်ဒေဝဒတ်က လူသတ်လေးသမားများ စေလွှတ်သည်ကို ခံတော်မူရလေသည်။

**(၇) သတ္တမဝဋ္ဋတော်။** ။ မြတ်စွာဘုရားရှင်သည် အလောင်းတော် ဖြစ်စဉ်တစ်ခုသောဘဝဝယ် ဆင်ထိန်းယောကျ်ားဖြစ်ခဲ့၍ ဆွမ်းခံကြွဝင်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးကို ဆင်ဖြင့်နင်းသတ်တော့မည့်ဟန် အဖန်ဖန် ခြောက်လှန့်ခဲ့လေသည်။



ထိုမကောင်းမှု အကုသိုလ်ကံ အကျိုးဆက်ကြောင့် ရာဇဂြိုဟ်ပြည်ဝယ် အရက်များစွာသောက်၍ အကြမ်းစိတ်၊ အရိုင်းစိတ်



www.burmeseclassic.com

www.burmeseclassic.com




ပေါက်နေသော နာဠာဂိရိဆင်က ကိုယ်တော်မြတ်ကို နင်းသတ်ရန် ရှေးရှု ချဉ်းကပ်လာသည်ကို ခံတော်မူရလေသည်။

**(၈) အဠမဝဋ်တော်။** ။မြတ်စွာဘုရားရှင်သည် အလောင်းတော် ဖြစ်စဉ်တစ်ခုသောဘဝဝယ် ပြည့်ရှင်မင်းဖြစ်၍ မင်းမာန် တက်ကာ (ဒုစရိုက်မှုကို မစဉ်းစားဘဲ) ယောက်ျားတစ်ယောက်ကို ကိုယ်ကိုတိုင်ပင် လှံဖြင့်ထိုးဆွ သတ်ဖြတ်ခဲ့လေသည်။



ထိုမကောင်းမှု အကုသိုလ်ကံ အကျိုးဆက်ကြောင့် ငရဲ၌ အနှစ်များစွာ ကျခဲ့ရပြီးလျှင် ဤနောက်ဆုံး ပစ္ဆိမဘဝ၌ ရှင်ဒေဝဒတ် ကျောက်မောင်းဆင်၍ ချသော အခါ ကျောက်လွှာ ကျောက်ချပ် ခြေမတော်၌ ထိခိုက်၍ သွေးစိမ်း တည်သော အနာရောဂါကို ကုစားရန်အတွက် ဆရာဇီဝက, က ခြေမတော်ကို ဓားဖြင့်ခွဲသည်ကို ခံတော်မူရလေသည်။



**(၉) နဝမဝဋ်တော်။** ။မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် တစ်ခုသော တံငါရွာ၌ တံငါသားငယ်ဖြစ်၍ မိမိ ဆွေမျိုး တံငါတို့က ငါးတို့ကို ရက်ရက်စက်စက် သတ်ဖြတ်ကြသည်ကို မြင်ရသောအခါ ဝမ်း မြောက်ဝမ်းသာ ဖြစ်ရှိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမကောင်းမှု အကုသိုလ်ကံ အကျိုးဆက်ကြောင့် ဤနောက်ဆုံး ပစ္ဆိမဘဝဘုရားဖြစ်တော်မူသောအခါ ဦးခေါင်းကိုက်ရောဂါ မကြာခဏဖြစ်သည်ကို ခံတော်မူရလေသည်။ ရှေးအခါက ငါးတို့ကို ရက်ရက်စက်စက် သတ်ခဲ့ကြသော ဆွေမျိုး တံငါတို့သည်ကား ယခုအခါ သာကီဝင်မင်းများဖြစ်လာကြ၍ ဝိဋူဍဘ၏ ဥပစ္ဆေဒကကံဖြင့် ခံရကာ သေကြရလေသည်။

(၁၀) ဒသမဝဋ်တော်။ ။မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် ဖုဿမြတ်စွာဘုရားရှင်၏ သာသနာတော်၌ တပည့်သာဝက ရဟန်းတော်တို့ကို "သင်တို့သည် မုယောကို ခဲကြ၊ စားကြလော့၊ သလေးဆွမ်းတို့ကို မစားကြကုန်လင့်"ဟု ရေရွတ်စကား ပြောမှားခဲ့လေသည်။



ထိုမကောင်းမှုအကုသိုလ်ကံ အကျိုးဆက်ကြောင့် ဤနောက်ဆုံး ပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါ ဝေရဉ္ဇာပြည်၌ ဝေရဉ္ဇာ ပုဏ္ဏား လျှောက်ထားပင့်ဖိတ်ချက်အရ ဝါကပ်တော်မူစဉ် ဝါတွင်းသုံးလပတ်လုံး မုယောမှုန့်ကိုသာ ဘုဉ်းပေးသုံးဆောင်တော်မူရလေသည်။

(၁၁) ကောဒသမဝဋ်တော်။ ။ မြတ်စွာဘုရားရှင်သည် အလောင်းတော် ဖြစ်စဉ်တစ်ခုသောဘဝဝယ် လက်ဝှေ့သမား ဖြစ်တော်မူ၍ အခြား လက်ဝှေ့သမားတစ်ဦးကို ခါးရိုးကျိုးအောင် ရိုက်ချိုးထိုးသတ်ခဲ့ လေသည်။



www.burmeseclassic.com


www.burmeseclassic.com





ထိုမကောင်းမှု အကုသိုလ်ကံ အကျိုးဆက်ကြောင့် ဤနောက်ဆုံး ပစ္ဆိမဘဝ ဘုရား ဖြစ်တော်မူသောအခါ ခါးတော်ညောင်းညာနာကျင်ကိုက်ခဲခြင်း ဆင်းရဲဒုက္ခကို ခံတော်မူရလေသည်။

(၁၂) ဒွါဒသမဝဋ်မှုတော်။ မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝဝယ် ဆေးဆရာဖြစ်ခဲ့၍ ဆေးဖိုးဝါးခ မပေးလိုသော သူဌေးသားတစ်ယောက်ကို ဝမ်းလားဆေး တိုက်ကျွေးခဲ့လေသည်။ ထိုမကောင်းမှု အကုသိုလ်ကံ အကျိုးဆက်ကြောင့် ဤနောက်ဆုံး ပစ္ဆိမဘဝ ဘုရားဖြစ်တော်မူပြီး ပရိနိဗ္ဗာန် စံတော်မူခါနီးကာလ၌ပင် သွေးဝမ်းသွန်သည့် ရောဂါဝေဒနာ ကိုယ်တော်မြတ်မှာစွဲကပ်လာ ရလေသည်။





www.burmeseclassic.com

www.burmeseclassic.com

အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာ (အပိုင်း-၂)

## ဝိပါက်တော် (၁၂)ပါး မှတ်ဖွယ်လင်္ကာ

၁။ ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာ၊ ကျင့်ရှာဘယ်ဝိပါက်။
ကဿပမည်တွင်၊ ဘုရားရှင်၊ ပြစ်တင် ဝစီတွက်။

၂။ စိဉ္စမာဏ ကိုယ်ဝန်ပြ၊ စွဲရာ ဘယ်ဝိပါက်။
ရှင်ပစ္စေကာ၊ ကျင့်ယုတ်မာ၊ စွဲရ ဝစီတွက်။

၃။ သုန္ဒရီ ပရိဗိုဇ်မ၊ စွပ်စွဲရ၊ ရှေးက ဘယ်ဝိပါက်။
ရှင်ပစ္စေက၊ ဒုဿီလ၊ ပြောထ ဝစီတွက်။

၄။ သုန္ဒရီသေ၊ တိတ္ထိတွေ၊ စွဲလေ ဘယ်ဝိပါက်။
ရှင်ရသေ့အား၊ ကျင့်ဖောက်ပြား၊ ပြောကြား ဝစီတွက်။

၅။ ဘုရားခြေမ၊ ကျောက်မှန်ကျ၊ ရှေးကဘယ်ဝိပါက်။
ညီငယ်ပျိုနု၊ အမွေလု၊ ကျောက်ထုသတ်သည့်တွက်။

၆။ လူသတ်လေးသမား၊ စေလွှတ်ငြား၊ ဘုရားဘယ်ဝိပါက်။
ဆွမ်းခံကြွဝင်၊ ပစ္စေရှင်၊ လမ်းတွင် ခဲပစ်ချက်။

၇။ နာဠာဂိရိဆင်၊ တိုက်သည့်အင်၊ ဘုန်းရှင်ဘယ်ဝိပါက်။
ဆွမ်းခံကြွဝင်၊ ပစ္စေရှင်၊ လမ်းတွင်ဆင်တိုက်ချက်။

၈။ ခြေမ ကိုက်လှ၊ ဇီဝက၊ ခွဲရ ဘယ်ဝိပါက်။
မင်းဖြစ်လေငြား၊ သေသောက်စား၊ သူများသတ်သည့်တွက်။

၉။ ခေါင်းတော်ရံဖန်၊ ခဲရပြန်၊ ဘယ်ကံဘယ်ဝိပါက်။
တံငါအပေါင်း၊ ငါးဦးခေါင်း၊ ထုထောင်းဝမ်းမြောက်ချက်။

၁၀။ ဆွမ်းမုယောဆန်၊ စားရပြန်၊ ရှေးကံဘယ်ဝိပါက်။
သံဃာတော်များ၊ ဆွမ်းကြမ်းစား၊ ပြစ်မှားဝစီတွက်။

၁၁။ ခါးတော်ရံဖန်၊ နာရပြန်၊ ရှေးကံဘယ်ဝိပါက်။
လက်ဝှေ့သမား၊ တစ်ဖက်သား၊ ခါးချိုးသတ်သည့်တွက်။



www.burmeseclassic.com

www.burmeseclassic.com



၁၂။ ဝမ်းတော်လားရ၊ ကြီးဒုက္ခ၊ ဖြစ်ရဘယ်ဝိပါက်။
ဆေးခမပေးငြား၊ သူ့ဌေးသား၊ ဝမ်းသွားဆေးပေးချက်။

## မေတ္တာသုတ်လာ မေတ္တာပွားနည်း (၁၁)နည်း

၁။ လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၂။ ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး ကင်းစင်ဝေး
ငြိမ်းအေးကြပါစေ။



၃။ မြင်အပ်၊ မမြင်အပ်၊ နှစ်ရပ်များစွာ
သတ္တဝါ ချမ်းသာ ကိုယ်စိတ်
မြဲပါစေ။ ဥပါဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၄။ ဝေးနေ၊ နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်
မြဲပါစေ။
ဥပါဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၅။ ဘဝဇာတ်ဆုံး-မဆုံးများစွာ သတ္တဝါ
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး ကင်းစင်ဝေး
ငြိမ်းအေးကြပါစေ။



၆။ ရှည်-တို-အလတ် သုံးရပ်ခန္ဓာ သတ္တဝါ
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပါဒ်ရန်ဘေး ကင်းစင်ဝေးငြိမ်းအေးကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com



၇။ ကြီး-ငယ်-အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဥပါဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

၈။ ဆူ-ကြုံ-အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။ ဥပါဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။


၉။ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။

၁၀။ အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

၁၁။ ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

## အရပ်(၁၀)မျက်နှာ မေတ္တာပို့နည်း

၁။ အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။



၂။ အနောက်အရပ်၌ရှိသော အနန္တ
စကြဝဠာ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၃။ မြောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၄။ တောင်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။



၅။ အရှေ့တောင်ထောင့် အရပ်၌ရှိသော အနန္တစကြဝဠာ
အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။



ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၆။ အနောက်မြောက်ထောင့် အရပ်၌ရှိသော
အနန္တစကြဝဠာ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com



၇။ အရှေ့မြောက်ထောင့် အရပ်၌ရှိသော အနန္တစကြဝဠာ
အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။



၈။ အနောက်တောင်ထောင့် အရပ်၌ရှိသော အနန္တစကြဝဠာ
အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၉။ အောက်အရပ်၌ရှိသော ထက်ဝန်းကျင်
အနန္တစကြဝဠာ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။



၁၀။ အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြဝဠာ
အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com




## မေတ္တာအကျိုး (၁၁)ပါး ဆောင်ပုဒ်

အိပ်နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့်လတ်နတ်များ၊ မီးဆိပ်ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်ကြည်၊ ကြည်လင်မျက်နှာ၊ သေခါမတွေ၊ လားလေ ဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာမိန့်ခွန်းတည်း။

## ဗုဒ္ဓအပေါ် သံဃာ၏ဆန္ဒနှင့် သံဃာအပေါ် ဗုဒ္ဓ၏ဆန္ဒတော်

မြတ်စွာဘုရားသည် (၄၅)ဝါမြောက် နောက်ဆုံးဝါကို ဝေဠုဝရွာငယ်၌ပင် ဝါကပ်တော်မူစဉ် သေဝပါးနီး ရောဂါကြီးကို ခံစားတော်မူရသည်။ တပည့်သံဃာအပေါင်းအား အသိမပေးဘဲ ပရိနိဗ္ဗာန်



မပြုသင့်သေးဟု ယူဆတော်မူ၍ အသက်နေ ထိန်းထားနိုင်သော ဖလသမာပတ်ကိုဝင်စားတော်မူကာ တရားအစွမ်းဖြင့် ပြန်လည်ကျန်းမာတော်မူ၏။ အရှင်အာနန္ဒာလည်း မြတ်စွာဘုရား အပြင်းအထန်ဝေဒနာခံစားတော်မူရသည်ကို မြင်ရသောအခါ တရားဘာဝနာလည်း မေ့ပျောက်၍များစွာ တုန်လှုပ်ချောက်ချားနေ၏။

ကျန်းမာလာသောအခါ မြတ်စွာဘုရားရှင်အား–



www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းသံဃာများကို တစ်စုံတစ်ရာ နောက်ဆုံးစကား မမှာကြားရသေးဘဲ ပရိနိဗ္ဗာန်ပြုမည်မဟုတ်"ဟု မျှော်လင့်ကာ စိတ်သက်သာရာရကြောင်း လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားက–

"ချစ်သား အာနန္ဒာ . . . ရဟန်းသံဃာသည် ငါဘုရားအပေါ်အဘယ့်ကြောင့် ဤမျှလောက် အားထားမျှော်လင့်နေသနည်း၊ တွင်းပြင်မထား ဆရာစားမချန် တရားအားလုံးဟောပြီးပြီ၊ ရဟန်းအပေါင်းကို ငါသာလျှင် ထိန်းကျောင်းစောင့်ရှောက်၍ ရဟန်းတို့ကလည်း ငါဘုရားကိုသာ အားထားနေရန်မလိုလား၊ ကိုယ့်ကိုယ်ကိုသာ အားကိုးနေရမည်၊ တရားကိုသာ ကိုင်းကျွန်းပမာ မှီခိုရာထား၍ နေရမည်၊ အခြားအားကိုးရာမရှိ"ဟု မိန့်တော်မူသည်။

မြတ်စွာဘုရားသည် မိမိကိုယ်စား တစ်ပါးပါးကို ကိုယ်တော်စားလျာထားနှင်းအပ်ခြင်းမရှိ၊ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုကိုလည်း လိုလားတော်မမူ၊ တရားကိုသာ အလေးမူရန် ကြိမ်ဖန်များစွာ ဟောကြားတော်မူခဲ့လေသည်။

## သင်္ဂါယနာတင် သမိုင်းအကျဉ်း

BC ၅၈၉–ခုနှစ်တွင် မြတ်စွာဘုရား ပွင့်တော်မူခဲ့၏။ ထိုသို့ပွင့်တော်မူစဉ်က မြတ်စွာဘုရားသည် သက်တော် (၃၅)နှစ်အရွယ်ဖြစ်သည်။ ထိုကာလမှစ၍ အေးသည်၊ ပူသည်၊ ပင်ပန်းသည်၊ နွမ်းနယ်သည်၊ မမာမကျန်းဖြစ်သည်မဟူ (၄၅)ဝါပတ်လုံး သတ္တဝါတို့၏ အကျိုးစီးပွားအတွက် လုံ့လဝီရိယကြီးစွာဖြင့် သုတ်, ဝိနည်း, အဘိဓမ္မာတရားတို့ကို မနေမနား ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားက–



www.burmeseclassic.com


www.burmeseclassic.com



"ချစ်သားအာနန္ဒာ ... ငါဘုရားဟောကြားထားသော ဓမ္မဝိနယခေါ် သုတ်, ဝိနည်း, အဘိဓမ္မာတရားတော်သည် ငါ ဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ သင်တို့၏ ဆရာဖြစ်လိမ့်မည်"ဟု မှာကြားတော်မူခဲ့သည်။

## သာသနာတည်ခြင်းနှင့်သာသနာကွယ်ခြင်း

ထိုမှာကြားချက်အရ "ဓမ္မဝိနယ"ခေါ်သော သုတ် ဝိနည်း အဘိဓမ္မာတရားတော်များ ထင်ရှားစွာ ရှိနေသမျှကာလပတ်လုံး မြတ်စွာဘုရား သက်တော်ထင်ရှား ရှိနေသည်မည်၏။ "သာသနာ" ဟူသည်မှာလည်း ဤသုတ် ဝိနည်း အဘိဓမ္မာတရားတော်ပင် ဖြစ်သည်။ သုတ် ဝိနည်း အဘိဓမ္မာတရားတော်များ တည်ရှိနေသမျှ မြတ်စွာဘုရားလည်း တည်ရှိနေသည်မည်၍ သာသနာတော်လည်း တည်ရှိနေမည်ပင် ဖြစ်သည်။ သုတ် ဝိနည်း အဘိဓမ္မာတရားတော်များ ကွယ်ပျောက်ပါက မြတ်စွာဘုရား ကွယ်ပျောက်ပြီ၊ သာသနာလည်း ကွယ်ပျောက်မည်ဖြစ်သည်။ သာသနာကွယ်ပျောက်ခြင်းသည် ကမ္ဘာလောကဓာတ်ကြီး တစ်ခုလုံးမှောင်အတိ ဖုံးလွှမ်းခြင်းပင် ဖြစ်တော့သည်။



သို့ဖြစ်၍ မြတ်စွာဘုရား၏ တပည့်သားကောင်းရဟန်း သံဃာတော် အဆက်ဆက်သည် ဓမ္မဝိနယခေါ်သော သုတ်ဝိနည်း အဘိဓမ္မာတရားတော်များ မညစ်နွမ်း မကွယ်ပျောက်ရန် ကြိုးစားစောင့်ရှောက်တော်မူခဲ့ကြခြင်းဖြစ်သည်။ သို့ရာတွင် ခေတ်



www.burmeseclassic.com

www.burmeseclassic.com



အဆက်ဆက်မှာပင် သာသနာတော်အတွက် ဆန့်ကျင်ဘက် အန္တရာယ်များပေါ်လာတတ်၏။

ထိုသို့ပေါ်လာသည့်အခါ မြတ်စွာဘုရား၏ တပည့်သားကောင်း ရဟန်းသံဃာတော်များသည် ကြောင့်ကြမဲ့ မနေကြဘဲ သာသနာ့အန္တရာယ် ကွယ်ပျောက်ပြီး သာသနာတော် သန့်ရှင်း တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် သင်္ဂါယနာ အသီးသီးကို တင် တော်မူခဲ့ကြပေသည်။ ထိုသို့တင်သည့်အခါ ခေတ်အဆက်ဆက်ဆိုင်ရာ မင်းများအစိုးရများနှင့် ပြည်သူတို့ကလည်း ကြောင့်ကြမဲ့မနေကြဘဲ သင်္ဂါယနာတင်ပွဲကြီး ဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ထောက်ပံ့ကူညီခဲ့ကြသည်။

## စုပေါင်းရွတ်ဆိုအတည်ပြု

မြတ်စွာဘုရားသည် BC-၅၄၄ ခုနှစ်တွင် ပရိနိဗ္ဗာန်စံတော်မူခဲ့၏။ ထိုနှစ်မှစ၍ သာသနာတော်နှစ် (၁) အဖြစ် စတင်ရေတွက်ခဲ့ကြသည်။ ယခုအခါ သာသနာတော်နှစ်သည် (၂၅၀၀)ကျော်လွန်ခဲ့ပြီဖြစ်သည်။ ထိုနှစ်များအတွင်းမှာ ထေရဝါဒသင်္ဂါယနာ (၆)ကြိမ်တင်ခဲ့ပြီးဖြစ်၏။

သုတ် ဝိနည်း အဘိဓမ္မာတရားတော်များ အမှားအယွင်းမရှိရအောင် စုပေါင်းရွတ်ဆို၍ အတည်ပြုခြင်းကို သင်္ဂါယနာတင်သည်ဟုခေါ်သည်။ ထိုသို့ သင်္ဂါယနာတင်ရာတွင် မြတ်စွာဘုရား ဟောထားတော်မူသော သုတ် ဝိနည်း အဘိဓမ္မာ တရားဒေသနာများကို ဟောတော်မူခဲ့သည့်အတိုင်း သင်္ဂါယနာတင်ခြင်း ဖြစ်သည်။ တစ်စုံတစ်ရာဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း၊ ပြင်ဆင်ခြင်းအလျဉ်းမရှိချေ။




www.burmeseclassic.com

www.burmeseclassic.com



## ပထမသင်္ဂါယနာ

သာသနာတော်နှစ်(၁) (ခရစ်တော်မပေါ်မီ BC ၅၄၄) မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီးနောက် (၃)လ အချိန်တွင် ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်၊ သတ္တပဏ္ဏိလိုဏ်ဂူ မဏ္ဍပ်တော်၌ ပထမသင်္ဂါယနာ တင်ခဲ့၏။ သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီးက သာသနာတော်



အား ထိပါးပုတ်ခတ်သော စကားများကို ပြောဆိုသည့် သာသနာ့အန္တရာယ်ပေါ်ပေါက်သဖြင့်အရှင် မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ အမှူးပြုသော ရဟန္တာမဟာထေရ်ကြီး အပါး(၅၀၀)တို့က သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ ထိုသို့တင်ရာတွင်ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းနှင့် ပြည်သူ ပြည်သားတို့ကလည်း အဘက်ဘက်မှ ပံ့ပိုးကူညီခဲ့ကြသည်။ သာသနာတော်နှစ် (၁)၊ ဝါခေါင်လပြည့်နေ့မှစ၍ သင်္ဂါယနာတင်ကြရာ ပြီးဆုံးသည်အထိ (၇)လကြာလေသည်။ ထိုသင်္ဂါယနာသည် နှုတ်တက်ရွတ်ဆိုသော သင်္ဂါယနာဖြစ်၏။


## ဒုတိယသင်္ဂါယနာ

သာသနာတော်နှစ်(၁၀၀) (ခရစ်တော် မပေါ်မီ BC ၄၄၄)တွင် ဝေသာလီပြည် ဝါဠုကာရာမကျောင်းတိုက်၌ ဒုတိယသင်္ဂါယနာ တင်ခဲ့သည်။ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းများက ရဟန်းကောင်းတို့၏ဝိနည်းကျင့်ဝတ်နှင့်မညီသော အကျင့် (အဓမ္မဝတ္ထု) (၁၀)ပါးကို

www.burmeseclassic.com



ဟောပြောပြုကျင့်ကြသော သာသနာ့အန္တရာယ်ပေါ်လာသောကြောင့် သင်္ဂါယနာတင်ခြင်းဖြစ်သည်။ အရှင်ယသ၊ အရှင်သဗ္ဗကာမီ၊ အရှင်ရေဝတအမှူးပြုသော ရဟန္တာမဟာထေရ်ကြီးအပါး (၇၀၀)တို့က ဒုတိယအကြိမ်မြောက် သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ ထိုသို့တင်ရာတွင်ဝေသာလီပြည် ကာလာသောကမင်းနှင့် ပြည်သူပြည်သားတို့ကလည်း အဘက်ဘက်မှ ပံ့ပိုးကူညီခဲ့ကြသည်။



နှုတ်ဖြင့် ရွတ်ဆိုပြုလုပ်သော သင်္ဂါယနာဖြစ်သည်။ အချိန်ကာလ (၈)လကြာမြင့်လေသည်။

## တတိယသင်္ဂါယနာ

သာသနာတော်နှစ် (၂၃၅) (ခရစ်တော်မပေါ်မီ BC ၃၀၈)တွင် ပါဋလိပုတ်ပြည် အသောကာရုံ ကျောင်းတိုက်၌ တတိယသင်္ဂါယနာတင်ခဲ့သည်။ ရဟန်းတု၊ ရဟန်းယောင်(တိတ္ထိ) ခြောက်သောင်းတို့က ရဟန်းကောင်းအသွင်ဖြင့် သာသနာတွင် ဝင်ရောက်ပြီး မိစ္ဆာဝါဒများကို သွတ်သွင်းလာကြသော သာသနာ့အန္တရာယ်ကြောင့် တတိယသင်္ဂါယနာတင်ခြင်း ဖြစ်သည်။


အရှင်မဟာမောဂ္ဂလိပုတ္တတိဿ၊ အရှင်မဇ္ဈန္တိက၊ အရှင်မဟာဒေဝအမှူး ပြုသော ရဟန္တာမဟာထေရ် ကြီးအပါး (၁၀၀၀) တို့က တတိယအကြိမ်မြောက် သင်္ဂါယနာတင်ခဲ့ကြသည်။ ထိုသို့တင်ရာတွင် ပါဋလိပုတ်ပြည် သီရိဓမ္မာသောကမင်းကြီးနှင့် ပြည်သူ



www.burmeseclassic.com

www.burmeseclassic.com





ပြည်သားတို့ကလည်း အဘက်ဘက်မှ ပံ့ပိုးကူညီခဲ့ကြသည်။ နှုတ်ဖြင့်ရွတ်ဆိုပြုလုပ်သော သင်္ဂါယနာဖြစ်သည်။ အချိန်ကာလအားဖြင့် (၉)လကြာမြင့်လေသည်။

ထိုတတိယသင်္ဂါယနာ တင်သည့်အချိန်က ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်တော်မူခဲ့ကြသည်။ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသို့ အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ အမှူးပြုသော ရဟန္တာအရှင်မြတ်ကြီး ငါးပါးကြွရောက်သာသနာပြုခဲ့ကြသည်။

## သိရိဓမ္မာသောကမင်းကြီးလက်ထက် ကိုးတိုင်း ကိုးဌာန သာသနာပြုစေလွှတ်ခြင်း

တတိယသင်္ဂါယနာ တင်တော်မူကြသည့် မဟာထေရ်မြတ်တို့သည် ဘုရားပွင့်ရာ မူလဌာန၌ အနေးနှင့်အမြန် သာသနာကွယ်ပျောက်တော့မည်ကို မြင်တော်မူကြပါသည်။

ထို့ကြောင့် အောက်ဖော်ပြပါကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူကာ ဗုဒ္ဓသာသနာတော် ကမ္ဘာပေါ်တွင်ကြာမြင့်စွာ ကာလရှည်ကြာတည်တံ့နိုင်မည့်အရေးကို ရွက်ဆောင်ပေးတော်မူခဲ့ပါသဖြင့် ယနေ့သာသနာနှစ်(၂၅၅၀)ကျော်သည့်တိုင် မြတ်ဗုဒ္ဓသာသနာတော်ကို မိမိတို့ ကိုးကွယ်ဆည်းကပ်ခွင့် ရနေခြင်းဖြစ်ပါသည်။ သူ့သားကျေးဇူးဆပ်မကုန်နိုင်အောင် ကြီးမြတ်ပါပေစွတကား။



www.burmeseclassic.com

www.burmeseclassic.com



၁။ **ကသ္မီရနှင့် ဂန္ဓာရတိုင်း**

ယခုအမည် ကတ်ရှမီးယားနှင့် အနောက် ပါကစ္စတန်နိုင်ငံ၊ အချို့ အဆို အာဖဂန်နစ္စတန်နိုင်ငံဖြစ်ပါသည်။

၂။ **မဟိံသကတိုင်း**

ယခုအမည် အိန္ဒိယနိုင်ငံ တောင်ပိုင်းရှိ မိုက်ဆိုး နယ်နှင့် ကနာရ နယ်များဖြစ်ပါသည်။

၃။ **ဝနဝါသီတိုင်း**

ယခုအမည် အိန္ဒိယနိုင်ငံ တောင်ဘက်အတွင်းပိုင်းရှိ ကန္နာဒ တမီးလ်၊ တေလဂူနှင့် မလဘာနယ်များ ဖြစ်ပါသည်။

၄။ **အပရန္တတိုင်း**

ယခုအမည် နောက်ပိုင်းဆင်းနယ် ဘုံဘေတဝိုက်၊ ဘလူချီ စတန်နှင့် ဆော်ရပ်ရှိတရာနယ်များ ဖြစ်ပါသည်။

၅။ **မဟာရဋ္ဌတိုင်း**

ယခုအမည် မဟာရပ်ရှတရာနယ် အီဂတ်ပူရီ တဝိုက်ဖြစ်ပါသည်။

၆။ **ယောနကတိုင်း**

ယခုအမည် ဂရိ၊ ဥရောပ၊ ဆီးရီးယား၊ အီဂျစ်နယ်များ၊ အချို့ အဆို အာဖဂန်နယ်မြေများ ဖြစ်ပါသည်။

၇။ **ဟိမဝန္တာဒေသ**

ယခုအမည်တိဗက်၊ ဘူတန်၊ ဆစ်ကင်း၊ တရုတ် နိုင်ငံများ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၈။ **သုဝဏ္ဏဘူမိ**

ယခုအမည် မြန်မာနိုင်ငံသထုံ ဖြစ်ပါသည်။


၉။ **သီဟိုဠ်ကျွန်း**

ယခုအမည် သီရိလင်္ကာနိုင်ငံဖြစ်ပါသည်။

## စတုတ္ထသင်္ဂါယနာ

သာသနာတော်နှစ် (၄၅၀) (ခရစ်တော်မပေါ်မီ ၉၄)တွင် သီရိလင်္ကာ (သီဟိုဠ်)နိုင်ငံ မလယဇနပုဒ်၊ အာလောကလိုဏ်ဂူ၌ စတုတ္ထသင်္ဂါယနာတင်ခဲ့သည်။

သီရိလင်္ကာ (သီဟိုဠ်)နိုင်ငံတွင် သူပုန်ဘေး၊ ငတ်မွတ်ခေါင်းပါးဘေးကြီးကို (၁၂)နှစ်ကြာခံစားကြရသောကြောင့် ပိဋကတ်တော်များ



မပျောက်ပျက်ရအောင် ရဟန်းသံဃာတော်များက အလွှန်ပင်ပန်း ခက်ခဲစွာဆောင် ထားကြရလေသည်။ နောက်ကာလတွင် ဤသို့ဘေး အန္တရာယ်ပေါ်ပေါက်က သတိ, သမာဓိ, ပညာဆုတ်ယုတ်ပြီး နှုတ်တက်မဆောင်နိုင်မည်ကို မြင်တော်မူကြသဖြင့် စတုတ္ထအကြိမ်မြောက် သင်္ဂါယနာတင်ခြင်းဖြစ်သည်။

အရှင်မဟာဓမ္မရက္ခိတ အမှူးပြုသော ရဟန္တာမထေရ်မြတ်ကြီး အပါး(၅၀၀)တို့က သီရိလင်္ကာ(သီဟိုဠ်)နိုင်ငံ ဝဋ္ဋဂါမဏိမင်း လှူဒါန်းထောက်



www.burmeseclassic.com

www.burmeseclassic.com




တွင် ပေရွက်၌ အက္ခရာတင်ကာ စတုတ္ထအကြိမ်မြောက်သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ မလယဇနပုဒ်နေ အကြီးအကဲများနှင့် ဇနပုဒ်သူဇနပုဒ်သားတို့က အဘက်ဘက်မှ ပံ့ပိုးကူညီခဲ့ကြသည်။ အချိန်ကာလ (၁)နှစ်ကြာလေသည်။

**ပဉ္စမသင်္ဂါယနာ**

သာသနာတော်နှစ်-၂၄၁၅၊ မြန်မာသက္ကရာဇ် ၁၂၃၂ခုနှစ်၊ တန်ဆောင်မုန်း လဆန်း(၁)ရက်နေ့ (ခရစ်နှစ်-၁၈၇၁)တွင် မြန်မာနိုင်ငံ၊ မန္တလေးမြို့ (ရတနာပုံနေပြည်တော်)၌ ပဉ္စမသင်္ဂါယနာ တင်ခဲ့သည်။ ပိဋကတ်တော်များကို ပေပုရပိုက်များပေါ်တွင် ရေးသားထားခြင်းဖြင့်ကြာရှည်စွာ မခိုင်မြဲနိုင်ခြင်း၊ မူအမျိုးမျိုး ကွဲပြားနေခြင်းစသော အန္တရာယ်များကင်းပျောက်စေရန် ကျောက်ထက် အက္ခရာတင်ကာ ပဉ္စမအကြိမ်မြောက် သင်္ဂါယနာတင်ခြင်း ဖြစ်သည်။

မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော် တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဇာဂရာဘိဝံသ မဟာထေရ်အမှူးပြုသော သံဃာတော်အပါး (၂၄၀၀)တို့က သင်္ဂါယနာတင်တော်မူခဲ့ကြသည်။



ထိုသို့ သင်္ဂါယနာတင်ရာတွင် မန္တလေးတောင်ခြေရှိ လောကမာရဇိန် (ကုသိုလ်တော်) ဘုရားဝင်းအတွင်း၌ စကျင်ကျောက်ပြား (၇၂၉) ချပ်ပေါ်တွင် အက္ခရာရေးထွင်း၍ သင်္ဂါယနာတင်ရာ (၇-နှစ်၊ ၆လ၊ ၁၄-ရက်)ကြာလေသည်။ ယင်းနောက်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဖြင့်ရွတ်ဆို၍ သင်္ဂါယနာ တင်ရာ (၅-လနှင့် ၃-ရက်) အကြာတွင် ပြီးစီးအောင်မြင်ခဲ့လေသည်။

ပဉ္စမသင်္ဂါယနာတင်အပြီးတွင် ပိဋကတ်တော်များကို နိုဿယ မြန်မာပြန်ရန် တာဝန်ခွဲဝေ ဆောင်ရွက်ခြင်း၊ ဓမ္မဝိနယ အမိန့်တော် ပြန်တမ်းကို တစ်နိုင်ငံလုံးသို့ ထုတ်ပြန်ဆင့်ဆို၍ သာသနာတော် သန့်ရှင်းပြန့်ပွားအောင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

**ဆဋ္ဌသင်္ဂါယနာ**

သာသနာတော်နှစ်၂၄၉၈၊ မြန်မာသက္ကရာဇ် ၁၃၁၆ခုနှစ်၊ ခရစ်နှစ် ၁၉၅၄ ကဆုန်လပြည့်နေ့တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆဋ္ဌသင်္ဂါယနာ တင်ခဲ့သည်။

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ၌ နှစ်(၁၀၀)ခန့် နေခဲ့ရ၍ ဗုဒ္ဓသာသနာတော် ညှိုးနွမ်းလျက်ရှိရာ သာသနာတော် သန့်ရှင်း စင်ကြယ်ရေး၊ ပိဋကတ်တော် သန့်ရှင်းစင်ကြယ်ရေးတို့ကို ရှေးရှု၍ ဆဋ္ဌမအကြိမ်မြောက်သင်္ဂါယနာတင်ခြင်းဖြစ်သည်။ ညောင်ရမ်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတ၊ မဟာစည်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘဏ(ပုစ္ဆက)၊ မင်းကွန်းဆရာတော် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (ဝိသဇ္ဇက) စသောထေရဝါဒ(၅)နိုင်ငံမှ ရဟန်းသံဃာတော်(၂၅၀၀)တို့က သင်္ဂါယနာ တင်တော်မူခဲ့ကြသည်။ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူ ပြည်သားများ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားဟူသော ထေရဝါဒနိုင်ငံများနှင့် အခြားနိုင်ငံပေါင်း(၂၅)နိုင်ငံတို့ကလည်း အဘက်ဘက်မှ လှူဒါန်း ကူညီ ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဆဋ္ဌသင်္ဂါယနာ တင်ရာတွင် ပါဠိတော်များကိုသာမက အဋ္ဌကထာကျမ်းများ၊ ဋီကာကျမ်းများကိုပါ သင်္ဂါယနာတင်ခဲ့ခြင်း ဖြစ်သည်။

ဤသို့လျှင် ခေတ်အဆက်ဆက်မှာပင် အရှင်မဟာကဿပ စသော သာသနာတော်စောင့်မထေရ်ကြီးတို့သည် ပိဋကတ်(၃)ပုံဟူသော နှုတ်ခပါဠိတော်များကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် အတိုင်း အပိုအလို အဖြည့်အစွက်မရှိ (၆)ကြိမ်တိုင်တိုင် သင်္ဂါယနာ တင်၍ အတည်ပြုတော်မူခဲ့ကြသည်။ ယင်းသို့ မထေရ်ကြီး အဆက်ဆက်တို့ သင်္ဂါယနာတင်ခဲ့သော ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်ကို ''ထေရဝါဒ ဗုဒ္ဓသာသနာ''ဟုခေါ်သည်။

**၁။ ပဌမသင်္ဂါယနာ**

သုံးလလေးပို၊ ရာဇဂြိုဟ်၊ တင်ဆို ကဿပထေရ်။

**၂။ ဒုတိယသင်္ဂါယနာ**

နှစ်ပေါင်းတစ်ရာ၊ ဝေသာလီ၊ တင်တာ ယသထေရ်။

**၃။ တတိယသင်္ဂါယနာ**

နှစ်ရာ့သုံးဆယ်၊ ငါးနှစ်ကြွယ်၊ ပါဋလိပုတ် တိဿထေရ်။

**၄။ စတုတ္ထသင်္ဂါယနာ**

လေးရာ့ငါးဆယ်၊ သီဟိုဠ်ဝယ် ဓမ္မယ်ရက္ခိတထေရ်။

**၅။ ပဉ္စမသင်္ဂါယနာ**

နှစ်ထောင့်လေးရာ၊ ဆယ့်ငါးကျ၊ ဇာဂရထေရ် မြန်မာပြည်(ပြေ)။

**၆။ ဆဋ္ဌသင်္ဂါယနာ**

နှစ်ထောင့်ငါးရာ၊ ပြည်မြန်မာ၊ တင်တာ ရေဝတထေရ်။



www.burmeseclassic.com

www.burmeseclassic.com



## မြန်မာနိုင်ငံ သံဃာ့ဂိုဏ်း (၉)ဂိုဏ်း

၁။ သုဓမ္မာဂိုဏ်း

၂။ ရွှေကျင်ဂိုဏ်း

၃။ ၄။ ၅။ ဒွါရဂိုဏ်း(၃)ဂိုဏ်း

(က) အနောက်ကျောင်းဒွါရဂိုဏ်း

(ခ) မဟာဒွါရဂိုဏ်း

(ဂ) မူလဒွါရဂိုဏ်း

၆။ ဝေဠုဝန်နိကာယဂိုဏ်း

၇။ စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း

၈။ ဂဏဝိမုတ္တိ ကူးတို့ဂိုဏ်းနှင့်

၉။ ဓမ္မယုတ္တိနိကာယ မဟာရင်ဂိုဏ်းတို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ သံဃာ့ဂိုဏ်းကြီး (၉)ဂိုဏ်းတို့သည် ၁၃၄၂ခုနှစ် (၁၉၈၀ပြည့်နှစ်)တွင် အညီအညွတ်စုဝေးကာ ပထမအကြိမ်၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းနိုင်ခဲ့သည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အောင်မြင်စွာ ဖွဲ့စည်းဖြစ်ပေါ်လာသည်နှင့်အမျှ သံဃာ့ကိစ္စဟူသမျှကို သံဃာတော်များကိုယ်တိုင်ကြီးကြပ်စီမံခန့်ခွဲလျက် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို စနစ်တကျ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိနိုင်ပေသည်။ ဂိုဏ်းပေါင်းစုံ သံဃာညီညွတ်ရေးကြီး အောင်မြင်သည့်အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဓမ္မရက္ခိတကုန်းတော်တွင် မဟာဝိဇယစေတီတော်ကြီး တည်ထားခဲ့သည်ကိုလည်း ဖူးမြင်နိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## မြတ်ဗုဒ္ဓ၏ရောင်ခြည်တော်ခြောက်သွယ်နှင့် သာသနာ့အလံတော်

မြတ်စွာဘုရားရှင်သည် ရတနာဃရစံအိမ်မှာ သီတင်းသုံးနေစဉ် ဓမ္မသင်္ဂဏီ၊ ဝိဘင်္ဂ၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမက ပဋ္ဌာန်းဟူသည့် အဘိဓမ္မာခုနစ်ကျမ်းကို ဆင်ခြင်ရာမှာ နောက်ဆုံး မဟာပဋ္ဌာန်းကျမ်းမြတ်ကို ဆင်ခြင်သောအခါ မြတ်ဗုဒ္ဓ၏ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးထွက်ပေါ်ခဲ့ပါသည်။

ရောင်ခြည်တော်ခြောက်သွယ်ကို ကျမ်းဂန်လာအစဉ်နဲ့ ဖော်ပြလျှင်

၁။ **နီလ** (Brown)

ညိုသောရောင်ခြည် (ဝါ) အပြာရင့်

(ဆံပင်မွေးညှင်းနှင့် မျက်လုံးစသော နေရာတော်များမှထွက်ပေါ်)

၂။ **ပီတ** (Golden Hue)

ရွှေသောရောင်ခြည် (ဝါ) အဝါရင့်ရောင်

(အရေတော်နှင့် မျက်လုံးတော်များမှ ထွက်ပေါ်)

၃။ **လောဟိတ** (Red)

နီသောရောင်ခြည် (ဝါ) အနီရင့်ရောင်

(အသွေးအသားနှင့် မျက်လုံးတော်များမှ ထွက်ပေါ်)

၄။ **ဩဒါတ** (White)

ဖြူသောရောင်ခြည်

(အရိုး၊ သွားနှင့် မျက်လုံးတော်များမှ ထွက်ပေါ်)



www.burmeseclassic.com

www.burmeseclassic.com



၅။ မဉ္ဇိဋ္ဌ (Dark Red)

ညိုမောင်းသောရောင်ခြည်

(ထိုထို ခန္ဓာကိုယ်အစိတ်အပိုင်းများမှ ထွက်ပေါ်)

၆။ ပဘဿရ (Shining. Very Bright)

ပြိုးပြက်သောရောင်ခြည် ငါးသွယ်ပေါင်း ရောင်စုံထွက်တော်မူ

(ထိုထိုခန္ဓာကိုယ်အစိတ်အပိုင်းများမှ ထွက်ပေါ်)ပါသည်။

မြတ်ဗုဒ္ဓ၏ ရုပ်ထုတော်နှင့် ရုပ်ပုံပန်းချီကားများ၏ ဦးခေါင်းတော်ပတ်လည်ပါရှိသည့် ရောင်ခြည်စက်ဝန်းသည် ထိုရောင်ခြည်တော်ခြောက်သွယ်ကို ရည်ညွှန်းထားခြင်းဖြစ်ပါသည်။

ထို့အတူ ဗုဒ္ဓသာသနာ့အလံတော်ပါ ရောင်စဉ်ခြောက်မျိုးသည်လည်း ထိုရောင်ခြည်မျိုးကိုပင် ရည်ညွှန်းပါသည်။


**သာသနာ့အလံအရွယ်အစား**

အလျား ၁၀၈ လက်မ၊ အနံ ၆၀ လက်မ (သို့မဟုတ်) အလျား ၅၄ လက်မ၊ အနံ ၃၀ လက်မ၊ (သို့မဟုတ်) အလျား ၂၇ လက်မ၊ အနံ ၁၅ လက်မ၊ (သို့မဟုတ်) အလျား ၉ လက်မ၊ အနံ ၅ လက်မ ရှိရပါမည်။ အလျားကိုအညီအမျှ ၆ ချိုး ချိုးရပါမည်။ ရောင်ခြည်တော်ခြောက်သွယ်ပါအရောင် ၆ မျိုး လက်ဝဲဘက်မှ စတင်၍ အစဉ်အတိုင်း ချယ်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com





## သာသနာ့အလံတော် လွှင့်ထူနည်း

၁။ သာသနာ့အလံကို လွှင့်သည့်အခါ နီလအပြာရင့်ရောင်ကို လွှင့်ထူသူ၏ ဝဲဘက်မှာသာ ရှိစေရမည်။

၂။ သာသနာ့အလံတော်ကိုလွှင့်ထူသည့်အခါ အရောင်ငါးပါးရောနှောနေသော ပဘဿရအရောင်၏ လက်ယာဘက်အပေါ်ဆုံးထိပ်မှာ နီလအပြာရင့်ရောင် အမြဲရှိနေစေရမည်။

၃။ သာသနာ့အလံတော်ကို လွှင့်တင်ရာတွင်တိုင်ထိပ်အရောက်သွက်လက်စွာဆွဲတင်ရမည်။ အလံတော်ကိုချသောအခါတွင်မူဖြေးညှင်းစွာချရမည်။

၄။ **အလံတော်ကို နေထွက်မှနေဝင်အထိသာလွှင့်ထားရမည်။ ကြီးကျယ်သော သာသနာရေးအခမ်းအနား၌မူ ညအချိန်တွင်လည်း လွှင့်ထူထားနိုင်သည်။**



www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာပေါ်၌ ဗုဒ္ဓသာသနာ့အလံကို တီထွင်ခဲ့သူ၏ အတ္ထုပ္ပတ္တိအကျဉ်း

Olcott သည် ၁၈၃၂ ခု ဩဂုတ်လ (၂)ရက်နေ့၌ အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် Orange မြို့၌ ဖွားမြင်ပါသည်။ ငယ်စဉ်က ပရိုတက်စတင်ခရစ်ယာန်ဘာသာဝင်ဖြစ်ပြီး နယူးယောက်စီတီကောလိပ်နဲ့ ကိုလံဘီယာတက္ကသိုလ်များ၌ ပညာသင်ကြားခဲ့သည်။ အမေရိကပြည်တွင်းစစ်ကာလ၌ စစ်မှုထမ်းပြီး ဗိုလ်မှူးကြီးအဆင့်တိုးမြှင့်ခံရပြီး သမ္မတလင်ကွန်း အသတ်ခံရစဉ်က လူသတ်သမားစုံစမ်းရေး အထူးအရာရှိသုံးဦး၌ အဖွဲ့ဝင်ဖြစ်ခဲ့ပါသည်။ (၁၈၆၀)မှာ မေရီအက်ပလီမေလ်ဂင်နဲ့ အိမ်ထောင်ပြုပြီး သမီးနှစ်ယောက်ထွန်းကားခဲ့ပါသည်။ ၁၈၈၀ ခုနှစ်၌ အိန္ဒိယမှ သီရိလင်္ကာနိုင်ငံရောက်ပြီး မကြာမီသရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလခံယူကာ ဗုဒ္ဓဘာသာဝင်အဖြစ် သီရိလင်္ကာနိုင်ငံ ဂေါလေ Golle မြို့၌ ကြေငြာခဲ့ပါသည်။

ဗိုလ်မှူးကြီး Olcott သည် မိမိစွမ်းရည်ကို အသုံးချပြီး သီရိလင်္ကာနိုင်ငံ၌ ဗုဒ္ဓသာသနာတိုးတက်အောင်ဆောင်ရွက်ရင်း ၁၈၈၁ ခုနှစ်မှာ ဗုဒ္ဓဝါဒ အမေးအဖြေကျမ်း The Buddhist Catechism ကိုရေးသားခဲ့ပါသည်။(၁၉၀၇)ခုနှစ် အိန္ဒိယနိုင်ငံ မဒရပ်ပြည်နယ် အချာမြို့မှာ ကွယ်လွန်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အပါယမုခ (စည်းစိမ်ဥစ္စာပျက်စီးကြောင်း) တရားခြောက်ပါး

၁။ မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည်အရက်သောက်စားခြင်း။
၂။ အချိန်အခါမဲ့ (ညအခါ)၌ လှည့်ပတ်သွားလာ လမ်းလျှောက်ခြင်း။
၃။ ပွဲလမ်းသဘင် ပျော်ရွှင်မှုများ လိုက်စားခြင်း။
၄။ လောင်းကစားလေ့ရှိခြင်း။
၅။ မကောင်းသော အဆွေခင်ပွန်းတို့နှင့် ဆက်ဆံပေါင်းသင်းခြင်း။
၆။ ပျင်းရိမေ့လျော့ ပေါ့ပေါ့တန်တန် နေထိုင်ခြင်း။

### (က) မူးယစ်စေတတ်သည့် ဆေးလုံး၊ ဆေးပြား၊ ဆေးမှုန့်၊ အရက်သောက်သုံးခြင်း

(၁) ဥစ္စာဆုတ်ယုတ်ခြင်းသည် ကိုယ်တွေ့မျက်မြင် အပြစ်ဖြစ်၏။
(၂) ခိုက်ရန်ဖြစ်ပွားတတ်၏။
(၃) အနာရောဂါ ဖြစ်ကြောင်းဖြစ်၏။
(၄) အရှိန်အစော်မဲ့တတ်၏။
(၅) လျှို့ဝှက်အပ်သည်ကို ဖော်ပြတတ်၏။
(၆) ဉာဏ်ပညာ နည်းအောင်ပြုတတ်၏။



### (ခ) ညအချိန်အခါမဲ့၌ သွားလာခြင်း အပြစ်ခြောက်ပါး

(၁) မိမိကိုယ်ကို ဘေးအန္တရာယ်မှ လုံခြုံမှုမဖြစ်နိုင်ခြင်း။
(၂) မိမိ၏ ဇနီးသားသမီးတို့၏ ဘေးအန္တရာယ်ဖြစ်နိုင်ခြင်း။
(၃) စည်းစိမ်ဥစ္စာကိုလည်း လုံခြုံမှုမဖြစ်နိုင်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



(၄) သူတစ်ပါးပြုသည့် မကောင်းမှု ဒုစရိုက်တို့၌ မယုံသင်္ကာဖြစ်၍ ထင်မှားခံရတတ်ခြင်း။
(၅) မဟုတ်မမှန်ဘဲ အစွပ်အစွဲခံရတတ်ခြင်း။
(၆) များစွာသော ဆင်းရဲတရားတို့၏ ရှေ့သွားဖြစ်ခြင်း။

## (ဂ) ပွဲလမ်းသဘင်ကြည့်ရှုခြင်းအပြစ်ခြောက်ပါး

(၁) ပွဲလမ်းသဘင်ကြည့်ရှုရန် စုံစမ်းနေရ၍ အလုပ်ပျက်ခြင်း။
(၂) ပွဲလမ်းသဘင်ကြည့်ရှုနေရ၍ အလုပ်ပျက်ခြင်း။
(၃) ကျန်းမာရေးထိခိုက်ခြင်း။
(၄) ငွေကြေး ကုန်ကျများခြင်း။
(၅) ရရှိပြီးသော စီးပွားဥစ္စာ ပျက်စီးဆုတ်ယုတ်ခြင်း။



(၆) မရရှိသေးသော စီးပွားဥစ္စာ မဖြစ်ထွန်းခြင်း။

## (ဃ) လောင်းကစားခြင်း အပြစ်ခြောက်ပါး

(၁) မိမိကနိုင်လျှင်လည်း ရန်ပွားတတ်ခြင်း။
(၂) မိမိရှုံးပြန်လျှင်လည်း ပစ္စည်းဥစ္စာအတွက် နှမြောစိုးရိမ်ခြင်း။
(၃) ကိုယ်တွေ့မျက်မြင်ဥစ္စာ ဆုတ်ယုတ်ခြင်း။
(၄) မိမိစကားသည် ပရိသတ် အလယ်၌ လူရာမဝင်ခြင်း။
(၅) အဆွေခင်ပွန်းကို မထီမဲ့မြင်ပြုခြင်း။
(၆) ''ဤသူသည် ကစားသမားတည်း၊





www.burmeseclassic.com

www.burmeseclassic.com



မယားကိုကျွေးမွေးရန် မစွမ်းနိုင်''ဟု သမီးပေးသားယူပြုလိုသူတို့ အလိုမရှိအပ်။

**(ဃ) မိတ်ဆွေယုတ် အပြစ်ခြောက်ပါး**

(၁) လောင်းကစားကြူးသူ။
(၂) ကာမဂုဏ်ကြူးသူ။
(၃) သေသောက်ကြူးသူ။
(၄) အတုပြု၍ လိမ်လည်လှည့်ဖျားတတ်သူ။
(၅) ပရိယာယ်ဖြင့် မျက်မှောက်၌ပင် လိမ်လည်လှည့်ပတ်တတ်သူ။
(၆) အနိုင်အထက်ပြုတတ်သူ။

**(စ) ပျင်းရိခြင်း အပြစ်ခြောက်ပါး**

(၁) အေးလွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း။
(၂) ပူလွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း။
(၃) မိုးချုပ်လွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း။
(၄) စောလွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း။
(၅) ဆာလွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း။
(၆) ဝမ်းဝလွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း။

**သူတော်ဦးနု၏ စကားပုံဆုံးမစာ**

(၁) ဗုဒ္ဓဆာယာကို တွယ်ရမည်၊ ရုပ်လုတာကို ပယ်ရမည်။ ဗုဒ္ဓဆာယာကိုတွယ်မှ အေးမြရာသည်၊ ရုပ်လုတာကိုပယ်မှဘေးပကွာသည်။
(၂) သေရည်ကို မသောက်နှင့်၊ ရေကြည်ကို မနှောက်နှင့်၊ သေရည်ကို



www.burmeseclassic.com

www.burmeseclassic.com



သောက်က အပါယ်ဘုံသို့ ကျတတ်သည်။ ရေကြည်ကို နှောက်က အနယ်မှုန်တို့ထတတ်သည်။



(၃) ထင်တိုင်းလည်း နှိပ်၍ မဆိုနှင့်။ ဝင်တိုင်းလည်း သိပ်၍ မမျိုနှင့်။ ထင်တိုင်း နှိပ်၍ဆိုက ရန်အသွယ်သွယ် ပွားတတ်သည်၊ ဝင်တိုင်းသိပ်၍မျိုက အန္တရာယ်များတတ်သည်။

(၄) အယုတ်တရားကို အလိုမရှိနှင့်၊ မဟုတ်စကားကို မဆိုဘိနှင့်။ အယုတ်တရားကို အလိုရှိက ဘဂဝါ၏စကားကို ပယ်ရာကျချေသည်၊ မဟုတ်စကားကိုဆိုဘိက သဟာယာများတို့ ကွယ်ပရလေသည်။

(၅) အမျိုးယုတ်သူ အဆင်းလှလျှင် သတိထား၊ တန်ခိုးနုတ်သူ ထမင်းဝလျှင် မကျီစားနှင့်။ အမျိုးယုတ်သူအဆင်းလှက စာဂ, တန်တတ်သည်၊ တန်ခိုးနုတ်သူ ထမင်းဝက မာနထန်တတ်သည်။

(၆) မတော်ဘဲကိုမဝယ်နှင့်၊ မခေါ်ဘဲကို မလယ်နှင့်။ မတော်ဘဲကို ဝယ်လေက သပြာခနေ ရှုံးတတ်သည်။ မခေါ်ဘဲကို လယ်ချေက မကြာခဏမုန်းတတ်သည်။



(၇) ခရီးကိုလည်း အပြင်းမသွားနှင့်၊ မီးကိုလည်း အကြွင်းမထားနှင့်။ ခရီးကိုအပြင်းသွားက မှားတတ်သည်။ မီးကိုအကြွင်းထားက ပွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၈) ဆရာပြောသမျှကို အပြီးမမှားလေနှင့်၊ အနာရောဂါကို မကြီးပွားစေနှင့်။ ဆရာပြောသမျှကို အပြီးမှားက မုချမှောက်တတ်သည်။ အနာရောဂါကို ကြီးပွားစေက ဒုက္ခရောက်တတ်သည်။

(၉) စကားစကား ပြောဖန်များ စကားထဲက ဇာတိပြ၍ မာနတံခွန် ထူတတ်သည်၊ တရားတရား ဟောဖန်များ တရားထဲက ပါဋ္ဌရ၍ ဒါနအလွန် လှူတတ်သည်။



(၁၀) သံသရာလောက၊ နှစ်ဝအကျိုး၊ ပွားတိုးစေမှု၊ အာရုံပြုလျက်၊ ဦးနုမည်ခေါ်၊ ငါသူတော်လျှင်၊ နာပျော်ဖွယ်ရာ၊ ဆုံးမစာကို၊ ဒကာ ဒကာမ၊ မှတ်သားကြ၍၊ နေ့ညလေ့ကျက်ကြပါလော့။

**သူတော်ဦးနု(ခရစ်-၁၉ရာစု)**

## လောကနီတိ

လောကနီတိကို ပင်းယခေတ် သီရိမဟာစတုရင်္ဂဗလ အမတ်ပညာရှိကြီး ပြုစုခဲ့ပါသည်။ ထိုကျမ်းကို (Mr James Gray)က (The Niti of Burma)ဟူသော အမည်ဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ



လန်ဒန် ထရူးဘနား စာအုပ်တိုက်မှ ၁၈၈၆-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဘာသာပြန်ရေးသားခဲ့သည့် ပုဂ္ဂိုလ်က သက္ကတဘာသာ မူရင်းကျမ်း၌ ဂါထာပေါင်း (၁၀၉)ဂါထာ ရှိပါသော်လည်း မြန်မာမူ၌မူ ဂါထာပေါင်း (၁၆၇)ဂါထာရှိကြောင်း မှတ်တမ်းပြုထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးမြန်မာတို့သည် လောကနီတိကို ဘုန်းတော်ကြီးကျောင်းများ၌ သင်ကြားခဲ့ကြပါသည်။ လောကနီတိသည် သဂြိုဟ်ယနာတင် ပိဋကတ်တော်၏ အစိတ်အပိုင်း မဟုတ်ပါသော်လည်း လောက အကျိုးစီးပွားကို ပေးစွမ်းနိုင်သောကြောင့် အစဉ်အဆက်သင်ကြားခြင်း ဖြစ်ပါသည်။

ယခုကျောင်းသားလူငယ်များ လေ့လာနိုင်ရန်သင့်လျော်ရာရာ အကျိုးများနိုင်လတ္တံ့သောဂါထာ အနည်းငယ်မျှကိုသာ ကဏ္ဍအသီးသီးမှ ရွေးချယ်စုစည်းကာ ဖော်ပြထားပါသည်။

- ပျင်းသောသူသည် အတတ်ပညာမရနိုင်။
  အတတ်ပညာမရှိသောသူ ဥစ္စာမရနိုင်။
  ဥစ္စာမရှိသောသူ မိတ်ဆွေမရနိုင်။
  မိတ်ဆွေမရှိသောသူ ချမ်းသာမရနိုင်။
  ချမ်းသာမရှိသောသူ ကောင်းမှု
  မပြုနိုင်။
  ကောင်းမှုမရှိသောသူ နိဗ္ဗာန်မရနိုင်။



How can there be proficiency for one who is idolent, wealth for one without proficiency, friendship for one without wealth, happiness for the friendless, merit for the unhappy, and Nibban for the unmeritorious penson?

အချို့လူတို့သည် ကောင်းသောအလုပ်ကို လုပ်ရာတွင် ပျင်းတတ်ကြပါ၏။ မကောင်းမှု ပြုလုပ်ရန်ကား ပျင်းလေ့ပျင်းထမရှိကြ။ ကောင်းမှုပြုလုပ်ရန်အတွက် အချိန်မဆိုင်းသင့်ပါ။ မကောင်းမှု ပြုလုပ်ရန်ကား အချိန်ဆွဲနိုင်လေ ကောင်းလေဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



✣ ရေတိမ်ရေနက်၏ သဘောကို ကြာရိုးကိုမြင်၍သိနိုင်၏။ အမျိုးယုတ် အမျိုးမြတ်ဖြစ်ကြောင်းကို ကိုယ်အမူအရာ၊ နှုတ်အမူအရာကိုကြည့်၍ သိနိုင်၏။



ပညာရှိသည် မရှိသည်ကို ပြောဆိုသောစကားကို ထောက်ချင့်၍ သိနိုင်၏။

မြေကောင်းသည် မကောင်းသည်ကို မြေပေါ်၌ပေါက်သော မြက်ပင်ညှိုးသည် မညှိုးသည်ကို မြင်၍သိနိုင်၏။

The criterion of water is the water-lily; of a race, discpline and discourse; of wisdom, the words that are uttered; and of the ground, the fading of the grass.

လူတစ်ဦးမှာ ပညာရှိ မရှိကိုမူ စူးစမ်းဆင်ခြင်သုံးသပ်ခြင်း ပြုလျှင် သိနိုင်ပါသည်။

- သီလ ရှိ မရှိကို အတူတကွ နေထိုင်ခြင်းဖြင့် သိနိုင်ပါသည်။
- စင်ကြယ်မှု ရှိ မရှိကို အတူတကွ ပြောဆိုခြင်းဖြင့် သိနိုင်ပါသည်။
- အစွမ်းသတ္တိ ရှိ မရှိကို ဘေးရန်ကြုံတွေ့ခြင်းဖြင့် သိနိုင်ပါသည်။
- ပညာရှိ မရှိကို ဆွေးနွေး မေးမြန်းပြောဆိုခြင်းဖြင့် သိနိုင်ပါသည်။

သို့သော် စူးစမ်းစိစစ်သူသည် အသိပညာနှင့်လည်း ပြည့်စုံရပါမည်။ ကြာမြင့်စွာလည်း အတူနေရပါမည်။ သုံးသပ်ဆင်ခြင်မှုလည်း ပြုလုပ်ရပါမည်။ သို့မှသာ အထက်ပါ အကြောင်းအရာများကို သိနိုင်ပါသည်။



www.burmeseclassic.com


www.burmeseclassic.com



စိစစ်စူးစမ်းသူကား အသိပညာလည်းမရှိ၊ တခဏမျှသာ အတူနေ၊ စိစစ်သုံးသပ်မှုလည်း မပြုလုပ်ပါက အမှန်အတိုင်း သိမည် မဟုတ်ပါ။

- ဗဟုသုတခေါင်းပါးသောသူသည် အနည်းငယ်မျှတတ်သော အတတ်ပညာကို အများကြီးတတ်သည်ဟု အထင်ရောက်တတ်၏။ မာန်ရှိတတ်၏။

  သမုဒ္ဒရာရေကို မမြင်ဘူးသော ဖားသူငယ်သည် တွင်းဝ၌ရှိသောရေကို အများကြီးထင်မှတ်သည်နှင့် တူနေတတ်၏။



In this world, the person who has little knowledge thinks much of it and has pride for it. How is it so? It is like the frog who has never seen the ocean thinks much of the water in the hole it lives in.

ပညာဗဟုသုတ ရှာမှီးခြင်းသည် အမှန်တရားကို ရှာဖွေခြင်း ဖြစ်ပါသည်။ လောကအကျိုးအများအကျိုး သယ်ပိုးရန်အတွက် ဖြစ်ပါသည်။ ဗဟုသုတကို အကြောင်းပြုပြီး ငြင်းခုံခြင်း၊ မိမိအယူအဆကို ရှေ့တန်းတင်ခြင်း မပြုသင့်ပါ။ မိမိအမြင်သည် အမြဲတမ်း မှန်ကန်နိုင်မည် မဟုတ်ကြောင်း သတိပြုသင့်ပါသည်။

## စာပေဗဟုသုတရှာမှီးရာတွင်

### ၁။ အလဂဒ္ဒူပမာ

လာဘ်လာဘပေါ်များရန်နှင့် သူတစ်ပါးကို ဖိနှိပ်ရန်



www.burmeseclassic.com

www.burmeseclassic.com






## ၂။ နိဿရဏတ္ထ

သီလ သမာဓိ ပညာကို
သိရှိ၍ တရားကျင့်ကြံရန်

## ၃။ ဘဏ္ဍာဂါရိက ပရိယတ္တိ

ရဟန္တာပုဂ္ဂိုလ်သည် တရားကို
စောင့်ရှောက်ရန်၊ ဘုရားအနွယ်ကို စောင့်ရှောက်ရန်ဟူသော
ရှာမှီးနည်း(၃)နည်း ရှိပါသည်။

အလဂဒ္ဒူပမာ ပညာရှာမှီးနည်းကား မှားသောသင်ကြားနည်း ဖြစ်ပါသည်။ ၎င်းနည်းဖြင့်ဗဟုသုတ ရှာမှီးခြင်းသည် မိမိပတ်ဝန်းကျင်ကို တစ်စုံတစ်ရာအကျိုးမပြုနိုင်။ ရှာမှီးထားသည့် ဗဟုသုတက မိမိကိုယ်သာပျက်စီးအောင် ဖန်တီးမည်ဖြစ်ပါသည်။ လူသားတို့သည် ဗဟုသုတမရှာမှီးလျှင်လည်း အတွေးအခေါ်လွဲမှား၍ လမ်းမှားလိုက်တတ်ကြပါသည်။ ဗဟုသုတရှိလာပြန်လည်း မာန်မာနတက်ကြွ၍ အတ္တထူထောင်ရန် ကြိုးစားတတ်ပြန်ပါသည်။ ဤအစွန်း (၂)ပါးကို ရှောင်ရှားပြီး ဗဟုသုတကို ရှာမှီးရပါမည်။

✣ ချစ်သား(ချစ်သမီး) အတတ်ပညာကြိုးစားသင်စမ်းပါ၊
အဘယ့်ကြောင့် ပျင်းစိတ်ဝင်ချင်ရသနည်း။



အတတ်ပညာမရှိသောသူသည်
သူ့ဓါဝန်ထမ်း ဖြစ်တတ်၏။
အတတ်ပညာရှိသူကို လောကဥ္စသူတစ်ပါး
တို့က ပူဇော်ဂုဏ်ပြုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ချစ်သား(ချစ်သမီး) နေ့တိုင်း နေ့တိုင်း အတတ်ပညာကို ကြိုးစား၍ သင်ကြားပါလော့။

Dear sons, learn to acquire knowledge. Why are you lazy? Dear sons, learn to gain knowledge everyday. The one who has acquired no knowledge usually because another pesson's servent. In this world, others pay repects to the one who has acquired knowledge.



✣ အဆင်းမလှသောသူသည်
စကားများတတ်၏။
ပညာနည်းသောသူသည်
ထင်ရှားပြတတ်၏။
ရေမပြည့်သောအိုးသည်
ဘောင်ဘင်ခတ်တတ်၏။
နို့မထွက်သောနွားမသည် ကျောက်ကန်တတ်၏။

The ugly person is likely to be talkative. The person with little learning usually shows off. The pot that is apt to kick.

လောကတွင် လူသားတို့သည် ဟန်ဆောင်မှုများလုပါ၏။ မကျင့်ဘဲ မြတ်ဟန်ဆောင်တတ်ကြပါ၏။ မသင်ဘဲ တတ်ဟန်ပြုတတ်ကြပါ၏။ မနှစ်သက်ဘဲ ချီးမွမ်းတတ်ကြပါ၏။ မိမိကိုယ်မိမိ ပညာရှိကြီး အထင်ရောက်အောင် ကြွားဝါထုတ်တတ်ကြပါသည်။ ထိုသူတို့ကို လူများစွာက တကယ်ပညာရှိကြီးဟု ထင်မှတ်ကာ ဆရာတင်မိတတ် ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com




မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူဖူးပါ၏။

"တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အား မိမိဆရာအဖြစ်ကိုးကွယ် ဆည်းကပ်တော့မည်ဆိုပါက တထာဂတ (ငါဘုရားရှင်)ကိုပင် ဖြစ်စေ၊ ပညာရှိ ဟုတ် မဟုတ် စိစစ်ဝေဖန်၍ ဆည်းကပ်သင့်၏။

ရုပ်ဆင်းလှပ၍ဖြစ်စေ၊ ပစ္စည်းလေးပါးရရှိ၍ ဖြစ်စေ၊ ငါဘုရား အား ဆည်းကပ်ကိုးကွယ်ခြင်း မပြုကြလင့်။ ဆရာကိစ္စကို ဆောင်ရွက်ပေးနိုင်သည်ဟု ယုံကြည်စိတ်ချမှသာ ဆည်းကပ်ကိုးကွယ်ကြ" ဟု မိန့်တော်မူပါသည်။

✣ တောင်ဇလပ်ပန်းကို ထုပ်သောဖက်သည် ပန်း၏ရနံ့ကြောင့် မွှေးကြိုင်၏။



ထို့အတူပညာရှိကို မှီဝဲသောသူသည်လည်း လိမ္မာယဉ်ကျေးသော ဓာတ်သဘာဝများ ကူးစက်နိုင်၏။

One wraps the moonbeam flower with Pauk leaves; that person's moonbeam flower alone does not emit fragrance, but the Pauk leaves also become fragrant. In the same way, those who associate with the sage become wise.

လောက၌ ပညာရှိတို့ကြောင့် ဘေးအန္တရာယ်ဟူ၍ တစ်စုံတစ်ခုမျှ ဖြစ်ပေါ်ရိုး ထုံးစံမရှိချေ။ အကျိုးစီးပွားသာ ရရှိခံစားကြရပါသည်။ လောကအကျိုးကို သယ်ပိုးဆောင်ရွက်ကြသောကြောင့် ပညာရှိတို့၏ ဂုဏ်သတင်းသည် အမြဲပေါ်လွင်နေပါသည်။

ဆွေမျိုးစည်းစိမ် အခြံအရံ ဆုတ်ယုတ်ခြင်းသည် အမှန်တကယ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးခြင်းမဟုတ်ပါ။ ပညာဆုတ်ယုတ်ခြင်းသည်သာ ကြီးမားသော ဆုံးရှုံးခြင်းဖြစ်ပါသည်။ ပညာတိုးပွားခြင်းသည်သာ ကြီးမားသော တိုးပွားခြင်းဖြစ်ပါသည်။ ပညာရှိကို ပေါင်းဖော်မှီဝဲသူတို့သာ ပညာရှိ၏ ဓာတ်သဘာဝများ ရရှိမည်ဖြစ်ပါသည်။ ပညာရှိ အပေါင်းအဖော်ကို မရရှိလျှင်တစ်ယောက်တည်း နေရသည်က မြတ်သေး၏ဟုလည်း မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့ပါသည်။



- အမိယုတ်သောသူအား မကောင်းသော စကားရှိ၏၊ (နှုတ်ထွက်မကောင်း)။ အဘယုတ်သူအား မကောင်းသော အမူအကျင့်ရှိ၏၊ (အကျင့်မကောင်း)။ မိဘနှစ်ပါးစုံ ယုတ်မူကား စကားလည်းမကောင်း၊ အကျင့်လည်း မကောင်း။

The son of a wicked mother speaks foul language. The son of a wicked father behaves badly. The son of parent who are wicked speaks and acts badly.

လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘဟု ဆိုသည် နှင့်အညီ အမိအဘတို့၏ တန်ဖိုးထားမှုနှင့် အကျင့်စရိုက်တို့အတိုင်း သားသမီးတို့ လိုက်ကြပါသည်။

မိခင်ဖြစ်သူက ပတ်ဝန်းကျင်နှင့်ဆက်ဆံရာတွင် ရိုင်းပြကြမ်း တမ်းစွာပြောဆိုဆက်ဆံကြလျှင် သားသမီးတို့သည်လည်း အတုယူကာ အကျင့်ပါလာတတ်ကြပါ၏။ ထိုမိခင်မျိုးသည် သားသမီးများ ကလေး ဘဝ၌ပင် မပီကလာပီကလာဖြင့် ဆဲဆိုကြလျှင် ချီးမွမ်းတတ်ကြပါသည်။




www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူသည် ခိုက်ရန် ဒေါသဖြစ်တတ်ခြင်း၊ မတရားသဖြင့် အသက်မွေးမှုပြုခြင်း၊ အရက်သောက် ဖဲရိုက်၊ အပျော်အပါးလိုက်၊ လက်အောက်ငယ်သားကို နိုင်လိုမင်းထက် နှိပ်စက်တတ်လျှင် သားသမီးတို့လည်း အတုယူ မှားကုန်တတ်၏။ အမိရောအဖပါ အကျင့်စာရိတ္တ ချွတ်ယွင်းလျှင်ကား သားသမီးတို့မှာ အပြောကြမ်း စာရိတ္တကြမ်း ဖြစ်တတ်ကြပါသည်။ သားကောင်းရတနာများ လိုချင်သော မိဘများ အထူးသတိပြုဖွယ်ဖြစ်ပါ၏။

✣ စစ်မြေပြင်၌ ရဲရင့်သောသူကို အလိုရှိကုန်၏။
လျှို့ဝှက်တိုင်ပင်ရာတို့၌ နှုတ်လုံသူကို အလိုရှိအပ်ကုန်၏။
ထမင်း အဖျော်ကောင်း စားသောက်ရာတို့၌ အချစ်ဆုံးသောသူကို အလိုရှိအပ်ကုန်၏။
အခက်အခဲ ကြုံတွေ့ခဲ့သော် ပညာရှိကို အလိုရှိအပ်ကုန်၏။



At the battle-field brave men are needed. In a dispute, a man who can talk well is required. In a feast, the loved one should be prestnt. When there is difficulty in comprehension of a text, a man of learning is needed.

✣ မြစ်တို့သည် ရေကိုမသောက်ကုန် (သူတစ်ပါးအကျိုးသာဖြစ်၏)။ သစ်ပင်သည် အသီးကိုမစား၊ (သူတစ်ပါး အကျိုးသာဖြစ်၏)။ မိုးသည် တစ်ခါတစ်ရံမျှ ကောက်ပင်ကိုမစား၊ (သူတစ်ပါး အကျိုးသာဖြစ်၏)။ သူတော်ကောင်းတို့၏ ဥစ္စာသည်၊ (သူတစ်ပါး အကျိုးသာဖြစ်၏)။



www.burmeseclassic.com

www.burmeseclassic.com



Rivers do not drink water. Trees do not eat fruit. Rain does not fall in paddies. The wealth of the virtuous is for the good of all others.




လောကမှာ မိမိကိုယ်ကျိုးကိုသာ လိုလားသူနှင့် အများအကျိုးကို လိုလားသူ(၂)မျိုး ရှိပါ၏။ အများအကျိုးကို လိုလားသူကို သူတော်ကောင်းဟု ခေါ်ဆိုပါ၏။ ရှားလည်း ရှားပါ၏။

ကိုယ့်အကျိုးသာ ကြည့်သူများသည် "သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ" ဆိုသည့် စကားပုံကို လက်ကိုင်ထားလေ့ ရှိကြပါသည်။ သူ့မှာ အကျိုးရှိမှ သူတစ်ပါးအပေါ် ပြန်မဆိုးပါ။ သူတော်ကောင်းများမှာမူ သူတစ်ပါးက မိမိအပေါ် အကျိုးပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ၊ မိမိက အကျိုးပြုလေ့ရှိပါသည်။ သူကောင်းကောင်း မကောင်းကောင်း၊ ကိုယ်ကကောင်းမှ သူတော်ကောင်းဖြစ်ပါ၏။

✣ စိတ်သဘောထား ယုတ်ညံ့သောသူသည် သူတစ်ပါး၏ နှမ်းစေ့သဖွယ် သေးငယ်သောအပြစ်ကို ရှုမြင်တတ်၏။ အုန်းသီးအလား ကြီးမားသော မိမိ၏အပြစ်ကိုမူ မမြင်တတ်။

Evil- minded person sees other's fault, how ever small as a sesame seed, but does not see his own fault which is as big as a coconut.



စိတ်ရင်းမကောင်းသူသည် သူတပါး၏ အပြစ်မည်မျှပင် သေးစေကာမူ မြင်တတ်၏။ အကျယ်ချဲ့တတ်၏။ သူ့အပြစ်မည်မျှပင် ကြီးသော်



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်း သူမပြင်တတ်ပေ။ တစ်ကိုယ်ကောင်းသမားတို့၏ သဘာဝ ပင်ဖြစ်၏။

မြတ်စွာဘုရားသည် အင်္ဂုတ္တိုရ်ပါဠိတော်၌ သူယုတ်မာ အကြောင်းကို ဤသို့ဟောထားခဲ့ပါ၏။

၁။ သူတပါး၏ ဂုဏ်ကျေးဇူးမဲ့ (မကောင်းကြောင်း)ကို မမေးဘဲနှင့်ပင် ပြောကြားတတ်ပြီး မေးလျှင်ကား ချဲ့ကား၍ပင် ပြောတတ်ခြင်း။

၂။ သူတပါး၏ဂုဏ်ကျေးဇူး(ကောင်းကြောင်း)ကို မမေးလျှင် မပြောဘဲ မေးလျှင် လျှော့ပေါ့၍ပြောခြင်း။

၃။ မိမိ၏ ဂုဏ်ကျေးဇူးမဲ့ (မကောင်းကြောင်း)ကို မမေးလျှင် မပြောဘဲ မေးလျှင် လျှော့ပေါ့ထိန်ချန်၍ပြောခြင်း။

၄။ မိမိ၏ ဂုဏ်ကျေးဇူး (ကောင်းကြောင်း)ကို မမေးဘဲနှင့် ပြောကြား တတ်ပြီး မေးလျှင်ကားချဲ့ကား၍ပြောကြားတတ်ခြင်းစသည့် အင်္ဂါ ရပ်များ ဖြစ်ပါသည်။

✣ ဦးချိုရှိသောသတ္တဝါကို အတောင်ငါးဆယ် ဝေးသောအရပ်မှ ရှောင်ကြဉ်ရာ၏။
မြင်းကို အတောင်တစ်ရာ ဝေးသောအရပ်မှ ရှောင်ကြဉ်ရာ၏။
ဆင်ကို အတောင်တစ်ထောင်ဝေးသောအရပ်မှ ရှောင်ကြဉ်ရာ၏။
မကောင်းသောသူကို အရပ်ဒေသစွန့်ခွာသဖြင့် ရှောင်ကြဉ်ရာ၏။

A hormed animal should be avoided at a distance of fifty cubits, a horse at one hundred cubits, a tusker one thoustand cubits. The bad man should be avoid by leaving the area where he lives.

လူမိုက်ကို အဘယ်ကြောင့် ရှောင်ကြဉ်ရသနည်း၊ လူမိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသင်းဆက်ဆံသူသည် ဘေးအန္တရာယ် အမျိုးမျိုးနှင့် ကြုံတွေ့ရတတ်၏။ ဂုဏ်သတင်းမဲ့ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရတတ်ပါ၏။ ပစ္စုပ္ပန် တမလွန် အကျိုးစီးပွား ပျက်ပြားဆုတ်ယုတ်နိုင်ပါ၏။

လူမိုက်သည် နည်းလမ်းမမှန်သော အကျင့်များကို ပြုကျင့်တတ်၏။ မပြုသင့်သည်ကို ပြုလုပ်၏။ မကောင်းမှုကို ကောင်းမှုဟူ၍ ထင်မှတ်တတ်၏။ ကောင်းမွန်စွာ ပြောဆိုသည်ကိုလည်း စိတ်ဆိုးတတ်၏။ ကိုယ်ကျင့်တရားကို နားမလည်၊ ထိုလူမိုက်ကို မတွေ့မမြင်ရခြင်းသည်ကောင်းပါ၏။ ဘုရားလောင်း အကိတ္တိရသေ့ကြီးက သိကြားမင်းကို မိန့်ခဲ့ဖူးပါ၏။



- မိန်းမတို့၏ ဥစ္စာကား အဆင်း။
  ယောကျ်ားတို့၏ ဥစ္စာကား အတတ်ပညာ။
  ရဟန်းတို့၏ ဥစ္စာကား သီလ။
  မင်းတို့၏ ဥစ္စာကား ရဲမက်ဗိုလ်ပါ။

The weath of women is beauty. The wealth of men is education. The wealth of monks is precepts (sila). The wealth of kings is the army.

ရသေ့ ရဟန်းတို့သည် ကြုံလှီမှ တင့်တယ်ကုန်၏။
အခြေလေးချောင်း သတ္တဝါတို့သည် ဆူဖြိုးမှ တင့်တယ်ကုန်၏။
ယောကျ်ားတို့သည် အတတ်ပညာရှိမှ တင့်တယ်ကုန်၏။
မိန်းမတို့သည် လင်ရှိမှ တင့်တယ်ကုန်၏။

It is proper for hermits and monks to be lean. It is proper for four-legged creatures to be plump. It is proper for men to be educated. It is proper for women to be with their husbands.



www.burmeseclassic.com

www.burmeseclassic.com



## မပြစ်မှားကောင်းသည့် ခင်ပွန်းကြီး (၁၀)ပါး



| | | | |
|---|---|---|---|
| ၁။ | ဗုဒ္ဓ | = | ဘုရား |
| ၂။ | ပစ္စေကဗုဒ္ဓ | = | ဘုရားငယ် |
| ၃။ | အရဟာ | = | ရဟန္တာ |
| ၄။ | အဂ္ဂသာဝက | = | မြတ်စွာဘုရား၏ တပည့်ကြီး |
| ၅။ | မာတာ | = | အမိ |
| ၆။ | ပိတာ | = | အဖ |
| ၇။ | ဂုရု | = | အလေးအမြတ်ပြုအပ်သော ဆရာ |
| ၈။ | သတ္ထာ | = | ဆုံးမသောဆရာ |
| ၉။ | ဓမ္မဒေသက | = | တရားဟောပြသူ |
| ၁၀။ | ဒါယက | = | ပေးကမ်းသောသူ |

## ခင်ပွန်းကြီး (၁၀)ပါးကို ပြစ်မှားသူတို့၏ အပြစ်(၁၀)ပါး

၁။ ကြီးမားသော ဝေဒနာမျိုးကိုခံစားရတတ်ခြင်း။

၂။ စည်းစိမ်လျော့ပါးတတ်ခြင်း။

၃။ နေအိမ် မီးလောင်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



၄။ ကျိုးပျက်သော ကိုယ်အင်္ဂါနှင့် သက်တမ်းကုန်ရခြင်း။

၅။ နူနာရောဂါကဲ့သို့ ကုရခက်ခဲသည့်ရောဂါ စွဲကပ်ခြင်း။


၆။ စိတ်ဖောက်ပြန်ကာ ရူးသွပ်ခြင်း။

၇။ မင်းဘေး၊ မင်းဒဏ်သင့်ခြင်း။

၈။ သူတပါး၏ အစွပ်စွဲခံရတတ်ခြင်း။

၉။ ဆွေမျိုးတို့နှင့် ကွဲကွာရတတ်ခြင်း။

၁၀။ ရွှေ၊ ငွေ၊ ကျွဲ၊ နွား ပျက်ပြားတတ်ခြင်း။



## မဂ္ဂင်ရှစ်ပါး

### ပညာမဂ္ဂင်(၂)ပါး (Wisdom)

၁။ သမ္မာဒိဋ္ဌိ (Right understood) = ကောင်းစွာ သိမြင်မှု။


၂။ သမ္မာသင်္ကပ္ပ (Right thought) = ကောင်းစွာ ကြံစည်မှု။

### သီလမဂ္ဂင်(၃)ပါး (Morality)

၃။ သမ္မာဝါစာ (Right speech)
ကောင်းစွာ ပြောဆိုမှု။

၄။ သမ္မာကမ္မန္တ (Right action)
ကောင်းစွာ ပြုလုပ်မှု။

၅။ သမ္မာအာဇီဝ(Right livelihood)
ကောင်းစွာအသက်မွေးမှု။





www.burmeseclassic.com

www.burmeseclassic.com



## သမာဓိမဂ္ဂင်(၃)ပါး (Concentration)

၆။ သမ္မာဝါယာမ (Right effort) = ကောင်းစွာ အားထုတ်မှု။
၇။ သမ္မာသတိ (Right mindfulness)= ကောင်းစွာအောက်မေ့မှု။
၈။ သမ္မာသမာဓိ(Right concentration)= ကောင်းစွာ တည်ကြည်မှု။



## ဗွားဖက်တော် (၇)ပါး

၁။ ညီတော်အာနန္ဒာ
၂။ မဟာဗောဓိပင်
၃။ ကာဠုဒါယီအမတ်
၄။ ယသောဓရာမင်းသမီး
၅။ မြင်းမြီးဆွဲမောင်ဆန်
၆။ ရွှေအိုးကြီး (၄)လုံး
၇။ ကဏ္ဍကစီးတော်မြင်း



## ဣသော မဇ္ဈိမ (မနာလို စန်တိုအပြစ်မို)


မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာခြွေရံစီ။
မပေးလှူက၊ မွဲပြာကျ၊ လှူမှပေါ်ကြွယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြောက်၏၊ ယွင်းဖောက်အလို၊ ဝန်မတိုနှင့်၊ သူ့ကိုဂုဏ်နှိမ့်၊ ကိုယ့်ဂုဏ်နိမ့်၏၊ စည်းစိမ့်အရာ၊ သူ့ချမ်းသာ၍၊ ဣဿာမပြု၊ ဝမ်းမြောက်ရှုလော့၊ သူ့ကိုစောင့်မှ သူကကိုယ့်ကို၊ ကြည်ညိုမေတ္တာ၊ စောင့်နိုင်ရာ၏။ (မဃဒေဝ၊ ၁၉၆-၇)



သဒ္ဓါမရှေး၊ မပေးမလှူ၊ မုန်းဆေးဟူ၏၊ ပေးလှူတတ်သော်၊ ချစ်ဆေးကျော်သည့်၊ လူ့ဘော်ဌာန၊ ဤလောက၌၊ စိတ်ကကြည်စွာ၊ စေတနာနှင့်၊ သဒ္ဓါဝမ်း တွင်း၊ ပေးကမ်းခြင်းကား၊ ရခြင်းထက်သာ၊ ဝမ်းမြောက်စွာသည်၊ မင်္ဂလာ လွန်မြတ်၊ ဖြစ်သတတ်။ (မဃဒေဝ၊ ၁၉၆-၇)

## ကံနှင့်ကံ၏အကျိုးပေးများ

ကံဆိုသည်မှာ ပါဠိဘာသာကမ္မမှဖြစ်လာသော မြန်မာ ဝေါဟာရ ဖြစ်သည်။ ပြုလုပ်ခြင်းဟု အဓိပ္ပါယ်ရသည်။ ထိုပြုလုပ်ခြင်း ဟူသော ကံသည်-



(က) ကိုယ်ဖြင့်ပြုလုပ်ခြင်း၊ (ကာယကံ)
(ခ) နှုတ်ဖြင့်ပြောဆိုခြင်း၊ (ဝစီကံ)
(ဂ) စိတ်ဖြင့်ကြံစည်ခြင်း၊ (မနောကံ)

ဟူ၍ (၃)မျိုးရှိသည်။ ထိုသုံးမျိုးသည်စေတနာ အရင်းခံ၍ ဖြစ်ပေါ်လာရသောကြောင့် စေတနာကို ကံဟုခေါ်သည်။


www.burmeseclassic.com

www.burmeseclassic.com



## ကမ္မဿကတာဉာဏ်

လောက၌ လူများသာမက အလုံးစုံသော သတ္တဝါဟူသမျှ တို့သည်-



- ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကုန်၏။
- ကံသာလျှင် အမွေအနှစ် ရှိကုန်၏။
- ကံသာလျှင် အဆွေအမျိုး ရှိကုန်၏။
- ကံသာလျှင် အဆွေခင်ပွန်း ရှိကုန်၏။
- ကံသာလျှင်ကိုးကွယ် အားထားရာရှိကုန်၏။
- ကံသည်ပင်လျှင် သတ္တဝါဟူသမျှတို့ကိုအယုတ် အလတ်အမြတ်စသည် ထူးခြားကွဲပြားအောင် စီမံ ဖန်တီးပေးတတ်၏။

ဤသို့ "ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၊ မိမိပြုလုပ်သော ကံမှတပါး လောကကြီးအား စီမံဖန်တီးသူမရှိ" ဟု သိသောဉာဏ်သည် ကမ္မဿကတာဉာဏ်ဖြစ်သည်။ ထိုသို့ သိမှတ်ယုံကြည်ခြင်းကို ကမ္မဿကတာ သမ္မာဒိဋ္ဌိဟုလည်းခေါ်သည်။

## ကုသိုလ်ကံ



ကုသိုလ်ကံဆိုသည်မှာ အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကို ပေးခြင်းသဘောရှိ၏။ (ကုသိုလ်ကောင်းမှု တစ်စုံတစ်ရာပြုလုပ်နေချိန်၌ လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယစသော စိတ်၏ အညစ်အကြေး အပြစ်အနာအဆာများ



www.burmeseclassic.com

www.burmeseclassic.com



မရှိသဖြင့်''အပြစ်မရှိ''ဟု ဆိုလိုသည်။) ကုသိုလ် ကောင်းမှု ပြုနေသောသူသည် ကောင်းသောအမှုကို ပြုနေရသည့် အတွက် ဤဘဝ၌လည်း ဝမ်းသာရွှင်ပျ ချမ်းသာရ၏။ တမလွန်ဘဝ၌လည်း ကောင်းသောအကျိုးကို ခံစားရသောကြောင့် ဝမ်းသာရွှင်ပျ ချမ်းသာရ၏။

ထိုကုသိုလ်ကံသည် ကာယကံကုသိုလ်၊ ဝစီကံကုသိုလ်၊ မနောကံကုသိုလ်ဟူ၍ သုံးမျိုးရှိသည်။

## အကုသိုလ်ကံ



အကုသိုလ်ကံဆိုသည်မှာ အပြစ်ရှိခြင်း၊ မကောင်းသောအကျိုးကို ပေးခြင်းသဘောရှိသည်။ မကောင်းမှုပြုသောသူသည်မကောင်းမှုပြုသည့်အတွက် ဤဘဝ၌လည်း ဆင်းရဲဒုက္ခအမျိုးမျိုး ရရှိခံစားရသည်။ တမလွန်ဘဝ၌လည်း ငရဲကျခြင်းစသော မကောင်းကျိုးများ ခံစားရသည်။

ထိုအကုသိုလ်ကံသည်လည်း ကာယကံအကုသိုလ်၊ ဝစီကံအကုသိုလ်၊ မနောကံအကုသိုလ်ဟူ၍ သုံးမျိုးရှိသည်။

သတ္တဝါတို့သည် ထိုမိမိတို့ ပြုလုပ်သော ထိုကောင်းကံ ဆိုးကံအတိုင်းသာ စံကြရ ခံကြရသည်။ ထိုကံ အကျိုးပေးမှုကို တမျိုးတမည်ဖြစ်အောင် မည်သည့်တန်ခိုးရှင်ကမှ ပြုပြင်ပြောင်းလွဲဖယ်ရှား ခုခံနိုင်ခြင်းမရှိ။ မလွဲမသွေ ကေန်မုချ ဖြစ်တတ်သော သဘောရှိ၍ ''နိယာမတရား''ဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကံ ကံ၏အကျိုးပေးကို ပြသောပုံဝတ္ထု အညွှန်းများကို ဆရာ၊ ဆရာမများသင်ကြားရာ၌ အထောက်အကူဖြစ်နိုင်ရန် ဆက်လက်ဖော်ပြထားပါသည်။

## ဓမ္မရုစိယတ္ထေရဝတ္ထု

ဤဝတ္ထု၌ ဓမ္မရုစိယမထေရ်လောင်းလျာသည် မိတ်ဆွေယုတ်နှင့် ပေါင်းဖော်မိပြီး အမိကိုပင် သတ်ခဲ့ပုံ၊ အာနန္တရိယကံကို ကျူးလွန်ခဲ့မိကာ အဝီစိငရဲ၌ ကျရောက်ခဲ့ရပုံ၊ မိတ်ဆွေယုတ်နှင့် မပေါင်းသင်းမိရေးဘဝအဖို့၌ သုမေဓာရှင်ရသေ့နှင့် အလွန်အကျွမ်းဝင်ကာ အတူတကွ ရသေ့ရဟန်းပြုခဲ့ကြပုံ၊ ဤဘဒ္ဒကမ္ဘာ၌ မဟာသမုဒ္ဒရာအတွင်း ယူဇနာတစ်ထောင်မျှ ကြီးမားသော တိမိင်္ဂလငါးကြီးဘဝ ရောက်ရှိစဉ် လှေသင်္ဘောတစ်စီးအား အစာအမှတ်ဖြင့် စားသောက်ရန် ချဉ်းကပ်သွားရောက်ခဲ့ပုံ၊ လှေသားများက ကြောက်လန့်ပြီး "ဂေါတမဘုရားရှင် ကယ်တော်မူပါ"စသည်ဖြင့် အော်ဟစ်ပြောဆိုသံများကို ကြားခဲ့ရသဖြင့် ရှေးဘဝဖြစ်စဉ်များကို အောက်မေ့သတိရပြီး ဖဲရှောင်သွားခဲ့ပုံ၊ ထို့နောက် သာဝတ္ထိမြို့ ပုဏ္ဏားမျိုး၌ဖြစ်၍ (၇)နှစ်သားမှာပင် ရဟန်းဝတ်၍ ရဟန္တာဖြစ်ခဲ့ပုံစသော အကြောင်းအရာများပါဝင်သည်။

အကျယ်ကို အပဒါနပါဠိ (တွဲ-၂) (နှာ-၆၈)ကြည့်ရန်။

## ဒုတိယနာဂဝိမာနဝတ္ထု

ဤဝတ္ထု၌ ရာဇဂြိုဟ်မြို့သား ဥပါသကာတစ်ဦးသည် ငါးပါး သီလမြဲ၍ ဥပုသ်နေ့တို့၌ ဥပုသ်သီလဆောက်တည်လေ့ရှိပုံ၊ ရဟန်း

www.burmeseclassic.com



တော်တို့အား လှူဒါန်းပူဇော်၍ တရားနာယူခဲ့သော ကုသိုလ်အစုစု ကြောင့် တာဝတိံသာနတ်ပြည်၌ ဖြစ်ရပုံစသော အကြောင်းအရာများ ပါဝင်သည်။

အကျယ်ကို ဝိမာနဝတ္ထုအဋ္ဌကထာ (နှာ-၂၃၆)ကြည့်ရန်။

## နာဂပေတဝတ္ထု

ဤဝတ္ထု၌ ဗာရာဏသီပြည်၌ မိစ္ဆာဒိဋ္ဌိပုဏ္ဏားလင်မယားအား သား(၂)ယောက်နှင့် သမီး(၁)ယောက်ရှိကြပုံ၊ သံကိစ္စမထေရ်၏ တရား စကားကြောင့် သားသမီးတို့မှာ ဗုဒ္ဓဘာသာဖြစ်လာကြပုံ၊ အသီးသီး ကွယ်လွန်ကြသောအခါ သားသမီးတို့မှာ ဘုမ္မစိုးနတ်များဖြစ်ကာ ဆင် ယာဉ်၊ မြင်းယာဉ်စသည်တို့ဖြင့် လှည့်လည်ရပုံ၊ မိစ္ဆာဒိဋ္ဌိပုဏ္ဏားလင် မယားမှာမူ ကုသိုလ်မပြု သီလမစောင့် ရတနာသုံးပါးတို့ အပေါ်၌ မကြည်ညိုကြသောကြောင့် ကွယ်လွန်သောအခါ ပြိတ္တာကြီးများ ဖြစ်နေ ကြပုံ၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုရှုတ်ချ၊ အပုပ်ချ ကဲ့ရဲ့ပြောဆို ခဲ့သောကြောင့် တစ်ဦးနှင့်တစ်ဦး သံတူကြီးများဖြင့်ထု၍ အနာဖုကြီး များမှ ကွဲကျယိုစီးလာသော သွေးပြည်ပုပ်တို့ကို သောက်၍ နေကြရ ပုံစသော အကြောင်းအရာများပါဝင်သည်။

အကျယ်ကိုပေတဝတ္ထုပါဠိ (နှာ-၁၃၅)နှင့် ပေတဝတ္ထုအဋ္ဌကထာ (နှာ-၅၀)ကြည့်ရန်။

## ပုဏ္ဏာထေရီဝတ္ထု

ဤဝတ္ထု၌ ပုဏ္ဏာထေရီလောင်းလျာသည် ရှေးဘုရားရှင်များ လက်ထက်တော်၌ သီလရှိ၍ ဗဟုသုတကြွယ်ဝသော ဓမ္မကထိက



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သော်လည်း မာနထောင်လွှားခဲ့သဖြင့် မဂ်ဖိုလ်တရားထူးမရပုံ၊ ဂေါတမ မြတ်စွာဘုရားလက်ထက်တော်၌ အနာထပိဏ်သူဌေး၏ အိမ်၌ ကျွန်မဖြစ်၍ မြတ်စွာဘုရားထံမှ သီဟနာဒသုတ်ကို ကြားနာရသဖြင့် သောတာပန်တည်ခဲ့ပုံ၊ မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဏ္ဏားတစ်ယောက်ကို အယူမှန် ရောက်အောင် တရားဟောပြနိုင်ခြင်းကြောင့် ကျွန်မအဖြစ်မှ ကင်းလွတ်ကာ ဘိက္ခုနီဖြစ်၍ ရဟန္တာဖြစ်ခဲ့ပုံ စသော အကြောင်းအရာများ ပါဝင်သည်။

အကျယ်ကို အပဒါနပါဠိ(အတွဲ-၂) (နှာ-၂၉၃)နှင့် ထေရီဂါထာအဋ္ဌကထာ(နှာ-၂၀၇) ကြည့်ရန်။

## ပူတိဂတ္တတိဿထေရဝတ္ထု

ဤဝတ္ထု၌ မထေရ်အလောင်းအလျာသည် ငှက်ဖမ်းဘဝ၌ မုဆိုးဖြစ်စဉ် ဖမ်းမိလာသော ငှက်တို့ကို ရောင်းစားပြီး ကျန်ငှက်တို့ကို ကြာကြာခံစေရန် အတောင်ချိုး၊ ခြေချိုးခဲ့ပုံ၊ ထိုအကုသိုလ်ကံကြောင့် ဤ ဘုရားရှင်လက်ထက်၌ မထေရ်၏ ခန္ဓာကိုယ်၌ အနာကြီးငယ်တို့ ပေါ်ပေါက်လာပုံ၊ သွေးပြည်များ ယိုစီးကျပြီး အရိုးအဆစ်တို့ ကျိုးကြေကွဲ အက်သောဝေဒနာကို ခံစားခဲ့ရပုံစသော အကြောင်းအရာများပါဝင်သည်။

အကျယ်ကို ဓမ္မပဒ-အဋ္ဌကထာ (အတွဲ-၁) (နှာ-၂၀၂) ကြည့်ရန်။

## တိရောကုဋ္ဋပေတဝတ္ထု

ဤဝတ္ထု၌ လွန်ခဲ့သော ၉၂-ကမ္ဘာအထက်၌ ဖုဿဘုရားရှင် ပွင့်တော်မူရာ ညီနောင်သုံးဦးတို့သည် ပစ္စန္တရစ်ကို ငြိမ်းအေးအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ခဲ့သည့်အတွက် ဆုလာဘ်အဖြစ် ဘုရားရှင်အား ဝါတွင်းသုံးလ လုပ်ကျွေးခွင့်ရပုံ၊ မိမိတို့၏ ဇနပုဒ်ခေါင်းဆောင်ကို အလှူအတန်းအတွက် တာဝန်ပေးပုံ၊ အချို့သူတို့က သံဃာ့ပစ္စည်းများကို ယူငင်သုံးဆောင်ပြီး တချို့လူမိုက်တို့မှာ ဆွမ်းစားကျောင်း ပစ္စည်းသိုလှောင်ရာဂိုဒေါင်များကို မီးရှို့ဖျက်ဆီးကြသဖြင့် ထိုလူတို့သေလွန်ကြသော် ငရဲ၌ခံရပုံ၊ ထိုမှလွတ်သော် ဤဘုရားရှင်လက်ထက်တော်အထိ ပြိတ္တာဖြစ်နေကြပြီး ၎င်းတို့၏ဆွေမျိုး ဗိမ္ဗိသာရမင်းကြီး အလှူအတန်းပြုအမျှအတန်းဝေမှကျွတ်လွတ်ကြပုံစသောအကြောင်းအရာများ ပါဝင်သည်။

အကျယ်ကို ပေတဝတ္ထုပါဠိ (နှာ-၁၂၉)နှင့် ပေတဝတ္ထုအဋ္ဌကထာ (နှာ-၁၈) ကြည့်ရန်။

## ဒါသကဝတ္ထုရဝတ္ထု

ဤဝတ္ထု၌ ဒါသကမထေရ်အလောင်း အမျိုးကောင်းသားသည် အဇိတပစ္စေကဗုဒ္ဓါအား စားချင်စဖွယ်ရှိသော သရက်သီးများကို လှူဒါန်းခဲ့ပုံ၊ ကဿပဘုရားရှင် လက်ထက်တော်၌ ရဟန္တာမထေရ်တစ်ပါးအား မထေရ်လောင်းလျာက လူမှုလုပ်ငန်းကိစ္စတစ်ခု ခိုင်းစေခဲ့ဖူးသဖြင့် ဂေါတမဘုရားရှင် လက်ထက်တော်၌ အနာထပိဏ်သူဌေး၏ ကျွန်မဝမ်း၌ ပဋိသန္ဓေတည်ခဲ့ရပုံ၊ အရွယ်ရောက်လာသောအခါ ဇေတဝန်ကျောင်းတော် စောင့်ရှောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ရပုံ၊ သူဌေးကြီးက ကျွန်အဖြစ်မှ လွှတ်ပေးသောအခါ ရဟန်းပြုခဲ့ပုံစသောအကြောင်းအရာများပါဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ခုဇ္ဇုတ္တရာဝတ္ထု

ဤဝတ္ထု၌ ခုဇ္ဇုတ္တရာဥပါသိကာလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရဘုရားရှင် လက်ထက်တော်၌ ဗဟုသုတအရာတွင် ဧတဒဂ်ရရှိသော ဥပါသိကာ အမျိုးသမီးတစ်ဦးကို အားကျ၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကာ ထိုဗဟုသုတ ဧတဒဂ်ရရန် ဆုတောင်းခဲ့ပုံ၊ ကဿပဘုရားရှင်လက်ထက်တော်၌ ရဟန္တာထေရီမတစ်ဦးအား အလုပ်ကိစ္စတစ်ခုကို စေခိုင်းခဲ့မိသဖြင့် ကျွန်မဘဝ အကြိမ်ငါးရာ ဖြစ်ခဲ့ရပုံ၊ တစ်ခုသော အတိတ်ဘဝ၌လည်း ခါးကုန်းသော ပစ္စေကဗုဒ္ဓါတစ်ပါးအား ပြောင်လှောင်ပြက်ရယ်ပြုခဲ့ပုံ၊ ထိုအကုသိုလ်ကံတို့၏ အကျိုးဆက်ကြောင့် ဤဘုရားရှင် လက်ထက်တော်၌ ဃောသကသူဌေးအိမ်တွင် ခါးကုန်းပုကွသော ကျွန်မတစ်ဦး ဖြစ်ခဲ့ရပုံ၊ နေစဉ်နေ့တိုင်း သာမာဝတီမိဖုရားက မိမိအား ပန်းဆက်သရန် ခုဇ္ဇုတ္တရာကို အသပြာရှစ်ကျပ်ပေးခဲ့ပုံ၊ ခုဇ္ဇုတ္တရာကျွန်မက လေးကျပ်ဖိုးသာဝယ်၍ လေးကျပ်ကို ခိုးယူထားလေ့ရှိပုံ၊ တစ်နေ့သောအခါ ပန်းဝယ်သွားစဉ် ဘုရားရှင်၏ တရားတော်ကိုနာကြားရသဖြင့် သောတာပန်တည်သွားပြီး အသပြာလေးကျပ်ကို မခိုးယူတော့ပုံ၊ ထိုအကြောင်းစုံကို သာမာဝတီမိဖုရားအား အမှန်အတိုင်း ပြောပြသဖြင့် ခုဇ္ဇုတ္တရာကို ကျွန်မအဖြစ်မှ ကင်းလွတ်ခွင့်ပေးခဲ့ပုံ၊ ခုဇ္ဇုတ္တရာထံမှ တစ်ဆင့် ဘုရားရှင်၏ တရားတော်ကို နာကြားရသဖြင့် သာမာဝတီနှင့်တကွ အပေါင်းအပါများ သောတာပန်တည်ခဲ့ကြပုံ၊ နောက်အခါ ခုဇ္ဇုတ္တရာသည် တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်၍ ဗဟုသုတဧတဒဂ်ဘွဲ့ ရရှိခဲ့ပုံစသော အကြောင်းအရာများပါဝင်သည်။

အကျယ်ကို ဣတိဝုတ္တကအဋ္ဌကထာ (နှာ-၂၇) ကြည့်ရန်။



www.burmeseclassic.com

www.burmeseclassic.com



## ဂေါဃာတကပုတ္တဝတ္ထု

ဤဝတ္ထု၌ သာဝတ္ထိပြည်ရှိ နွားသတ်သမားတစ်ဦးသည် နေ့စဉ်နေ့တိုင်း နွားများကို သတ်ကာ အမဲသားရောင်းချခြင်းဖြင့် အသက်မွေးမှု ပြုခဲ့ပုံ၊ နွားသတ်သမားသည် အမဲသားဟင်း မပါဘဲ ထမင်းစားလေ့မရှိပုံ၊ တစ်နေ့သောအခါ ထမင်းစားမည်ပြုစဉ် အမဲသား မရှိတော့သဖြင့် အရှင်လတ်လတ် နွားတစ်ကောင်၏ လျှာကိုဖြတ်ကာ မီးကင်၍စားခဲ့ပုံ၊ နွား၏လျှာသားပူပူဖြင့် ထမင်းစားနေစဉ် နွားသတ်သမား၏လျှာ ပြတ်ကျသွားကာ နွားကဲ့သို့ပင် အော်မြည်လျက် သေဆုံးခဲ့ရပုံစသော အကြောင်းအရာများ ပါဝင်သည်။

အကျယ်ကို ဓမ္မပဒအဋ္ဌကထာ (တွဲ–၂) (နှာ–၂၁၃) ကြည့်ရန်။

## အာနန္ဒသေဋ္ဌိဝတ္ထု

ဤဝတ္ထု၌ အာနန္ဒာသူဌေးသည် ကုဋေလေးဆယ်ချမ်းသာ ကြွယ်ဝပါသော်လည်း အလွန်နှမြော တွန့်တိုလွန်းပုံ၊ မူလသိရီမည်သောသားကို ဆွေမျိုးသားချင်းများနှင့်တကွ စုဝေးစေလျက် "ပစ္စည်းဥစ္စာရတနာတွေကို များတယ်ဆိုပြီး မလှူဒါန်းမပေးကမ်း သင့်ကြောင်း၊ အသစ်အသစ်သော စည်းစိမ်ဥစ္စာများကိုသာ ဖြစ်ထွန်းစေသင့်ကြောင်း၊ ခြကိုပုံပြု၊ ပျားလိုစုသင့်ကြောင်း" ဆုံးမသြဝါဒပေးလေ့ရှိပုံ၊ သူဌေးကြီး ကွယ်လွန်သောအခါ ဒွန်းစဏ္ဍာလမျိုး၌ဖြစ်ပြီး လက်၊ ခြေ၊ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်တို့သည် သူ့နေရာနှင့်သူမဟုတ်ဘဲ ကိုယ်အင်္ဂါချို့တဲ့လျက် မြေဘုတ်ဘီလူးလေး တစ်ကောင်ကဲ့သို့ အလွန်အရုပ်ဆိုး အကျည်းတန်စွာ မွေးဖွားလာပုံ၊ မိဘများက မကျွေးမမွေးနိုင်တော့သဖြင့် သွားနိုင်လာနိုင်အရွယ်ရောက်သောအခါ ခွက်တစ်လုံး လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ကာ တောင်းစားရန် လွှတ်လိုက်စဉ် သူဌေးကြီးသား မူလသိရီ သူဌေးအိမ်သို့ ရောက်ရှိသွားပုံ၊ အိမ်စောင့်များ ရိုက်နှက်ပြီး အမှိုက်ပုံ၌ ပစ်ထားစဉ် ဘုရားရှင်တွေ့မြင်တော်မူပြီး မူလသိရီသူဌေးကို ခေါ်စေကာ တရားဟောပုံစသော အကြောင်းအရာများ ပါဝင်သည်။

အကျယ်ကို ထေရဂါထာအဋ္ဌကထာ (တွဲ–၁) (နှာ–၈၅) ကြည့်ရန်။

## ဥတ္တရမာဏဝဝတ္ထု

ဤဝတ္ထု၌ ပါယာသိရာဇညမင်းကြီးသည် ရဟန်းပုဏ္ဏားများနှင့် သူဆင်းရဲ၊ ခရီးသွား၊ သူတောင်းစား စသည်တို့အား ဆန်ကွဲ ထမင်း၊ ပအုံးရည်ဟင်း၊ ဖျင်ကြမ်းအဝတ်အထည်များကို ပေးလှူစေ သောအခါ အလှူတာဝန်ခံဖြစ်သူ ဥတ္တရလုလင်က

"ဤကောင်းမှုကြောင့် ပါယာသိရာဇညမင်းကြီးနှင့် ယခုဘဝ၌သာ တွေ့ဆုံပြီး နောင်တမလွန်ဘဝ၌ မတွေ့ဆုံရပါစေသား"ဟု ဆုတောင်းပုံ၊ မင်းကြီးက အဘယ့်ကြောင့် ဤသို့ ဆုတောင်းရပါသနည်းဟု ဥတ္တရလုလင်အား မေးမြန်းစီစစ်သောအခါ မင်းကြီးကိုယ်တိုင် သုံးဆောင်ရန်မဆိုထားဘိ၊ ခြေဖြင့်ပင်မတို့ချင်သော ထိုအစားအသောက်နှင့်အဝတ်အထည်များကို ပေးလှူနေရသဖြင့် စိတ်မချမ်းသာသောကြောင့် ဤကဲ့သို့ ဆုတောင်းကြောင်း လျှောက်ထားပုံ၊ ထို့နောက် မင်းကြီးက မိမိသုံးဆောင်သည့် အစားအသောက် အဝတ်အထည်မျိုးကိုသာ ပေးလှူသဖြင့် သေလွန်သောအခါ ဥတ္တရလုလင်သည် အလှူဒါနကို ရိုရိုသေသေဖြင့် ပြုလုပ်သောကြောင့် တာဝတိံသာ နတ်ပြည်၌ဖြစ်ပြီး ပါယာသိရာဇမင်းကြီးသည် မရိုမသေ ပြုလုပ်ခဲ့သောကြောင့် စာတုမဟာရာဇ်ဘုံ၌သာ ဖြစ်ရပုံစသော အကြောင်းအရာများ ပါဝင်သည်။

အကျယ်ကို မဟာဝဂ္ဂပါဠိ (ဒီဃနိကာယ) (နှာ–၂၈၀) ကြည့်ရန်။



www.burmeseclassic.com

www.burmeseclassic.com



## ဃောသိတသေဋ္ဌိဝတ္ထု


ဤဝတ္ထု၌ ဃောသိတသူဌေးလောင်းသည် သားမယားနှင့်တကွ အငတ်ဘေးကြောင့် အစာရလွယ်သောအရပ်သို့ ခရီးသွားစဉ် မိမိသားအရင်းကို မသယ်ဆောင်နိုင်သဖြင့် စွန့်ပစ်ခဲ့ရပုံ၊ သေလွန်သော် ခွေးဖြစ်၍ မိမိသခင် နွားကျောင်းသား၏ ကိုးကွယ်ရာဖြစ်သော အရှင်ပစ္စေကဗုဒ္ဓါအား နူးညံ့သောစိတ်ဖြင့်စောင့်ရှောက်ခဲ့ပုံ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းစားပင့်ခြင်း၊ လမ်းခရီး၌ကြမ်းတမ်းသော သားကောင်တို့ကို ပြေးစေရန် အသံပေးခြင်းတို့ကိုပြုခဲ့ပုံ၊ ထိုကောင်းမှု တို့ကြောင့် သေလွန်သော် နတ်ပြည်၌ဖြစ်ရပုံ၊ ဃောသက နတ်သားဟု အမည်တွင်လျက် နတ်ပြည်မှ စုတေသော် ကောသမ္ဗီမြို့၌ ဖြစ်ရပုံ၊ သားသမီးမရှိသော သူဌေးကြီးက သားအဖြစ်မွေးစားပုံ၊ ထိုဃောသိတသူဌေးအလောင်း သည် ဘုန်းကံရှိသူ ဖြစ်သောကြောင့် ခုနစ်ကြိမ်တိုင်အောင်သေကြောင်းကြံခံရပါလျက် အသက်မသေဘဲ နောက်ဆုံး၌ သူဌေးသမီးတစ်ဦး၏ ထက်မြက်သောဉာဏ်စွမ်းကြောင့် အသက်ရှည်ခဲ့ရပုံ၊ နောင်၌ မွေးစားဖခင် သူဌေးကြီးကွယ်လွန်ပြီးနောက် ဃောသိတသူဌေးဖြစ်ခဲ့ပုံ၊ ဟိမဝန္တာမှ ကြွလာသော ရသေ့ငါးရာတို့သည် အနာထပိဏ်သူဌေး၏ အလုပ်အကျွေးဖြစ်ခဲ့ဖူးသော ရုက္ခစိုးနတ်၏ ပြောဆိုချက်ကြောင့် ဘုရားပွင့်တော်မူကြောင်းသိရှိကာ ဒါယကာသူဌေးတို့အားပြောကြားပုံ၊ ကောသမ္ဗီရှိ သူဌေးသုံးဦးတို့ မြတ်စွာဘုရားအား ကျောင်းဆောက်၍ လှူဒါန်းခဲ့ကြပုံစသော အကြောင်းအရာများ ပါဝင်သည်။

အကျယ်ကို မူလပဏ္ဏာသအဋ္ဌကထာ (တွဲ–၂) (နှာ–၂၈၈)နှင့် သာရတ္ထဒီပနီ–ဋီကာ (တွဲ–၂) (နှာ–၃၃၈) ကြည့်ရန်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ရည်ညွှန်းကိုးကားသည့် ကျမ်းညွှန်း


၁။ အပဒါနပါဠိ
၂။ မဟာဝဂ္ဂပါဠိ (ဒီဃနိကာယ)
၃။ မူလပဏ္ဏာသအဋ္ဌကထာ
၄။ အင်္ဂုတ္တရဋ္ဌကထာ
၅။ ဓမ္မပဒအဋ္ဌကထာ အတွဲ (၁) (၂)
၆။ ဥဒါနအဋ္ဌကထာ
၇။ ဣတိဝုတ္တကအဋ္ဌကထာ
၈။ သုတ္တနိပါတအဋ္ဌကထာ
၉။ ဝိမာနဝတ္ထု၊ အဋ္ဌကထာ
၁၀။ ပေတဝတ္ထုပါဠိ၊ အဋ္ဌကထာ
၁၁။ ထေရဂါထာအဋ္ဌကထာ
၁၂။ ထေရီဂါထာအဋ္ဌကထာ
၁၃။ ဇာတကအဋ္ဌကထာ အတွဲ (၁) (၂) (၃) (၄) (၅) (၆) (၇)
၁၄။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ
၁၅။ ပါရာဇိကကဏ္ဍအဋ္ဌကထာ အတွဲ (၁)
၁၆။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ
၁၇။ သာရတ္ထဒီပနီဋီကာ
၁၈။ မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင် ပထမတွဲ (ဒုတိယပိုင်း) ၁၉၈၇ခု
၁၉။ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဘာသာသင်ခန်းစာ၊ အမှတ်(၂၆)ကျမ်းစာ
၂၀။ အရှင်ကောသလ္လ၏ ဗုဒ္ဓဘာသာယဉ်ကျေးမှု ရှုမှတ်ဖွယ် (၁၉၇၅)
၂၁။ မကွေးဆရာတော်ဘုရားကြီး၏ လူငယ်များအတွက် အခြေပြု ဗုဒ္ဓဘာသာ
၂၂။ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း အငယ်တန်း၊ အကြီးတန်း ရှင်ကျင့်ဝတ် ပဏ္ဍိတာရာမ၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ




www.burmeseclassic.com

www.burmeseclassic.com




၂၃။ ဆယ်စောင်တွဲသင်တန်း ဦးပညာသာမိ (မာဂဓီ သာစည်)
၂၄။ ဟိတရေဆရာတော်၏ ဟိတရေ သင်တန်းလက်စွဲ
၂၅။ မန္တလေးမြို့ ရေတံခွန်တောင်ဆရာတော်၏ ဗုဒ္ဓဘာသာ
ယဉ်ကျေးမှုသင်တန်းစာအုပ်
၂၆။ ပိဋကဝတ္ထုလမ်းညွှန်
၂၇။ ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်
၂၈။ ဗုဒ္ဓဘာသာတရားတော် (အထက်တန်းအဆင့်) သာသနာရေးဌာန
၂၉။ ဗုဒ္ဓဘာသာတရားတော် (အဆင့်မြင့်) သာသနာရေးဝန်ကြီးဌာန
၃၀။ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာ၊ သာသနာရေးဝန်ကြီးဌာန
၃၁။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာထွန်းပြန့်ဦးစီးဌာန
၃၂။ စာရိတ္တနှင့်ပြည်သူ့နီတိ (သူငယ်တန်းမှ စတုတ္ထတန်းထိ)
၃၃။ စာရိတ္တနှင့်လောကနီတိ (ပဉ္စမတန်းမှ ဒသမတန်းထိ)
၃၄။ ကျောင်းသုံးပြည်သူ့နီတိ ဦးစံထား
၃၅။ ပြည်သူ့နီတိ (ပထမအုပ်) ဦးဘဘော
၃၆။ ပြည်သူ့နီတိနှင့် ကျန်းမာခြင်းပညာ ဆရာဦးအုန်းမောင်
၃၇။ ဗုဒ္ဓ၏ လူမှုရေးလမ်းညွှန်များ၊ မောင်အုံ့မဟာဝိဇ္ဇာ (ဘုံဘော)
၃၈။ 2500 Years of Buddhism, by. Ministry of Information
and Broadcasting, Govermment of India.
၃၉။ ဆုံးမစာပေါင်းချုပ်ကြီး မာဃာဝ
၄၀။ ဓမ္မဗျူဟာ ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ (၂၀၀၈ခုနှစ်၊ ဒီဇင်ဘာလ)
၄၁။ ရင်နှင့်သည်းချာ နိုင်ငံ့ရတနာ ဆုံးမစာများ၊ အခြေခံပညာ ဦးစီးဌာန
၄၂။ သုခမှတ်စု၊ ဆဌမအကြိမ် (၁၉၉၇)
၄၃။ အယ်ဒီတာတစ်ဦး၊ ဓမ္မအလင်းသစ်ရသစာစုများ၊ (အပိုင်း-၂)
၄၄။ ဒေါက်တာဦးကံညွှန့်၏ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သောအချက်များ
၄၅။ ဦးစိန်ထွန်း (မာမက-သုတေသီ)၏ ကမ္ဘာ့ပတ်၍တရားရှာခြင်း




www.burmeseclassic.com

www.burmeseclassic.com



## ဘုန်းတော်ကြီးကျောင်းများ၌ ဓမ္မကျောင်းတော်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ကော်မတီဖွဲ့စည်းပုံ



Hello!
သမီးတို့လိမ္မာယဉ်ကျေးချင်ပါတယ်။
ဒါကြောင့် သမီးတို့ဆီမှာ ဓမ္မကျောင်းတော် ဖွင့်ချင်လို့ပါရှင့်၊
လာမယ့်တနင်္ဂနွေ
ကျောင်းပိတ်ရက်မှာ ဖွင့်ပေးပါနော်...

ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝှမ်း ရပ်ကွက် ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ ရက်သတ္တတစ်ပတ်လျှင် ရုံးပိတ်ကျောင်းပိတ်သည့် တနင်္ဂနွေ နေ့တိုင်း နွေ မိုး ဆောင်း တစ်နှစ်ပတ်လုံး ဓမ္မကျောင်းတော်များ ဖွင့်လှစ်ကာ ပို့ချသင့်ပါသည်။ နိုင်ငံတော်၏ အနာဂတ်ကို ပိုင်ဆိုင်ထားကြသည့် ဗုဒ္ဓဘာသာဝင် လူငယ်မောင်မယ်တို့အား ဓမ္မကျောင်းတော် ဖွင့်လှစ်ထားသည့် ဘုန်းတော်ကြီး ကျောင်းသို့ ရောက်လာခြင်းအားဖြင့်

၁။ ဗုဒ္ဓဘာသာဝင် လူငယ်မောင်မယ်များ ငယ်ရွယ်စဉ် ကလေးဘဝကပင် ဘုန်းတော်ကြီး ကျောင်းများနှင့် ရင်းရင်းနှီးနှီး ရှိလာနိုင်ပါသည်။

၂။ သာသနာတော်၏ဗဟိဒ္ဓအသွင်အပြင်ဖြစ်သည့် ဘုရားကျောင်းကန်စေတီ ပုထိုးစသည်တို့ကို ဖူးတွေ့ရဖန်များလာလျှင် ငယ်ရွယ်သည့် လူငယ်များ၏ ရင်ထဲ ဗုဒ္ဓသာသနာတော်ကို ချစ်မြတ်နိုးစိတ်များ နိုးကြားလာနိုင်ပါသည်။

၃။ ဓမ္မကျောင်းတော်ကို တက်ရောက်လာကြသည့် လူငယ်မောင်မယ်တို့သည် ဆရာတော် သံဃာတော်များထံပါးမှ ဗုဒ္ဓသာသနာတော်၏အနှစ်ဖြစ်သည့်ဩဝါဒစကားများကို အပတ်စဉ် နာကြားခွင့် ရရှိနိုင်သောကြောင့် ဓမ္မစကား ကြားဖန်များက စိတ်ထားဖွေးလက်ပြီး အသိဉာဏ် ထက်လာနိုင်ပါသည်။

၄။ သင်ကြားပို့ချပေးမည့် ဆရာ၊ ဆရာမများအဖို့လည်း သင်ကြားရင်း၊ ပို့ချရင်း၊ လေ့လာရင်းဖြင့် ဘာသာသွေး ရဲလာနိုင် ပါသည်။

၅။ ဆရာ၊ဆရာမများ၌ ယဉ်ကျေးမှုသင်ခန်းစာ ပို့ချမှု၌ အခက်အခဲတစုံတရာ ကြုံတွေ့လာပါက ဆရာတော်များမှ ချက်ခြင်း ကူညီပြသ ဖြေရှင်းပေးနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၆။ သင်ခန်းစာပို့ချမှု၌ ထေရဝါဒမူနှင့်မကိုက် ညီသည်များ အမှတ်မထင် တစုံတရာ ပါရှိလာပါကလည်း ဆရာတော်ဘုရားကြီးများမှ အချိန်မီ ပြင်ဆင်ပေးနိုင်မည်ဖြစ်ပါသည်။


၇။ သင်ခန်းစာပို့ချပြီးချိန်၌ ဆရာ၊ ဆရာမ များမှ ဆရာတော်များထံပါး ဩဝါဒခံယူနိုင်မည်ဖြစ်သဖြင့် ရှေ့တစ်ပတ် သင်ခန်းစာ အတွက် ပြင်ဆင်ပြီး ဖြစ်နိုင်ပါသည်။

၈။ သင်တန်းတက်ရောက်လာသည့် လူငယ် များအား အလှူရှင်၊ စေတနာရှင်များမှ အစာ အာဟာရ ကျွေးမွေးရာ၌လည်း အစဉ်အလာအရ ဘုန်းတော်ကြီး ကျောင်းများ၌ ချက်ပြုတ်ပြင်ဆင်ရသဖြင့် ပြည့်စုံ လွယ်ကူမှု ရှိနိုင်ပါသည်။

၉။ အကြောင်းကြောင်းကြောင့် ကံဆိုးမိုးမှောင် ကျ၍ ကျောင်းနေခွင့် မရှိရှာသဖြင့် စာသင်ကျောင်းသို့မသွားဝံ့တော့သည့်ရပ်ရွာမှကလေးသူငယ်များရှိကြပါသည်။ ဘုန်းတော်ကြီးကျောင်း၌ဖွင့်လှစ်သည့် ဓမ္မကျောင်းတော်ကို သူတို့တက်ရောက်ခွင့် ရရှိလာနိုင်တော့မည်။

၁၀။ ရပ်ရွာများမှ ဘုန်းတော်ကြီးကျောင်းများ အနေဖြင့် မိမိတို့၏ ဆွမ်းဒါယကာ၊ ဒါယိကာမတို့၏ ရင်သွေးငယ်များကို လိမ္မာ ယဉ်ကျေးလာစေရန် ဆုံးမ သွန်သင်ခွင့် ရှိနိုင်လာပါမည်။

ရပ်ကွက်၊ ကျေးရွာ ဓမ္မကျောင်းတော် ဖြစ်မြောက်ရေး အဖွဲ့ ဖွဲ့စည်းပုံ




## (က) ဩဝါဒါစရိယ ရွေးချယ်ခြင်းနှင့် လုပ်ငန်းတာဝန်များ

ရဟန်းရှင်လူတို့ လေးစားအပ်သော ဆရာတော်ကြီးများကို ဩဝါဒါစရိယဆရာတော်အဖြစ် ခန့်အပ်ထားရမည်။ ဩဝါဒါစရိယ ဆရာတော်တို့သည် ဓမ္မကျောင်းတော် ဖြစ်မြောက်ရေးအဖွဲ့ လုပ်ငန်းဆောင်တာများနှင့် ပတ်သက်၍ ထိုအပ်လျှင်လိုအပ်သလို လမ်းညွှန်ဩဝါဒများ ပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



## (ခ) နာယကလူကြီးများ ရွေးချယ်ခြင်းနှင့် လုပ်ငန်းတာဝန်များ

လူပညာရှိများကို နာယကအဖြစ်တင်မြှောက်ရပါမည်။ ထိုပုဂ္ဂိုလ်တို့သည် နာယကဂုဏ်နှင့် ပြည့်စုံ၍ အများလေးစား ယုံကြည် ရလောက်သော ပုဂ္ဂိုလ်ဖြစ်ရပေမည်။

နာယကသည် ဓမ္မကျောင်းတော်ဖြစ်မြောက်ရေး အလုပ်အမှုဆောင် အဖွဲ့အစည်းအဝေးများတွင် အခါအခွင့်သင့်တိုင်း ပူးပေါင်း ပါဝင်နိုင်ရမည်။ အဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာများနှင့်ပတ်သက်၍ လိုအပ်လျှင်လိုအပ်သလို အကြံဉာဏ်များ ပေးနိုင်ရမည်။ ဓမ္မကျောင်းတော်များ အဆက်မပြတ် ကာလရှည်ကြာ မိမိတို့ရပ်ကွက် ကျေးရွာများ၌ ဆက်လက်ရပ်တည် နိုင်စေရန် ထိန်းသိမ်း စောင့်ရှောက်ရပါမည်။

## (ဂ) အလုပ်အမှုဆောင် ရွေးချယ်ခြင်းနှင့် လုပ်ငန်းတာဝန်များ

ဓမ္မကျောင်းတော်များ ဒေသအနှံ့ပျံ့နှံ့စေလိုသော စိတ်ထားရှိသော လုပ်ငန်းခွင်တွင် လိုအပ်ပါက အချိန်ပေး လုပ်ဆောင်နိုင်သော အနစ်နာခံလိုသော ကိုယ်ကျိုးကိုမရည်မျှော် အများအကျိုးကို ပြုလုပ်ရန် စိတ်အားထက်သန်သော သင်ကြားရေးတွင် စိတ်ဝင်စားသော စည်းရုံးရေးတွင် ပါဝင်ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်များကို အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ရပါမည်။

## (ဃ) ဓမ္မကျောင်းတော်၏ ကျောင်းအုပ်

ရပ်ကွက်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဖွင့်လှစ်မည့် ဓမ္မကျောင်းတော်များ၏ ကျောင်းအုပ်တာဝန်ကို ကျောင်းထိုင်ဆရာတော်မှ လည်းကောင်း (သို့) ကျောင်းထိုင်ဆရာတော်မှ တာဝန် ပေးအပ်သည့် သံဃာတော် တစ်ပါးမှ လည်းကောင်း တာဝန်ယူရပါမည်။

## (င) ဓမ္မကျောင်းတော်၌ ပို့ချပေးမည့် ဆရာ ဆရာမများ

ဓမ္မကျောင်းတော်၏ ဆရာ၊ ဆရာမအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသူသည် (Volunteer) လုပ်နိုင်သူဖြစ်သင့်ပါသည်။ တာဝန်ပေးအပ်မည့် ဆရာ၊ ဆရာမများအား ရက်တိုသင်တန်းများ တက်ရောက်စေသင့်ပါသည်။ ထိုဆရာဖြစ် သင်တန်းဆင်းပြီး ဆရာ၊ ဆရာမကိုအသိအမှတ်ပြု(Certificate)တစ်ခုခုပေးအပ်သင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# တနင်္ဂနွေဓမ္မကျောင်းတော် မြို့နယ်ကော်မတီနှင့် ရပ်ကွက် ကျေးရွာကော်မတီတို့၏ လုပ်ငန်းတာဝန်များ

## နိဒါန်း



တိုင်းပြည်၏ အနာဂတ်ကို ပိုင်ဆိုင်ထားကြသည့် လူငယ် မောင်မယ်များ ထေရဝါဒပိဋကတ်တော်လာ အဆုံးအမများဖြင့် စာရိတ္တ မဏ္ဍိုင် မြင့်မားကာ အမျိုးဘာသာ၊ သာသနာကို ချစ်မြတ်နိုးတတ်သည့် လူတော်လူကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အနှံ့အပြား၌ ဓမ္မကျောင်းတော်များ ဖွင့်လှစ်နေခြင်း ဖြစ်ပါသည်။

ထေရဝါဒပိဋကတ်တော်လာ ဒေသနာတော်ဆိုင်ရာ သင်ခန်းစာများ ပြည့်စုံမှန်ကန်မှုကို ဆရာတော် သံဃာတော်များကသာ သွန်သင်လမ်းညွှန် ပေးနိုင်ပါသည်။ ထို့ကြောင့် ဓမ္မကျောင်းတော်၌ တာဝန်အဆင့်ဆင့် ယူထားကြသည့် လူပုဂ္ဂိုလ်များသည် ဆရာတော်၊ သံဃာတော်များထံပါး အခါမလပ် လျှောက်ထားတောင်းပန်ကာ ဩဝါဒခံယူရန် အထူး လိုအပ်ပါသည်။



သင်ကြား သင်ယူမှု နည်းစနစ်များသည် ယခင်ကာလများနှင့် မတူ (Information Technology) နည်းပညာဖြင့် ကမ္ဘာကို ရွာပြုကာ အရှိန်အဟုန်ဖြင့် တိုးတက် ပြောင်းလဲ၊ ပြောင်းလဲသော



www.burmeseclassic.com

www.burmeseclassic.com



သွားနေပါသည်။ ဤ(Process) ဖြစ်စဉ်ကြီးကို မျက်ခြည်ပြတ်၍ မဖြစ်ကောင်းပေ၊ အကြောင်းမှာ ယနေ့ခေတ် လူငယ်များသည် ထိုရေစီးကြောင်း၌ မျောပါနေသဖြင့် သူတို့နှင့် လိုက်လျောညီထွေသည့် သင်ကြားသင်ယူမှု နည်းစနစ်ကို အသုံးမပြုနိုင်ပါက သူတို့နားလည် လက်ခံနိုင်ကြတော့မည် မဟုတ်ပေ။ အဆင့်အတန်း မြင့်မားသည့် ဗုဒ္ဓစာပေကိုပင် ယနေ့လူငယ်များက အထင်သေးလာနိုင်စရာ ရှိသည်ကို ကြားသိ မြင်တွေ့နေရပါသည်။

ထို့ကြောင့် ကျောင်းသား လူငယ်များကို ဗုဒ္ဓ၏စာပေလာ အဆုံးအမကောင်းများ သင်ကြားပေးရာတွင်လည်း အပြည်ပြည်ဆိုင်ရာ စာသင်ကျောင်းများ၌ အတည်ပြုပြဋ္ဌာန်းကာ သင်ကြားနေသည့် Child-Centre Approach (CCA) အဆင့်မြင့် နည်းများဖြင့် မဖြစ်မနေ သင်ကြားပေးရတော့မည် ဖြစ်ပါသည်။ သို့မှသာ ဗုဒ္ဓဘာသာ ရင်သွေးငယ်များ၏ရင်ထဲထဲရဝါဒပိဋကတ်တော်လာ ယဉ်ကျေးလိမ္မာစေမည့် အဆုံးအမများ ကာလတိုအတွင်း ခံယူရရှိကြပေတော့မည်။

နေပြည်တော် လယ်ဝေးမြို့နယ် ရန်ကင်းတောရ ပရိယတ် ပဋိပတ် ဌာန၊ ဓမ္မကျောင်းတော် ဆရာ၊ ဆရာမ မွမ်းမံသင်တန်း အပတ်စဉ်တိုင်း၌ပင် (CCA) သင်ကြားနည်းကို အသုံးပြုနိုင်ရန် ထိရောက်သော နည်းလမ်းများဖြင့် သင်ကြားပြသပေးရုံသာမက လက်တွေ့ပါဝင်စေကာ နည်းစနစ်များ ဖြန့်ဖြူးပေးလျက် ရှိပါသည်။ ခေတ်မီ သင်ကြားနည်းစနစ်ဖြစ်သော (CCA) ဖြင့် ဆရာ၊ ဆရာမများက ဗုဒ္ဓဘာသာ ရင်သွေးငယ်များအား ယဉ်ကျေးမှုသင်ခန်းစာကို ရပ်ကွက် ကျေးရွာများတွင် ဖွင့်လှစ်မည့် ဓမ္မကျောင်းတော်များ၌ သင်ကြားနိုင်ရေးကိုမူ မြို့နယ် ရပ်ကွက် ကျေးရွာကော်မတီတို့က ပါဝင်ကူညီ ဆောင်ရွက်ပေးရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



## မြို့နယ် ဓမ္မကျောင်းတော်ကော်မတီ၏ လုပ်ငန်းတာဝန်များ

၁။ ရပ်ကွက် ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဓမ္မကျောင်းတော် ဖွင့်လှစ်နိုင်ရေးအတွက် ဩဝါဒါစရိယဆရာတော်များ၊ နာယကလူကြီးများ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်တို့ ပါဝင်သည့် ခိုင်မာသော ဓမ္မကျောင်းတော် ဖြစ်မြောက်ရေး ကော်မတီကို စနစ်တကျ ဖွဲ့စည်းပေးရမည်။

၂။ ဓမ္မကျောင်းတော်ဖွင့်လှစ်မည့် ရပ်ကွက်၊ ကျေးရွာအနေအထား ဘုန်းတော်ကြီးကျောင်းများ၏ အခြေအနေတို့သည် ဖွင့်လှစ်တော့မည့် ဓမ္မကျောင်းတော်များ ကောက်ရိုးမီးပမာ မဖြစ်စေရန် လိုအပ်ပါသည်။ ထို့ကြောင့် ဓမ္မကျောင်းတော် ရေရှည်တည်တံ့ရေး ဆန်းစစ်သုံးသပ်ချက် စာတမ်း(နှာ-၁၃၅မှ၁၄၀)ပါ အကြံပြုချက်များအတိုင်း စနစ်တကျ စိစစ်ရပါမည်။ ထို့နောက်အသင့်လျော်ဆုံးဌာန၌ ဖွင့်လှစ်နိုင်ရန် ဓမ္မကျောင်းတော် မြို့နယ်ဩဝါဒါစရိယဆရာတော်၏ အတည်ပြုချက်ဖြင့် ဆုံးဖြတ်ရမည်။

၃။ ဩဝါဒါစရိယဆရာတော်ထံပါး အခါအားလျော်စွာ ဩဝါဒ ခံယူရန်နှင့် မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အခါအားလျော်စွာ ကျင်းပရပါမည်။ တစ်လတစ်ကြိမ် သို့မဟုတ် နှစ်လတစ်ကြိမ် ကျင်းပရမည်။ သုံးလထက် မကျော်လွန်စေရ။

၄။ ဓမ္မကျောင်းတော်၌ သင်ကြားရေး ဆရာ၊ ဆရာမများအဖြစ် သင်ကြားမှုပညာနှင့် အတွေ့အကြုံ ရင့်ကျက်သည့် အငြိမ်းစား ဆရာ၊ ဆရာမများအား အဓိကထား တာဝန်ပေးသင့်ပြီး တာဝန်ထမ်းဆောင်ခဲ့ ဆရာ၊ ဆရာမများနှင့် Volunteer ပုဂ္ဂိုလ်များကိုလည်း တာဝန်ပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဓမ္မကျောင်းတော်၌ သင်ကြားရေးတာဝန် ထမ်းဆောင်ဆဲနှင့် ထမ်းဆောင်မည့် ဆရာ၊ ဆရာမအားလုံး ဓမ္မကျောင်းတော် ဆရာ၊ ဆရာမ မွမ်းမံသင်တန်း တက်ရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ပေးရမည်။

၅။ ဓမ္မကျောင်းတော်များအတွက် သင်ရိုးညွှန်းတမ်းများ၊ ပြဒ္ဒါန်း စာအုပ်များ ဆရာကိုင်စာအုပ်များ အပါအဝင် အခြားသင့်တော်သည့် ထေရဝါဒပိဋကတ်စာအုပ်များ ရရှိရေးအတွက် ဆောင်ရွက်ပေးရမည်။

၆။ ရက်ကွက် ကျေးရွာများရှိ ဓမ္မကျောင်းတော်များသို့ မြို့နယ် ကော်မတီမှ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကွင်းဆင်းလေ့လာပြီး အခက် အခဲများ ရှိနေပါက ကူညီဖြေရှင်းပေးရမည်။

၇။ ဓမ္မကျောင်းတော်များတွင် သင်ကြားနေသည့် ကလေးသူငယ် ကျောင်းသူ၊ ကျောင်းသားများအား မဖြစ်မနေ အာဟာရဒါန ပြုသင့် သဖြင့် ရပ်ကွက်ကျေးရွာ ကော်မတီများ၌ အခက်အခဲများရှိနေပါက ပါဝင်ကူညီ ဆောင်ရွက်ပေးရမည်။

၈။ ထေရဝါဒ အဆုံးအမများကို တိုင်းပြည်အနာဂတ်ကို ပိုင်ဆိုင် ထားကြသည့် လူငယ်များရင်တွင်း စွဲမြဲတည်ရှိသွားစေရန် တစ်ပတ် လျှင် တစ်ရက်၊ တစ်ရက်လျှင် တစ်မနက်၊ တစ်မနက်လျှင် (၂)နာရီခန့် သင်ကြားပေးနေသည့် ဓမ္မကျောင်းတော် သင်ကြားရေး ဓမ္မဒါန လုပ်ငန်း ကြီးကို ပိတ်ရက်လုံးဝမရှိ၊ နားရက်လုံးဝမထားဘဲ စဉ်ဆက်မပြတ် သင်ကြားနိုင်ရေးအတွက် ကြိုးကြပ်ကူညီသွားရမည်။

၉။ တနင်္ဂနွေ ဗုဒ္ဓဓမ္မကျောင်းတော် မဖွင့်ရသေးသော ရပ်ကွက်၊ ကျေးရွာများသို့ မြို့နယ် ကော်မတီဝင်များ ကွင်းဆင်းကာ ဓမ္မကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တော်၏ သုံးချောင်းထောက်မှုနှင့်အညီ (က) ကျောင်းထိုင်ဆရာတော်၊ (ခ) ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ, ဆရာမများ၊ (ဂ) ရပ်ကွက် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖ ဘာသာရေး စိတ်ဝင်စားသူများကို မျက်နှာစုံညီတွေ့ဆုံ၍ ကျောင်းများတိုးချဲ့ ဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေး ဟောပြော အကြံပေးရမည်။ လိုအပ်ချက်များ ရှိပါက တတ်နိုင်သမျှ ဖြည့်ဆည်းလှူဒါန်းပြီး ကျောင်းများ ဖွင့်လှစ်ပေးရမည်။

၁၀။ ဖွင့်လှစ်ပြီး၊ ဖွင့်လှစ်ဆဲ၊ ဖွင့်လှစ်လတ္တံ့သော ဓမ္မကျောင်းတော်တို့တွင် ဆရာအင်အားနှင့် သင်ယူသူအင်အားတို့ ခိုင်မာကျစ်လျစ်စွာ တိုးပွားလာရေးကို မျှော်မှန်းလျက် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်များ၊ ကိုယ်ပိုင်ဘာသာရပ်သင် သင်တန်းမှ သင်တန်းမှူးများ၊ ဘာသာရပ်သင် ဆရာ၊ ဆရာမများ (ကျူရှင် ဆရာ၊ ဆရာမများ)တို့အား အပတ်စဉ် တနင်္ဂနွေ နေ့တိုင်း ပညာဒါန အလှူပေးနိုင်ရေးအတွက် စည်းရုံး ဆောင်ရွက်ရမည်။

၁၁။ ဓမ္မကျောင်းတော်၌သင်ကြားနေသည့် ဆရာ၊ ဆရာမများသည် လုပ်အားခ တစ်စုံတစ်ရာ မယူကြဘဲ တစ်ပတ်လျှင် တစ်ရက်၊ တစ်ရက်လျှင် တစ်မနက် ပညာဒါန ပြုနေသူများ ဖြစ်ကြပါသည်။ သို့ဖြစ်၍ ဆရာ၊ ဆရာမတို့၏ စေတနာ၊ မေတ္တာတို့ကို ပူဇော်သည့်အနေဖြင့် တစ်နှစ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ရွာဦးကျောင်းများ၌ ကျင်းပလေ့ရှိသည့် ဘာသာရေးပွဲတော်များတွင် ဆရာကန်တော့ပွဲ အစီအစဉ်များကို ထည့်သွင်းဆောင်ရွက်နိုင်ရေး စီစဉ်ပေးရမည်။

၁၂။ ဘဏ္ဍာငွေကို စာရင်းကိုင်၊ စာရင်းစစ်များထားရှိ၍ စနစ်တကျ သုံးစွဲရန်နှင့် အခါအားလျော်စွာ စာရင်းရှင်းတမ်းများ ထုတ်ပြန်ပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



## ရပ်ကွက်၊ ကျေးရွာကော်မတီ၏ လုပ်ငန်းတာဝန်များ

၁။ အပတ်စဉ် ပုံမှန် ကျောင်းဖွင့်နိုင်ရေး၊ သင်ကြား သင်ယူမှု အောင်မြင်ရေး၊ ကျောင်းသား ကျောင်းသူများ၏ ဘေးအန္တရာယ် ကင်းရှင်းရေး၊ အာဟာရ ကျွေးမွေးလှူဒါန်းနိုင်ရေး စသည်အတွက် လတစ်လ၏ ပထမသီတင်းပတ် အစရက်များတွင် ပုံမှန်လုပ်ငန်း လျာထားချက် အစည်းအဝေးခေါ်ယူကာ ဆုံးဖြတ်ချက်များ ရယူရန် စီမံချက် ရေးဆွဲရမည်။ (ဩဝါဒါစရိယဆရာတော်၏ လမ်းညွှန်ဩဝါဒ အတိုင်းအခြေခံ၍ ဆုံးဖြတ်ရန်။)

၂။ မြို့နယ်ကော်မတီ၏ အကြံပြုချက်နှင့် ပံ့ပိုးမှုများ ရရှိရေးအတွက် မြို့နယ်ကော်မတီက ပုံမှန်ခေါ်လေ့ရှိသော အစည်းအဝေးများသို့ အဆုံး အဖြတ်ပေးနိုင်မည့် လုပ်ငန်းအကောင်အထည် ဖော်နိုင်ခွင့်ရှိသည့် ကော်မတီဝင်များ အလှည့်ကျ မပျက်မကွက် တက်ရောက်ရမည်။

၃။ လိုအပ်ချက်အရ မြို့နယ်ကော်မတီနှင့် ကြားဖြတ်တွေ့ဆုံ ဆွေးနွေး လိုပါက ရပ်ကွက်/ကျေးရွာ ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တစ်ဦးဦး ကိုယ်တိုင် သွားရောက်ဆွေးနွေး အကြံဉာဏ် ရယူရမည်။

၄။ ဆရာတော်၏ အပတ်စဉ် သီလပေးဩဝါဒများကို စုစည်း မှတ်တမ်းထားပါက တစ်ချိန်တွင် သင်ကြားရေး အထောက်အကူပြု သင်ခန်းစာမှတ်စု ဖြစ်လာနိုင်သဖြင့် ဆရာ, ဆရာမများအား ဩဝါဒ မှတ်တမ်းထားရှိရေး စီစဉ်ပေးရမည်။

၅။ ဓမ္မကျောင်းတော်၏ အောင်မြင်မှုကို လစဉ် နှစ်ဝက် နှစ်ပတ်လည် အကဲဖြတ်မှုများ ဆောင်ရွက်ရန်နှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ တက်ရောက်မှု၊ သင်ကြားသင်ယူမှု လုပ်ငန်းမှတ်တမ်း များကို စနစ်တကျထားရှိရမည်။



www.burmeseclassic.com

www.burmeseclassic.com



၆။ ကျောင်းသား ကျောင်းသူများ၏ ကိုယ်နှုတ်အမူအရာ ပြောင်းလဲတိုးတက်မှု သတင်းစကားများ ရယူစိစစ်၍ မှတ်တမ်းထားရှိရေးအတွက် ဆရာ ဆရာမများအား တာဝန်ပေးထားရမည်။

၇။ ဓမ္မသဘောအရ စာေဒကဖြစ်ဖွယ် တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ကျောင်းထိုင် ဩဝါဒါစရိယဆရာတော်၊ မြို့နယ်ဩဝါဒါစရိယ ဆရာတော်များထံ အချိန်မီ လျှောက်ထားတင်ပြ အဆုံးအဖြတ် ခံယူရမည်။

၈။ အလှူပစ္စည်း၊ အလှူငွေလက်ခံရရှိမှု သုံးစွဲမှု၊ လက်ကျန်စာရင်းတို့ကို စနစ်တကျပြုစု၍ လစဉ် စာရင်းရှင်းတမ်း ထုတ်ပြန် ပေးရမည်။

## စာပိုဒ်အလိုက် နမူနာပြမှတ်တမ်း

စာပိုဒ်(၄)။ ။ ဆရာတော်၏ဩဝါဒမှတ်တမ်း

(၁) ရက်စွဲ (၂) ဩဝါဒခေါင်းစဉ် (၃) ဩဝါဒအချက်အလက်များ

စာပိုဒ်(၅)။ ။ ကျောင်းတက်ခြင်းနှင့် သင်ကြားသင်ယူမှု လုပ်ငန်းမှတ်တမ်း

(၁) ရက်စွဲ

(၂) မူဆင့်/လယ်ဆင့်/ထက်ဆင့်အလိုက် စာရင်းရှိ၊ ပျက်ကွက်၊ တက်ရောက်သည့်ဦးရေ။

(၃) သင်ကြားသည့် သင်ခန်းစာခေါင်းစဉ်

(၄) ပြီးစီးသည့် သင်ခန်းစာ အချက်အလက်များ

(၅) စာရင်းရှိဆရာနှင့် တက်ရောက်ဆရာ

(၆) အာဟာရလှူဒါန်းမှု အမျိုးအစား၊ တန်ဖိုးငွေနှင့် အလှူရှင်

www.burmeseclassic.com

www.burmeseclassic.com



စာပိုဒ် (၆)။ ။ ကိုယ်၊ နှုတ်အမူအရာ ပြောင်းလဲတိုးတက်မှု

(၁) အမည် (၂) အတန်း

(၃) မိဘအမည်နှင့် အလုပ်အကိုင် (၄) နေရပ်လိပ်စာ

(၅) ကိုယ်၊ နှုတ် အမူအရာ ပြောင်းလဲတိုးတက်မှုများ

(၆) သတင်းရရှိသည့် နည်းလမ်း

## ဓမ္မကျောင်းတော်အပေါ် သုံးသပ်ချက်စာတမ်း

နိုင်ငံတော်၏အနာဂတ်ကို ပိုင်ဆိုင်ထားကြသည့် လူငယ်မောင်မယ်များ ကိုယ်ကျင့်တရား ကောင်းမွန်ကာ ယဉ်ကျေးလိမ္မာသည့် နိုင်ငံသားကောင်း သမီးမွန်ရတနာများ ဖြစ်လာစေရန် ရည်ရွယ်ကာ နိုင်ငံအနှံ့အပြား၌ ဓမ္မကျောင်းတော်များ ဖွင့်လှစ်လျက်ရှိပါသည်။

ဖွင့်လှစ်ခဲ့ပြီးသည့် ဓမ္မကျောင်းတော်များ ရေရှည်တည်တံ့စည်ပင်စေရန် ရည်ရွယ်၍ ကျောင်းများကို ကွင်းဆင်းလေ့လာခဲ့ကြပြီး အားသာချက်၊ အားနည်းချက်များကို ကဏ္ဍ(၅)ရပ်ဖြင့် ခွဲခြား ဆန်းစစ်ခဲ့ကြပါသည်။

(၁) ကျောင်းထိုင်ဆရာတော်၏ကဏ္ဍ

(၂) ကျောင်းဖြစ်မြောက်ရေးအဖွဲ့၏ကဏ္ဍ

(၃) ကျောင်းသားမိဘများ၏ကဏ္ဍ

(၄) ကျောင်းအုပ်နှင့် ဆရာ၊ ဆရာများ၏ကဏ္ဍ

(၅) ကျောင်းသား၊ ကျောင်းသူများ၏ ကဏ္ဍဟူ၍ ဖြစ်ပါသည်။ အဆိုပါ ကဏ္ဍ(၅)ရပ်၏ အားသာချက်၊ အားနည်းချက်များကို ပူးတွဲပါ ဆန်းစစ်ချက်ဇယားများဖြင့် တင်ပြထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဓမ္မကျောင်းတော်များ ရေရှည်တည်တံ့ခြင်းနှင့် မတည်တံ့ခြင်းအပေါ် ဆန်းစစ်ချက်

### ၁။ ကျောင်းထိုင်ဆရာတော်၏ကဏ္ဍ

| ဓမ္မကျောင်းတော် တည်တံ့ခြင်း အကြောင်းရင်း | ဓမ္မကျောင်းတော် မတည်တံ့ခြင်း အကြောင်းရင်း |
|---|---|
| (က) ကျောင်းထိုင်ဆရာတော်မှ စိတ်ပါဝင်စားကာ ဓမ္မကျောင်းတော်၏သဘော သဘာဝကို နားလည်ခြင်း။ | (က) ကျောင်းထိုင်ဆရာတော်၏ စိတ်ဝင်စားမှု အားနဂည်းခြင်း။ |
| (ခ) အမျိုးဘာသာ သာသနာအပေါ် စိတ်အား ထက်သန်ခြင်း။ | (ခ) စိတ်အားထက်သန်မှု အားနည်းခြင်း။ |
| (ဂ) ဘုန်းတော်ကြီးကျောင်းမှ ကျောင်းပိုင်အဆောက် အဦ နေရာထိုင်ခင်း၊ ပရိဘောဂစသည် ပံ့ပိုးပေးနိုင်ခြင်း။ | (ဂ) ဘုန်းတော်ကြီးကျောင်းမှ ကျောင်းပိုင်အဆောက် အဦ နေရာထိုင်ခင်း ပရိဘောဂစသည် ပံ့ပိုးမှုများ မပေးနိုင်ခြင်း။ |
| (ဃ) ဓမ္မကျောင်းတော်သို့လာသည့် ဆရာ၊ ဆရာမများနှင့် ကလေးသူငယ်များအပေါ် နားလည် သည်းခံနိုင်ခြင်း။ | (ဃ) ဓမ္မကျောင်းတော်သို့ လာသည့် ဆရာ၊ ဆရာမများ နှင့် ကလေးငယ်များအပေါ် သည်းခံနိုင်စွမ်းနည်းခြင်း။ |
| (င) ဓမ္မကျောင်းတော်အတွက် လိုအပ်ချက်များ ရှိလာပါက (သင်ထောက်ကူ ပစ္စည်း+ အာဟာရ+ ထင်း+မီး) ဆရာတော်မှ စွမ်းနိုင်သမျှ ပံ့ပိုးပေးနိုင်ခြင်း။ | (င) ဆရာတော်မှ ပံ့ပိုးပေးနိုင်မှု အားနည်းခြင်း။ |
| (စ) ဆရာတော်မှ ဆရာ၊ ကျောင်းသားမိဘအားလုံး ညီညွတ်စွာ ပါဝင်နိုင်သည့်ထိ သြဝါဒပေးနိုင်ခြင်း။ | (စ) သြဝါဒဖြင့် စည်းလုံး ဆက်စပ်ပေးနိုင်စွမ်းအား နည်းခြင်း။ |
| (ဆ) ယနေ့ ကလေးများသည် နောင်အနာဂတ်၏ မျိုးဆက်သစ် လူကြီးများဟု အနာဂတ်အတွက် မျှော်လင့် ချက်ကြီးစွာ ထားရှိခြင်း။ | (ဆ) ကလေးများ၏ အနာဂတ်အပေါ် မျှော်လင့်ချက် ထားရှိမှုလွန်စွာ နည်းပါးခြင်း။ |



www.burmeseclassic.com

www.burmeseclassic.com



## ၂။ ကျောင်းပြစ်မြောက်ရေးအဖွဲ့
## (ရပ်မိ ရပ်ဖ၊ အုပ်ချုပ်ရေးအဖွဲ့ ဝေယျာဝစ္စများ) ၏ကဏ္ဍ

| ဓမ္မကျောင်းတော် တည်တံ့ခြင်း အကြောင်းရင်း | ဓမ္မကျောင်းတော် မတည်တံ့ခြင်း အကြောင်းရင်း |
|---|---|
| (က) ဓမ္မကျောင်းတော်အတွက် ရုံပုံငွေ၊ ပစ္စည်း၊ အာဟာရ ရရှိအောင် စေတနာထား၍ စည်းရုံးနိုးဆော်နိုင်ခြင်း။ | (က) စည်းရုံးနိုးဆော်မှုအား နည်းပါးခြင်း။ |
| (ခ) ရရှိထားသော ရံပုံငွေနှင့် ကျွေးမွေးစရိတ်၊ အဝင်၊ အထွက်စာရင်းများ စနစ်တကျ မှတ်တမ်းထားရှိခြင်း နှင့် အချိန်မီစာရင်းရှင်းတမ်းများ အများထင်သာမြင် သာအောင် ရှင်းပြနိုင်ခြင်း။ | (ခ) စာရင်းဇယားအပိုင်း အားနည်းခြင်း၊ အချိန်မီ စာရင်းရှင်းတမ်း ထုတ်ပြန်နိုင်မှု မရှိခြင်း။ |
| (ဂ) နှစ်ရှည်လများ စဉ်ဆက်မပြတ် ရာသက်ပန် လုပ်ငန်းဟု နားလည်သဘောပေါက်ပြီး ကြိုတင်စီမံမှုများ ထားရှိခြင်း။ | (ဂ) အချိန်အခါအလိုက် လှုပ်ရှားခြင်း၊ ပေါ်ပင်အလုပ် ဟု နားလည် သတ်မှတ်ခြင်း။ |
| (ဃ) မိမိတို့၏ သားသမီးများကို ဓမ္မကျောင်းတော်သို့ ပို့၍ သင်ကြားပေးလျှင် လိမ္မာယဉ်ကျေးလာမည်ဟု ယုံကြည်မှုရှိခြင်း။ | (ဃ) ဓမ္မကျောင်းတော်အပေါ် ယုံကြည်မှု နည်းပါးခြင်း။ |
| (င) ဓမ္မကျောင်းတော်သို့ တက်ရောက်လာကြသည့် ကလေးများအား စေတနာ ထက်သန်စွာဖြင့် တန်ဖိုးထား ဆောင်ရွက်ပေးခြင်း။ | (င) ကလေးများအပေါ် တန်ဖိုးမထားဘဲ လစ်လျူရှု ထားခြင်း။ |
| (စ) ကျောင်းဖွင့်နိုင်ရေးအတွက် ဆရာတော်၏ ခွင့်ပြုချက်ရရှိအောင် မဖြစ်မနေ စွမ်းဆောင်နိုင်ခြင်း။ | (စ) မစွမ်းဆောင်နိုင်ခြင်း။ |



www.burmeseclassic.com

www.burmeseclassic.com



## ၃။ ကျောင်းသားမိဘများ၏ကဏ္ဍ

| ဓမ္မကျောင်းတော် တည်တံ့ခြင်း အကြောင်းရင်း | ဓမ္မကျောင်းတော် မတည်တံ့ခြင်း အကြောင်းရင်း |
|---|---|
| (က) ဓမ္မကျောင်းတော်ဆိုင်ရာ အဖွဲ့အစည်းနှင့် ပတ်သက်သော ပုဂ္ဂိုလ်များအပေါ် ပုဂ္ဂိုလ်ရေးအရ အဆင်မပြေမှု တစ်စုံတစ်ရာ ရှိခဲ့သော်လည်း မိမိသားသမီးများကို မပျက်မကွက် ကျောင်းသို့ ပို့စေခြင်း။ | (က) ပုဂ္ဂိုလ်ရေးနှင့် ဓမ္မကျောင်းတော်ကို ရောနှောစွာ မြင်တတ်ခြင်း။ |
| (ခ) တစ်ပတ်တွင် တစ်ရက်၊ တစ်ရက်တွင် တစ်မနက်တာ ကာလတိုကလေး ဖွင့်လှစ်ကာ တစ်သက်တာလိမ္မာယဉ်ကျေးမှုကိုပေးသော ဓမ္မကျောင်းတော်သို့ ကျူရှင်အပါအဝင် အခြားကိစ္စ ဆောင်ရွက်ချိန်နှင့် တိုက်ဆိုင်နေသော်လည်း ဓမ္မကျောင်းတော်ကိုသာ ဦးစားပေးစေလွှတ်ခြင်း။ | (ခ) ကျူရှင်နှင့် အခြားကိစ္စ ရပ်များကိုသာ မိဘများက ဦးစားပေး အလေးထားနေကြခြင်း။ |
| (ဂ) ကျောင်းထိုင်ဆရာတော်အပေါ် သံဃာရတနာအဖြစ် မှတ်ယူလေးစား ကြည်ညိုစိတ်ရှိခြင်း၊ အားကိုးစိတ် မြင့်မားခြင်း။ | (ဂ) ကျောင်းထိုင်ဆရာတော်အပေါ် လေးစားကြည်ညိုမှုနည်းပါးခြင်း။ |
| (ဃ) ရပ်မိ ရပ်ဖနှင့် ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့တို့အပေါ် လူကြီးသဖွယ် လေးစားမှုရှိခြင်း။ | (ဃ) ရပ်မိရပ်ဖနှင့် ရပ်ရွာအုပ် ချုပ်ရေးအဖွဲ့တို့အပေါ် လူကြီးမိဘသဖွယ် လေးစားအားကိုးမှု နည်းပါးခြင်း။ |
| (င) ဓမ္မကျောင်းတော် လုပ်ငန်းအပေါ် ခံယူချက် ပြင်းထန်ခြင်း။ | (င) ခံယူချက် မပြင်းထန်ခြင်း။ |



www.burmeseclassic.com

www.burmeseclassic.com



## ၄။ ကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၏ကဏ္ဍ

| ဓမ္မကျောင်းတော် တည်တံ့ခြင်း အကြောင်းရင်း | ဓမ္မကျောင်းတော် မတည်တံ့ခြင်း အကြောင်းရင်း |
|---|---|
| (က) ဓမ္မကျောင်းတော် သင်ကြားရေး အလုပ်သည် ပါရမီကုသိုလ်အလုပ်ဟု ခံယူပြီး ကျောင်းသင်ချိန်အတွက် မိမိအကျိုးစီးပွားကို စွန့်လွှတ်နိုင်ခြင်း။ | (က) ဆရာ၊ ဆရာမများက မိမိအကျိုးစီးပွားကိုသာ ဦးစားပေးလွန်းခြင်း။ |
| (ခ) ကလေးများ စိတ်ဝင်စားမည့်ကဗျာ၊ ပုံဝတ္ထုများဖြင့် သင်ကြားနည်းများကို ကြံဆ၊ တီထွင် သင်ပေးနိုင်ခြင်း။ | (ခ) တီထွင်ကြံဆ၊ သင်ကြားနိုင်မှု အားနည်းခြင်း။ |
| (ဂ) မမျှော်လင့်ဘဲ လိုအပ်ချက်များ ရှိလာပါက တပည့်များအတွက် မိမိစွမ်းနိုင်သမျှသောပစ္စည်း၊ ငွေကြေးကို စေတနာ မတွန့်တိုဘဲ လှူဒါန်းခြင်း။ | (ဂ) စွမ်းဆောင်နိုင်ပါလျက် စေတနာ သဒ္ဓါတရား အားနည်းပါးခြင်း။ |
| (ဃ) ဓမ္မကျောင်းတော် သင်ကြားရေး လုပ်ငန်းသည် သာသနာ့တာဝန်တစ်ရပ်ဟု သက်ဆုံးတိုင် ခံယူဆောင်ရွက်ခြင်း။ | (ဃ) ဓမ္မကျောင်းတော် သင်ကြားရေး လုပ်ငန်းကို သာသနာ့တာဝန်ဟု မခံယူနိုင်ခြင်း။ |
| (င) ကျောင်းသားနှင့် ပတ်သက်သော မှတ်တမ်းများ ထားကာ ပြုပြင်သင့်သည်တို့ကို ပြုပြင်ခြင်း၊ ကျောင်းသားများ တိုးတက်မှု ရှိ၊ မရှိ စဉ်ဆက်မပြတ် လေ့လာ အကဲဖြတ်နိုင်ခြင်း။ | (င) မှတ်တမ်း မှတ်ရာများထားရှိမှု အားနည်းခြင်း။ တိုးတက်မှု ရှိ၊ မရှိ အကဲမဖြတ်နိုင်ခြင်း။ |
| (စ) ဆရာ၊ ဆရာမများကိုယ်တိုင် ဗုဒ္ဓ၊ ဓမ္မအဆုံး အမများကို မှန်မှန်ကန်ကန် နက်နက်နဲနဲ သိရှိသည့်အပြင် ကိုယ်တိုင် ကျင့်ကြံမှုရှိခြင်း။ | (စ) ဗုဒ္ဓဓမ္မအဆုံးအမများကို ရရှိမထားခြင်း၊ ကျင့်ကြံမှုမရှိခြင်း။ |
| (ဆ) ကျောင်းကို အပတ်စဉ် အချိန်မှန်မှန် စိတ်အားထက်သန်စွာ မပျက် မကွက် တက်ရောက်နိုင်ခြင်း။ | (ဆ) ကျောင်းပျက်ကွက်များခြင်း၊ အချိန်မှန် မတက်ရောက်နိုင်ခြင်း။ |



www.burmeseclassic.com

www.burmeseclassic.com



၅။ကျောင်းသား ကျောင်းသူများ၏ကဏ္ဍ

| ဓမ္မကျောင်းတော် တည်တံ့ခြင်း အကြောင်းရင်း | ဓမ္မကျောင်းတော် မတည်တံ့ခြင်း အကြောင်းရင်း |
|---|---|
| (က) ကလေးများ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များ ပို၍ ပို၍ သိသိသာသာ လိမ္မာယဉ်ကျေးလာခြင်း။ | (က) ကလေးများအပြုအမူ၊ အပြောအဆို၊ အနေအထိုင်များ လိမ္မာယဉ်ကျေး တိုးတက်မလာခြင်း။ |
| (ခ) လုံလောက်သော နေရာထိုင်ခင်း ရရှိခြင်း။ | (ခ) လုံလောက်သော နေရာထိုင်ခင်း မရရှိခြင်း။ |
| (ဂ) အသက်အရွယ်နှင့် ဉာဏ်ရည်အလိုက် သင်ကြားပြသမှုခံယူရခြင်း။ | (ဂ) အသက်အရွယ်နှင့် ဉာဏ်ရည်အလိုက် သင်ကြားပြသမှု မခံယူရခြင်း။ |
| (ဃ) ဓမ္မကျောင်းတော်သည် ကလေးများ နေထိုင်သည့် ရပ်ကွက် ကျေးရွာအတွင်း တည်ရှိခြင်း။ | (ဃ) ခရီးကွာဝေးလွန်းခြင်း။ |

မိမိတို့ကျောင်း၌ ဖော်ပြပါ အားနည်းချက်ရှိနေပါက၊ အားသာချက်ဖြင့် အချိန်မီ အစားထိုးနိုင်မည်ဆိုလျှင် ထိုရပ်ကွက် ကျေးရွာများရှိ ဓမ္မကျောင်းတော်သည် ရေရှည်ကာလရှည်ကြာ တည်တံ့ပေမည်။

## ပြုစုတင်ပြသူ

ဦးမြင့်ဦး-တိုင်းပညာရေးမှူး(ငြိမ်း)၊ ဒေါ်ခင်အုန်းမြင့်-ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)၊ဒေါ်ရီရီဟန်၊ဒု-ညွှန်ကြားရေးမှူး၊ ဒေါ်သီတာညွှန့်-လ/ထ ညွှန်ကြားရေးမှူးနှင့် ဆရာမဒေါ်ချိုချိုခိုင်၊ ဓမ္မကျောင်းတော် ဆရာ ဆရာမများ၊ ရန်ကင်းတောရ၊ သပြေပင်၊ နေပြည်တော်။



www.burmeseclassic.com

www.burmeseclassic.com



## တနင်္ဂနွေဓမ္မကျောင်းတော်၏ ဆရာ၊ ဆရာမများအတွက် သင်ရိုးမာတိကာဇယား

| စဉ် | သင်ခန်းစာခေါင်းစဉ် | သင်ကြားရမည့်အချက်အလက်များ | ရည်ရွယ်ချက် | သင်ကြားချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | မြတ်ဗုဒ္ဓ၏သဗ္ဗညုတဉာဏ်တော်အစွမ်း | ဉာဏ်တော်အစွမ်းသုံးပါး | သဗ္ဗညုတဉာဏ်တော်အစွမ်း(၃)ပါးကိုသိရှိစေရန် | | ဉာဏ်တော်အစွမ်းသုံးပါးကိုသံနေသံထားနှင့်ရွတ်ဆိုသင်ကြားရန် |
| ၂။<br>၃။<br>၄။<br>၅။<br>၆။ | ဗုဒ္ဓ(ဘုရား)<br>ဓမ္မ(တရား)<br>သံဃ(သံဃာ)<br>ဗုဒ္ဓဘာသာ<br>ဗုဒ္ဓဘာသာဝင် | ဗုဒ္ဓ၊ဓမ္မ၊သံဃ၊ဗုဒ္ဓဘာသနာ၊ဗုဒ္ဓဘာသာဝင်အဓိပ္ပါယ်ရှင်းလင်းချက် | ဗုဒ္ဓဘာသာတစ်ဦးအနေနှင့်မဖြစ်မနေသိသင့်သည်များကိုသိရှိစေရန် | ၁ချိန် | မဖြစ်မနေသိသင့်သည်ဖြစ်၍အလွတ်ရအောင်ပြောနိုင်အောင်သင်ကြားပေးရန် |
| ၇။<br>၈။<br>၉။ | ဥပါသကာ,ဥပါသိကာမ<br>ဥပါသကာကောင်း၏သီလ<br>ဥပါသကာတို့၏မပြုလုပ်ကောင်းသည့်အရောင်းအဝယ်(၅)မျိုး | ဥပါသကာ၊ဥပါသိကာမအဓိပ္ပါယ်နှင့်ကိုယ်ကျင့်သီလရှောင်ကြည်ရမည့်အသက်မွေးမှုများ | ဥပါသကာအဓိပ္ပါယ်နှင့်အကျင့်သီလမှန်သောအသက်မွေးမှုတို့ကိုသိရှိစေရန် | ၁ချိန် | မပြုအပ်သည့် အရောင်းအဝယ်၅မျိုးကိုပတ်ဝန်းကျင်တွင်တွေ့မြင်နိုင်သည့်လုပ်ငန်းများကိုမေးမြန်းဆွေးနွေးခြင်းဖြင့်သင်ကြားသင့်ပါသည်။ |
| ၁၀။<br>၁၁။<br>၁၂။ | ဥပါသကာယုတ်နှင့်ဥပါသကာကောင်းတို့၏အင်္ဂါ(၅)ပါး<br>ဥပါသကာဆုတ်ယုတ်ကြောင်း(၇)မျိုး<br>ဥပါသကာဝုဏ်ရည်(၁၀)မျိုး | ဥပါသကာယုတ်/မြတ်တို့၏အင်္ဂါများ<br>ဥပသကာဆုတ်ယုတ်ကြောင်း(၇)မျိုး<br>ဥပါသကာဝုဏ်ရည်(၁၀)မျိုး | ဥပါသကာယုတ်၊ဥပါသကာမြတ်တို့၏အင်္ဂါများသိရန်<br>ဥပါသကာဆုတ်ယုတ်ကြောင်း(၇)မျိုးသိရန်<br>ဥပါသကာဝုဏ်ရည်၁၀–မျိုးသိရှိရန် | ၁ချိန် | သာသနာတော်တွင်းဥပါသကာဥပါသိကာမတို့အလွန်အရေးပါသူနှင့်သာသနာရေးတွင်စံနမူနာယူစရာပုဂ္ဂိုလ်များဖြစ်ကြောင်းပေါ်လွင်အောင်သင်ရန် |



www.burmeseclassic.com

www.burmeseclassic.com

## အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာ (အပိုင်း-၂)

| စဉ် | သင်ခန်းစာ ခေါင်းစဉ် | သင်ကြားရမည့် အချက်အလက်များ | ရည်ရွယ်ချက် | သင်ကြား ချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁၃။ | သရဏဂုံအကြောင်း | သရဏဂုံဆောက်တည်ပုံ | | ၂ချိန် | ဗုဒ္ဓဘာသာဝင်တစ်ဦး အနေနှင့်အရေးကြီး သုံးအဖြစ်သိရှိလိုက်နာ တတ်ရန် အလေးထား ပြီး သာမဏေများနှင် သင်ကြားရန် |
| ၁၄။ | သရဏဂုံသုံးပါး | သရဏဂုံသုံးပါးနှင့်သရဏဂုံ တည်သူ့အဓိပ္ပါယ် | | | |
| ၁၅။ | သရဏဂုံပျက်သော ရှိခိုးခြင်းနှင့်သရဏဂုံ မပျက်သော ရှိခိုးခြင်း။ | သရဏဂုံပျက်သော ရှိခိုးခြင်း သရဏဂုံ မပျက်သောရှိခိုးခြင်း | သရဏဂုံပျက်သော ရှိခိုးခြင်း၊ သရဏဂုံမပျက်သောရှိခိုးခြင်း တို့ကိုသိရှိရန်။ | | |
| ၁၆။ | သရဏဂုံပျက်သည့် အကြောင်းနှစ်ပါး | သရဏဂုံပျက်သည့်အကြောင်း နှစ်ပါး | သရဏဂုံပျက်သည့် အကြောင်းနှစ်ပါးသိရန် | | သာမဏေများနှင့် ပြောပြရန် |
| ၁၇။ | သရဂုံမြောက်မှုအလေး ပြုပွယ် | သရဏဂုံ မြောက်မှု အလေးပြု ပွယ် နှစ်ချက် | သရဏဂုံမြောက်မှု အလေး ပြုပွယ်သိရန် | | |
| ၁၈။ | သရဏဂုံဆောက်တည်ရ ကျိုးများ | သရဏဂုံ ဆောက်တည်ရကျိုး (၁၂)ချက် | သရဏဂုံဆောက် တည်ရကျိုး သိရန် | | |
| ၁၉။ | ဗုဒ္ဓဘာသာဝင်ကောင်း တစ်ဦး နေ့စဉ်ကေန် ဆောင်ရွက်ရမည့် လုပ်ငန်းများ | ဆောင်ရွက်ရမည့် လုပ်ငန်းများ ဘုရားကန် တော့ခြင်း၊ သီလခံယူ ဆောက်တည်ခြင်း၊ မေတ္တာပို့ခြင်းနှင့် သာဓု ခေါ်ခြင်း၊ အလှူဒါနပြုခြင်း၊ သာသနာ တော် တည်တံ့ ပြန့်ပွားရေး ဆောင်ရွက် ခြင်း၊ လက္ခဏာရေး သုံးပါး ဆင်ခြင်ခြင်း။ | ဗုဒ္ဓဘာသာဝင် ကောင်းတစ်ဦး နေ့စဉ်ကေန်ဆောင် ရွက်ရမည့် လုပ်ငန်း များသိရှိစေရန် | ၁ချိန် | ဗုဒ္ဓဘာသာဝင်တစ် ဦး နေ့စဉ်ကေန် ဆောင် ရွက်ရမည့် လုပ်ငန်း မျိုးကို ၁မျိုးစီဆောင် ရွက် စေရန် ဆွေးနွေး စေခြင်း |
| ၂၀။ | ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် ဥပုသ် အမျိုးမျိုး | ဗုဒ္ဓဘာသာဝင်ဝင်တိုင်းသိ သင့် သည့်ဥပုသ် ၄ မျိုး | ဥပုသ်၄မျိုးကိုသိရန် | ၁ချိန် | |
| ၂၁။ | သီလကျိုး,ပေါက်,ပြောက် ကျားသည့်အကြောင်း သိကောင်းစရာများ | သီလကျိုး,ပေါက်,ပြောက် ကျားသည့် အဓိပ္ပါယ် ရှင်းလင်းချက် | သီလကျိုး,ပေါက်, ပြောက် ကျားပုံကို သိရှိရန် | ၁ချိန် | သီလကိုစင်ကြယ် အောင်စောင့်ထိန်း တတ်ရန် ကံ(၅)ပါးကို မကျူး |
| ၂၂။ | သီလမြတ်နိုင်းသူတိုင်း သိ ရမည့်ငါးပါးသီလ ကံမြောက် ကြောင်း အင်္ဂါများ | ကံမြောက်ကြောင်း အင်္ဂါရပ်များ | ငါးပါးသီလကံမြောက်ကြောင်း အင်္ဂါများသိ စေရန် | ၂ချိန် | လွန်မိ အောင်သီလကို လုံအောင် စောင့်ထိန်း စေရန် ဆွေးနွေးခြင်း |



www.burmeseclassic.com

www.burmeseclassic.com



| စဉ် | သင်ခန်းစာခေါင်းစဉ် | သင်ကြားရမည့်အချက်အလက်များ | ရည်ရွယ်ချက် | သင်ကြားချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၂၃။ | ဗျာဒိတ်ရပြီးသည့်ဘုရားအလောင်းတော်တို့ မဖြစ်ရာဌာန ၁၈ပါး | ဗျာဒိတ်ရပြီးသည့်ဘုရားအလောင်းတော်တို့ မဖြစ်ရာဌာန (၁၈) ပါး | ဗျာဒိတ်ရပြီးသည့်ဘုရားအလောင်းတော် တို့မဖြစ်ရာဌာနများ ကိုသိစေရန် | ၁ချိန် | ဘုရားအလောင်းတော်တို့မဖြစ်ရာ ဘဝဌာနများအကြောင်း ဆွေး နွေးသင်ကြားရန် |
| ၂၄။ | စိတ်ဖြင့်ဆုတောင်း နှုတ်ဖြင့် ဆုတောင်းရုံမက ကိုယ် တိုင်ကိုယ်ကျ ပါရမီဖြည့် ကျင့် | စိတ်ဖြင့်,နှုတ်ဖြင့် ဆုတောင်းရုံ မက ကိုယ်တိုင် ကိုယ်ကျပါရမီ ဖြည့်ကျင့် ပုံ | စိတ်ဖြင့်,နှုတ်ဖြင့် ဆု တောင်းရုံ မက ကိုယ်တိုင်ကိုယ်ကျ ပါရမီ ဖြည့်ကျင့်ပုံကို သိစေရန် | ၁ချိန် | စိတ်,နှုတ်တို့ဖြင့်သာ ဆုတောင်းရုံမဟုတ် ကိုယ်တိုင်ပါရမီ ဖြည့် ကျင့်ပုံကို ပေါ်လွင် အောင်သင်ကြားပါရန် |
| ၂၅။<br>၂၆။ | ကမ္ဘာ၏အဓိပ္ပါယ်<br>အလောင်းတော်သည် ရဟန်းဘဝ, ရသေ့ဘဝ, လူဘဝ စသည်ဖြင့် ဗျာဒိတ်ခံယူခဲ့ သည်။ | ကမ္ဘာ၏အဓိပ္ပါယ်ရှင်းလင်းချက် အလောင်းတော်သည် ရဟန်း ဘဝ, ရသေ့ဘဝ, လူဘဝဖြင့် ဗျာဒိတ်ခံသည် ဘဝပေါင်း | ကမ္ဘာ၏အဓိပ္ပါယ်သိ၍ ဗျာဒိတ်ခံခဲ့သည့် ဘဝအမျိုး မျိုးအရေ အတွက်သိရှိရန် | ၂ချိန် | နေထိုင်ရာကမ္ဘာမြေ မဟုတ် အချိန် ကာလ ဖြစ်ခြင်းကို သိပါစေ |
| ၂၇။<br>၂၈။<br>၂၉။ | ဘုရားအလောင်းတော် ပါရမီ ဖြည့်ကျင့်ခြင်း<br>သုမေဓာရှင်ရသေ့ဗျာဒိတ် ခံယူပုံ<br>သုမေဓာဘဝအမြင် | ဒီပင်္ကရာဘုရားထံပါးသုမေဓာ ရှင်ရသေ့ဗျာဒိတ်ခံပုံ သုမေဓာ၏ ဘဝအမြင် | ဒီပင်္ကရာဘုရားထံပါးသုမေဓာ ရှင်ရသေ့ဗျာ ဒိတ်ခံပုံ,သုမေဓာ ၏ ဘဝအမြင်ကိုသိရန် | ၁ချိန် | သုမေဓာရှင်ရသေ့ဘဝကထားရှိခဲ့ သည့်ဘဝအမြင်သတ္တဝါများ အပေါ်ထား စိတ်သဘောထား ပေါ်လွင် အောင်သင်ရန် |
| ၃၀။ | သုမိတ္တာကမ်းသည့် ကြာပန်း၅–ခိုင် | သုမိတ္တာကသုမေဓာရှင်ရသေ့ ကိုကြာပန်း၅ခိုင်ဆက်ကပ်ပုံ | သုမိတ္တာကသုမေဓာရှင်ရသေ့ ကိုကြာပန်း(၅)ခိုင် ဆက်ကပ် ပုံကိုသိစေရန် | ၁ချိန် | ပါရမီဖြည့်ဖက်အဖြစ် ဆုပန်နိုင်ပုံသိပါစေ။ |
| ၃၁။ | ခိုင်မာသော အဓိဋ္ဌာန်နှင့် ရဲရင့်သောကြုံးဝါးချက် | သုမေဓာရှင်ရသေ့၏ အဓိဋ္ဌာန် နှင့်ရဲရင့်သောကြုံးဝါးချက် | သုမေဓာရှင်ရသေ့၏ အဓိဋ္ဌာန် နှင့်ရဲရင့်သောကြုံးဝါးချက်ကို သိစေရန် | ၁ချိန် | |
| ၃၂။ | ဒါနပါရမီဖြည့်ကျင့်တော် မူပုံ | ဒါနပါရမီဖြည့်ကျင်ခဲ့ပုံများ | ဒါနပါရမီဖြည့်ကျင်ခဲ့ပုံများ သိစေရန် | ၁ချိန် | ပါရမီတော်များကိုဖြည့် ကျင့်တော်မူ ပုံများကို ပါရမီအမျိုးအစား လိုက် အတုယူလိုစိတ်အားကျ |



www.burmeseclassic.com

www.burmeseclassic.com

## အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာ (အပိုင်း-၂)

| စဉ် | သင်ခန်းစာ ခေါင်းစဉ် | သင်ကြားရမည့် အချက်အလက်များ | ရည်ရွယ်ချက် | သင်ကြားချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၃၃။ | သီလပါရမီဖြည့်ကျင့်တော်မူပုံ | သီလပါရမီဖြည့်ကျင့်ပုံများ | သီလပါရမီဖြည့်ကျင့်ပုံ သိစေရန် | ၁ချိန် | စိတ်များဖြစ်လာအောင် သာဓကများ၊ ပုံပြင်များ ပြော၍သင်ပါရန် |
| ၃၄။ | နေက္ခမ္မပါရမီဖြည့်ကျင့်တော်မူပုံ | နေက္ခမ္မပါရမီဖြည့်ကျင့်တော်မူပုံများ | နေက္ခမ္မပါရမီဖြည့်ကျင့်ပုံ သိစေရန် | ၁ချိန် | |
| ၃၅။ | ပညာပါရမီဖြည့်ကျင့်တော်မူပုံ | ပညာပါရမီဖြည့်ကျင့်တော်မူပုံများ | ပညာပါရမီဖြည့်ကျင့်ပုံ သိစေရန် | ၁ချိန် | ပါရမီဖြည့်သည့်အနေအထားမဟုတ်သော်လည်းကလေးများ အသီးသီးလုပ်ဆောင်ခဲ့ဖူးသည်များကိုထုတ်ဖော်ပြောစေခြင်းဖြင့် ချီးကျူးပေးရန် အားပေးရန် |
| ၃၆။ | ဝီရိယပါရမီဖြည့်ကျင့်တော်မူပုံ | ဝီရိယပါရမီဖြည့်ကျင့်တော်မူပုံများ | ဝီရိယပါရမီဖြည့်ကျင့်ပုံ သိစေရန် | ၁ချိန် | |
| ၃၇။ | ခန္တီပါရမီဖြည့်ကျင့်တော်မူပုံ | ခန္တီပါရမီဖြည့်ကျင့်တော်မူပုံများ | ခန္တီပါရမီဖြည့်ကျင့်ပုံကို သိစေရန် | ၁ချိန် | |
| ၃၈။ | သစ္စာပါရမီဖြည့်ကျင့်တော်မူပုံ | သစ္စာပါရမီဖြည့်ကျင့်တော်မူပုံများ | သစ္စာပါရမီဖြည့်ကျင့်ပုံကို သိစေရန် | ၁ချိန် | |
| ၃၉။ | အဓိဋ္ဌာန်ပါရမီဖြည့်ကျင့်တော်မူပုံ | အဓိဋ္ဌာန်ပါရမီဖြည့်ကျင့်တော်မူပုံများ | အဓိဋ္ဌာန်ပါရမီဖြည့်ကျင့်ခဲ့ပုံကို သိစေရန် | ၁ချိန် | |
| ၄၀။ | မေတ္တာပါရမီဖြည့်ကျင့်တော်မူပုံ | မေတ္တာပါရမီဖြည့်ကျင့်တော်မူပုံများ | မေတ္တာပါရမီဖြည့်ကျင့်ခဲ့ပုံကို သိစေရန် | ၁ချိန် | |
| ၄၁။ | ဥပေက္ခာပါရမီဖြည့်ကျင့်တော်မူပုံ | ဥပေက္ခာပါရမီဖြည့်ကျင့်တော်မူပုံများ | ဥပေက္ခာပါရမီဖြည့်ကျင့်ခဲ့ပုံကို သိစေရန် | ၁ချိန် | |
| ၄၂။ | ပါရမီ(၁၀)ပါး အပြား(၃၀)ပါး | ပါရမီ-၁၀ပါးအပြား-၃၀ အမည်များ | ပါရမီ-၁၀ပါးအပြား-၃၀ အမည်များ | ၁ချိန် | |
| ၄၃။ | စရိယာ-၃ပါး | စရိယာ-၃ပါး | စရိယာ-၃ပါးသိစေရန် | | |
| ၄၄။ | စွန့်ခြင်းကြီး-၅ပါး | စွန့်ခြင်းကြီး-၅ပါး | စွန့်ခြင်းကြီး-၅ပါးသိစေရန် | | |
| ၄၅။ | မြတ်စွာဘုရား နေ့စဉ် ဆောင်ရွက်မြဲဗုဒ္ဓကိစ္စ၅ပါး | ပုရေဘတ္တကိစ္စ ပစ္ဆာဘတ္တကိစ္စ ပုရိမယာမကိစ္စ မဇ္ဈိမယာမကိစ္စ ပစ္ဆိမယာမကိစ္စ | မြတ်စွာဘုရား၏နေ့စဉ် ဆောင်ရွက်မြဲဗုဒ္ဓကိစ္စ-၅ပါး ကိုသိစေရန် | ၂ချိန် | ဖန်ဆင်းရှင်မဟုတ် လူသားစစ်စစ်ဖြစ်၍ နေ့စဉ်ဆောင်ရွက်ချက်များဆောင်ရွက်ပုံကို မေးမြန်းဆွေးနွေးပါ |



www.burmeseclassic.com

www.burmeseclassic.com

## အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာ (အပိုင်း–၂)

| စဉ် | သင်ခန်းစာခေါင်းစဉ် | သင်ကြားရမည့် အချက်အလက်များ | ရည်ရွယ်ချက် | သင်ကြားချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၄၆။ | အောင်ခြင်း–၈ပါး | အောင်မြင်ခဲ့သည့်ပုဂ္ဂိုလ်များနှင့်ဝါဒတော်များ | အောင်မြင်ခဲ့သည့်ပုဂ္ဂိုလ်များနှင့်ဝါဒတော်များကိုသိစေရန် | ၈ချိန် | မေတ္တာဖြင့်အောင်မြင်တော်မူခဲ့ပုံများကိုပုံဝတ္ထုများဖြင့်သင်ကြား၍မေး, ဖြေလုပ်ရန် ကဗျာရွတ်ဆို၍လည်း သင်ကြားရန် |
| | (၁) မာရ်နတ်သားကို အောင်တော်မူခြင်း | မာရ်နတ်သားကိုအောင်တော်မူပုံ | မာရ်နတ်သားကိုအောင်တော်မူပုံကိုသိစေရန် | | |
| | (၂) အာဠဝကဘီလူးကို အောင်တော်မူခြင်း | အာဠဝကဘီလူးကို အောင်တော်မူပုံ | အာဠဝကဘီလူးကို အောင်တော်မူပုံကိုသိစေရန် | | |
| | (၃) နာဠာဂိရိဆင်ကိုသုံးမ အောင်မြင်တော်မူခြင်း | နာဠာဂိရိဆင်ကိုသုံးမ အောင်မြင်တော်မူပုံ | နာဠာဂိရိဆင်ကိုသုံးမတော်မူပုံ ကိုသိစေရန် | | |
| | (၄) စိဉ္စမာဏဝိကာမိန်းမယုတ်ကို အောင်မြင်တော်မူခြင်း | စိဉ္စမာဏဝိကာမိန်းမယုတ်ကို အောင်မြင်တော်မူပုံ | စိဉ္စမာဏဝိကာမိန်းမယုတ်ကို အောင်တော်မူပုံကိုသိစေရန် | | |
| | (၅) အင်္ဂုလိမာလကို အောင်တော်မူခြင်း | အင်္ဂုလိမာလကို အောင်တော်မူပုံ | အင်္ဂုလိမာလကိုအောင်တော် မူပုံကိုသိစေရန် | | |
| | (၆) သစ္စကပရိဗိုဇ်ကို အောင်တော်မူခြင်း | သစ္စကပရိဗိုဇ်ကို အောင်တော်မူပုံ | သစ္စကပရိဗိုဇ်ကိုအောင်တော် မူပုံကိုသိစေရန် | | |
| | (၇) နန္ဒောပနန္ဒနဂါးမင်းကို အောင်မြင်တော်မူခြင်း | နန္ဒောပနန္ဒနဂါးမင်း အောင်တော်မူပုံ | နန္ဒောပနန္ဒနဂါးမင်းကိုအောင် တော်မူပုံကိုသိစေရန် | | |
| | (၈) ဗကဗြဟ္မာမင်းကို အောင်တော်မူခြင်း | ဗကဗြဟ္မာမင်းကို အောင်တော်မူပုံ | ဗကဗြဟ္မာကိုအောင်တော်မူပုံ ကိုသိစေရန် | | |
| ၄၇။ | မြတ်ဗုဒ္ဓသော်မှရှောင်လွှဲ မရခဲ့သည့်ဝဋ်တော်(၁၂)ပါး | ဝဋ်တော်(၁၂)ပါး | ဝဋ်တော်(၁၂)ပါးကို သိရှိစေရန် | ၂ချိန် | |
| ၄၈။ | ဝိပါက်တော်(၁၂)ပါးလင်္ကာ | ဝိပါက်တော်(၁၂)ပါး | မှတ်မိလွယ်စေရန် | ၁ချိန် | |
| ၄၉။ | မေတ္တာသုတ်တော်လာ မေတ္တာပွားနည်း(၁၁)နည်း | မေတ္တာပွားနည်း(၁၁)နည်း | မေတ္တာပွားနည်း(၁၁) နည်းကိုသိရှိစေရန် | ၁ချိန် | မေတ္တာပွားနည်းကို ရွတ်ဆိုပူဇော်တတ် အောင်သင်ကြားရန် |
| ၅၀။ | အရပ်(၁၀)မျက်နှာမေတ္တာ ပွားနည်း | အရပ်(၁၀)မျက်နှာမေတ္တာ ပွားနည်း | အရပ်(၁၀)မျက်နှာ မေတ္တာပွားနည်းကိုသိရှိစေရန် | | |
| ၅၁။ | မေတ္တာအကျိုး(၁၁)မျိုး ဆောင်ပုဒ် | မေတ္တာအကျိုး(၁၁)မျိုး ဆောင်ပုဒ် | မေတ္တာအကျိုး(၁၁)မျိုး ဆောင်ပုဒ်ကိုသိရန် | ၁ချိန် | |
| ၅၂။ | ဗုဒ္ဓအပေါ်သံဃာ၏ဆန္ဒနှင့် သံဃာအပေါ်ဗုဒ္ဓ၏ ဆန္ဒတော် | ဗုဒ္ဓအပေါ်သံဃာ၏ဆန္ဒနှင့် သံဃာအပေါ်ဗုဒ္ဓ၏ဆန္ဒတော် | သံဃာ၏ဆန္ဒနှင့်ဗုဒ္ဓ၏ ဆန္ဒတော်ကိုသိစေရန် | ၄ချိန် | |



www.burmeseclassic.com

www.burmeseclassic.com



| စဉ် | သင်ခန်းစာ ခေါင်းစဉ် | သင်ကြားရမည့် အချက်အလက်များ | ရည်ရွယ်ချက် | သင်ကြား ချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၅၃။ | သင်္ဂါယနာတင်သမိုင်း (အကျဉ်း)<br>-သာသနာတည်းခြင်းနှင့် ကွယ်ခြင်း<br>-စုပေါင်းရွတ်ဆိုအတည်ပြု<br>-ပထမသင်္ဂါယနာ<br>-ဒုတိယသင်္ဂါယနာ<br>-တတိယသင်္ဂါယနာ<br>သိရိဓမ္မာသောကမင်းကြီး လက်ထက် ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ခြင်း | သင်္ဂါယနာတင်သမိုင်း<br>သာသနာတည်းခြင်းနှင့် ကွယ်ခြင်း<br>စုပေါင်းရွတ်ဆိုအတည်ပြုပုံ<br>ပထမသင်္ဂါယနာတင်ပုံ<br>ဒုတိယသင်္ဂါယနာတင်ပုံ<br>တတိယသင်္ဂါယနာတင်ပုံ<br>ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ခြင်း | သင်္ဂါယနာတင်ခြင်း (၆)ကြိမ်ကိုသိရှိစေရန်<br>ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ပုံတို့ကိုသိရှိစေရန် | ၄ချိန် | သာသနာတော်သမိုင်းတွင် သာသနာတော်ကိုစောက်ရှောက်ခဲ့ပုံကို ပေါ်လွင်အောင် ဆွေးနွေးမေးမြန်းကြပုံကိုသင်ကြားရန် |
| ၅၄။ | မြန်မာနိုင်ငံ သံဃာ့ဂိုဏ်း | သံဃာ့ဂိုဏ်(၉)ဂိုဏ်းအမည်များ | ဂိုဏ်း(၉)ဂိုဏ်းကိုသိရှိရန် | ၁ချိန် | |
| ၅၅။ | သာသနာ့အလံတော် | မြတ်စွာဘုရား၏ရောင်ခြည်တော်ခြောက်သွယ်နှင့် သာသနာ့အလံတော်အကြောင်း | သာသနာ့အလံတော် အကြောင်းသိစေရန် | | ကြည်ညိုဖွယ်ဖြစ်အောင်ပုံပေါ်လာအောင်သင်ရန် |
| ၅၆။ | အပါယမုခ(စည်းစိမ်)ပျက်ကြောင်းတရား(၆)ပါး | (၁) သေရည်သောက်ခြင်း အပြစ်(၆)ပါး<br>(၂) ညအချိန်အခါမဲ့ သွားလာခြင်းအပြစ်(၆)ပါး<br>(၃) ပွဲလမ်းသဘင်ကြည့်ရှုခြင်း အပြစ်(၆)ပါး<br>(၄) လောင်းကစားခြင်း အပြစ်(၆)ပါး<br>(၅) မိတ်ဆွေယုတ် အပြစ်(၆)ပါး<br>(၆) ပြင်းရိခြင်းအပြစ်(၆)ပါး | စည်းစိမ်ပျက်ကြောင်းတရားကို သိရှိရန်နှင့် ရှောင်ကြဉ်ကြစေရန် | ၃ချိန် | စည်းစိမ်ပျက်ကြောင်း သိရှိပြီးရှောင်ကြဉ်နိုင်ကြရန်နှင့်ကလေးများ ဝန်းကျင်မြင်ကြား၊ သိကြားများမေးမြန်း၍ အတုမယူသင့်ကြောင်း ကိုယ်တိုင်ပါဝင် ဆွေးနွေးကြရန် |
| ၅၇။ | သူတော်ဦးနု၏စကားပုံ ဆုံးမစာများ | ဆုံးမစာ(၁၀)ချက် | ဆုံးမစာများသိရှိကြစေရန် လိုက်နာရန်နှင့် ရှောင်ကြဉ်ရန် | ၂ချိန် | ကျက်မှတ် လိုက်နာစေရန် |



www.burmeseclassic.com

www.burmeseclassic.com

## အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာ (အပိုင်း-၂)

| စဉ် | သင်ခန်းစာခေါင်းစဉ် | သင်ကြားရမည့်အချက်အလက်များ | ရည်ရွယ်ချက် | သင်ကြားချိန် | မှတ်ချက် |
|---|---|---|---|---|---|
| ၅၈။ | လောကနီတိ | လောကနီတိ( )ပိုဒ် | လောကနီတိကိုသိရှိကြရန် | ၇ချိန် | ကျက်မှတ်လိုက်နာစေရန် |
| ၅၉။ | ခင်ပွန်းကြီး(၁၀)ပါးနှင့်ပြစ်မှားသူတို့အပြစ် | ခင်ပွန်းကြီး(၁၀)ပါးပြစ်မှားသူတို့အပြစ် | မပြစ်မှားအပ်သူကိုမပြစ်မှားကြရန်နှင့်ပြစ်မှားလျှင်အပြစ်ရှိပုံကိုသိရှိစေရန် | | |
| ၆၀။ | မဂ္ဂင်ရှစ်ပါးတရားတော် | မဂ္ဂင်ရှစ်ပါး | မဂ္ဂင်ရှစ်ပါးသိရန် | ၁ချိန် | |
| ၆၁။ | ဖွားဖက်တော်(၇)ပါး | ဖွားဖက်တော်(၇)ပါး | မြတ်စွာဘုရား၏ဖွားဖက်တော်များကိုသိရှိစေရန် | | |
| ၆၂။ | ဣသာမစ္ဆရိယ | မနာလိုဝန်တိုအပြစ်ပို | | | |
| ၆၃။ | ကံ ကံ၏အကျိုးပေးများ | ကံ၏အဓိပ္ပါယ်<br>-ကမ္မဿကတာဉာဏ်<br>-ကုသိုလ်ကံ<br>-အကုသိုလ်ကံ | ကံ၏အဓိပ္ပါယ်<br>ကမ္မဿကတဉာဏ်<br>ကုသိုလ်ကံ၊ အကုသိုလ်ကံများကို သိရှိစေရန် | ၁ချိန် | မကောင်းမှုကံများမဖြစ်အောင်ကောင်းမှုကံများတိုးပွားအောင်ပြု ပြောကြံစည်ကြရန် |
| ၆၄။ | သတ္တဝါအများကျင်လည်ရာ(၃၁)ဘုံပြဇယား | (၃၁)ဘုံဇယားရှင်းလင်းချက် | (၃၁)ဘုံတွင်ကျင်လည်ရောက်ရှိပုံကို သိရှိရန် | ၁ချိန် | မိမိပြုရာကံကိုလိုက်၍ဆိုင်ရာဘုံသို့ရောက်ကြပုံရှင်းပြရန် |





www.burmeseclassic.com

www.burmeseclassic.com

| လူငယ်များအတွက် ရန်ကင်းတောရဆရာတော် ရေးသားခဲ့သည့် စာအုပ်များမှာ | | |
|---|---|---|
| စဉ် | အမည် | အကြိမ် |
| ၁။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ– အခြေခံအဆင့် (ပထမပိုင်း) | ဆဋ္ဌမအကြိမ် |
| ၂။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ–အခြေခံအဆင့် (ဒုတိယပိုင်း) | စတုတ္ထအကြိမ် |
| ၃။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ–အခြေခံအဆင့် (တတိယပိုင်း) | စတုတ္ထအကြိမ် |
| ၄။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ–အားထုတ်သူအဆင့် (ပထမပိုင်း) | တတိယအကြိမ် |
| ၅။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ–အားထုတ်သူအဆင့် (ဒုတိယပိုင်း) | ဒုတိယအကြိမ် |
| ၆။ | ဝိပဿနာသင်ပုန်းကြီးဖတ်စာ–အားထုတ်သူအဆင့် (တတိယပိုင်း) | ဒုတိယအကြိမ် |
| ၇။ | Vipassana Primary Text Book (Elementary Level) Part-1 | ပထမအကြိမ် |
| ၈။ | ဝိပဿနာ လူငယ်စကားဝိုင်း (အပိုင်း–၁) | တတိယအကြိမ် |
| ၉။ | ဝိပဿနာ လူငယ်စကားဝိုင်း (အပိုင်း–၂) | ဒုတိယအကြိမ် |
| ၁၀။ | ဖွံ့ဖြိုးတိုးတက်နေသည့်လူ့ဘောင်အတွက်ဝိပဿနာတရားနှင့် နေ့စဉ်ဘဝ | တတိယအကြိမ် |
| ၁၁။ | ဆဋ္ဌမအာရုံ(Intuitive Power)ကို ဝိပဿနာဖြင့်ချဉ်းကပ်လေ့လာခြင်း | ပထမအကြိမ် |
| ၁၂။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း–၁ | ပန္နရသမအကြိမ် |
| ၁၃။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာအဖွင့်) | ဒုတိယအကြိမ် |
| ၁၄။ | ဓမ္မကျောင်းတော် (အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ)အပိုင်း–၂ | ပထမအကြိမ် |
| ဆရာတော်၏ အခြားစာအုပ်များမှာ | | |
| ၁၅။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (ပထမပိုင်း) | ပဥ္စမအကြိမ် |
| ၁၆။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (ဒုတိယပိုင်း) | ပဥ္စမအကြိမ် |
| ၁၇။ | ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ (တတိယပိုင်း) | စတုတ္ထအကြိမ် |
| ၁၈။ | ဥရောပယောဂီ၏ ဘဝနိဂုံး (အပိုင်း–၁) | ဒုတိယအကြိမ် |
| ၁၉။ | လူတို့နှင့်သက်ဆိုင်သော "ရဟန်းဝိနည်းများ" (အပိုင်း–၁) | စတုတ္ထအကြိမ် |
| ၂၀။ | လူတို့နှင့်သက်ဆိုင်သော "ရဟန်းဝိနည်းများ" (အပိုင်း–၂) | ဒုတိယအကြိမ် |
| ၂၁။ | "ပဋ္ဌာနန္တရိယ" ကံနှင့် "ပါဏာတိပါတ"ကံတို့အကြောင်း | တတိယအကြိမ် |
| ၂၂။ | ဤခရီးနီးလာပါသည် | တတိယအကြိမ် |
| ၂၃။ | "အခွန်လွတ်သာသနာ့မြေဂရန်နှင့် ဝိသုံဂါမဗဒ္ဓသိမ်မြေဂရန်" မင်းအစိုးရထံလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ | ဒုတိယအကြိမ် |
| ၂၄။ | ကောင်းကင်ကြယ် နက္ခတ်ကြည့်နည်းပညာနှင့် အရုဏ်တက်ချိန် | သတ္တမအကြိမ် |
| ၂၅။ | မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း–၁) | ပထမအကြိမ် |
| ၂၆။ | မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း–၂) | ပထမအကြိမ် |

www.burmeseclassic.com

www.burmeseclassic.com




(ပန္နရသမအကြိမ်)

# ဓမ္မကျောင်းတော် (အပိုင်း-၁)

ယနေ့ လူငယ်မောင်မယ်များသည် တားဆီးမရနိုင်လောက်အောင် အရှိန်အဟုန် ပြင်းထန်သော လှိုင်းလုံးကြီးသဖွယ် စီးဆင်းနေသည့် Globa-lization ယဉ်ကျေးမှု ရေစီးကြောင်းကြီးထဲ မျောပါမှန်းမသိ မျောပါနေကြပါသည်။

ထို့ကြောင့် လူငယ်လူရွယ်တို့၏ ရင်ထဲဝယ် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ပညာရပ်၏ လွှမ်းခြုံစိုးစွတ်မှု အင်အား သိသိသာသာကြီး နည်းပါးလာနေပါသဖြင့် အမိမြန်မာနိုင်ငံတော်၏ အနာဂတ်ကို ပိုင်ဆိုင်ထားကြသည့် လူငယ်များ ကိုယ်ကျင့်တရား ကောင်းမွန်ကာ ယဉ်ကျေးလိမ္မာပြီး နိုင်ငံ့သားကောင်းသမီးများ ဖြစ်လာကြစေရန် ဤစာအုပ်က ရည်ရွယ်ပါသည်။




(ဒုတိယအကြိမ်)

# ဓမ္မကျောင်းတော်

## ယဉ်ကျေးမှု သင်ခန်းစာအဖွင့်


တိုင်းပြည်၏ အနာဂတ်ကို ပိုင်ဆိုင်ထားကြသည့် လူငယ်မောင်မယ်များအား အိမ်၌ယဉ်ကျေးခြင်း၊ ကျောင်း၌ယဉ်ကျေးခြင်း၊ လမ်း၌ယဉ်ကျေးခြင်း၊ ကစားစဉ်ယဉ်ကျေးခြင်း၊ ခရီးသွားစဉ်ယဉ်ကျေးခြင်းနှင့် အထွေထွေယဉ်ကျေးခြင်းဆိုင်ရာ သင်ခန်းစာပါ အကြောင်းအရာ စုစုပေါင်း(၁၀၀)ကို စနစ်တကျ သင်တန်းတက်ထားသည့် ဆရာ ဆရာမများက နာရီ(၁၀၀)သင်ကြားပေးပါက သာမန် ဉာဏ်ရည်အဆင့်ရှိ လူငယ်များကပင် စေန်မုချ သိသိသာသာ ယဉ်ကျေးလိမ္မာလာသည်ကို ယနေ့မြန်မာနိုင်ငံ အနှံ့အပြား၌ ဖွင့်လှစ်ထားသည့် ဓမ္မကျောင်းတော်များ၌ လက်တွေ့သုတေသနအနေဖြင့် တွေ့မြင်နေရပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ်လှုပ်ရှားနေရတဲ့ Busy Life ထဲမှာ
ဝိပဿနာတရားနှင့် ငြိမ်းချမ်းစွာ နေလိုသူတိုင်း ဖတ်ရှုလေ့လာသင့်တဲ့ ...

# ပွံ့ဖြိုးတိုးတက်နေသည့် လူ့ဘောင်အတွက် ဝိပဿနာတရားနှင့် နေ့စဉ်ဘဝ



(တတိယအကြိမ်)

**Daily Life Vipassana**

ရေးသားပြုစုသူ

## အရှင်ခေမာနန္ဒ

ရန်ကင်းတောရ၊ သပြေပင်

ယနေ့ခေတ်လူ့ဘောင်အတွက်
Daily Life ထဲမှာ ဝိပဿနာကို
ဘယ်လို Apply လုပ်ရမယ်ဆိုတာ
ဒီစာအုပ်မှာ အတိုဆုံးနည်းနဲ့
ဖော်ပြထားတယ်။

# ဝိပဿနာသင်ပုန်းကြီးပတ်စာ (ပ-ဒု-တ)



သဋ္ဌမအကြိမ် စတုတ္ထအကြိမ် စတုတ္ထအကြိမ်

အမှန်ဆိုပါရစေ၊ ကျွန်တော်တို့၏ ရင်သွေး ဖြစ်သော သားငယ် မြေးပတို့သည် ကာတွန်းစာ၊ ရုပ်ပြစာ၊ ယဉ်ကျေးမှုစာ၊ ငါးရာ ငါးဆယ်စာ ပုံပြင်စာ စသည်တို့ဖြင့် စိတ်အဆာ ဖြေလာ ခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှိနေပေပြီ။

ယခုသော် အရှင်ခေမာနန္ဒ (ပြာပွင့်)က သတိပဋ္ဌာန် ကျင့်စဉ်ကို ကလေးလောက ထဲသို့ ရဲရဲဝံ့ဝံ့ကြီး တိုးဖောက် ဝင်ရောက်လာသည်၊ အရှင်မြတ်က သူ့ရည်ရွယ်ချက် အောင်မြင် ထမြောက်အောင် ကလေးကြိုက် ရုပ်ပုံကလေးများဖြင့် တီထွင်ထားပုံကလည်း ဤစာအုပ်၏ အားသာချက် တစ်ရပ်ဖြစ်ပေသည်။

ဤစာအုပ်သည် ကလေးတို့အတွက်ဆိုရသော်လည်း သတိပဋ္ဌာန်နှင့် စိမ်းနေသော မိဘတွေ အတွက်လည်း အသုံးဝင်ပေသည်။

အရှင်မြတ်က သတိပဋ္ဌာန်အကျင့်ကို စကားအများကြီး မပြော၊ စကားနည်းနည်း နှင့် အချိန် တိုတိုအတွင်း ဘယ်အချိန်မဆို ကျင့်တတ်အောင် လူကြီးလူငယ်အားလုံးကို သတိပဋ္ဌာန် လမ်းမပေါ် သို့ ညင်ညင်သာသာ ဆွဲတွန်းပို့ထားခြင်း ဖြစ်သည်။


သို့ဖြင့် ရဟန်း ရှင် လူ မည်သူမဆို လက်ဝယ်ထားရှိသင့်သော စာအုပ်ကောင်း တစ်အုပ်ဟူ၍ ဆိုလိုက် ချင်ပါသည်။

ဦးထွန်းလွင် (ဓမ္မာစရိယ၊ ဘီအေ) အယ်ဒီတာချုပ်
ရတနာမွန်မဂ္ဂဇင်း၊ ရတနာ့တံခွန်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်ကို မည်သူမဆို ဓမ္မဒါနအဖြစ် ကူးယူလှူဒါန်းနိုင်ပါသည်။



အိုးမဖုတ်ခင်၊
အိုးလုပ်စဉ်ဝယ်
အိုးတွင် နှိပ်ခတ်၊
တံဆိပ်မှတ်ကား
မပြတ်မစဲ၊ အိုးပင်ကွဲလည်း
အမြဲတစေ၊ တည်ရှိနေသို့
ထွေထွေသွေးသား၊ ကလေးများ၌
ဘုရားတံဆိပ်၊ ဘာသာစိတ်ကို
ခတ်နှိပ်နိုင်မှ၊ သက်ဆုံးကျအောင်
ဗုဒ္ဓဝါဒီ၊ စွဲ၍တည်မည်
ကိုယ်စီ ခတ်နှိပ်စေသတည်း။

အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

**ဓမ္မဒါနအလှူရှင်**

ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်လိုပါက –
ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း
အမှတ် (၉၀)၊ အဆောင် (၄)၊ ပထမထပ်၊ သိမ်ကြီးဈေး (စီ)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။
Ph: 382935, 371800 (Ext: 364), 09-5079674

www.burmeseclassic.com